Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၆၅) ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ (၁) ရက် | မြန်မာသက္ကရာဇ် (၁၃၆၇) | ( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်။

# အကြမ်းမဖက်တိုက်ပွဲဝင်မှုများ အဲန်အယ်လ်ဒီအဖွဲ့ဝင်များက လုပ်ဆောင်နေဆဲ၊

## ဒေါ်စုအပါအဝင် နိုင်ငံရေးအကျဉ်းသားလွှတ်မြောက်ရေးဆုတောင်းပွဲများ လစဉ်ကျင်းပ



ဒီပဲယင်းအရေးအခင်းပြီးဆုံးသည့် နောက်ပိုင်းတွင် နိုင်ငံရေးပါတီများ၏ အနိမ့်ဆုံးလုပ်ဆောင်မှုကိုပင် တားမြစ်ပိတ်ပင်နေသည့်ကြားမှ အဲန်အယ်လ်ဒီအဖွဲ့ဝင်များသည် အကြမ်းမဖက်ပဲ အဏာရှင်စနစ်ကို တိုက်ပွဲဝင်သည့်နည်းနာများ အနက် အသိမ်မွေ့ဆုံးနည်းနာဖြစ်သည့် ဝတ်ပြုဆုတောင်းပွဲများကို ရွှေတိဂုံရင်ပြင်ရှိ အဂ်ီထောင့်တွင် လစဉ်မပျက် ဆက်လက်ကျင်းပနေဆဲဖြစ်သည်ဟု အဲန်အယ်လ်ဒီနှင့် နီးစပ်သောသတင်းရပ်ကွက်များအဆိုအရ သိရှိရသည်။

"ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးဝင်းတင်နှင့် အဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားများ လွှတ်မြောက်ရေး"ကို ရည်စူး၍ ဩဂုတ်လ (၂၃) ရက်၊ အင်္ဂါနေ့ နေ့လည် (၁) နာရီခွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များဖြစ်သည့် သဃ်ာန်းကျွန်း၊ စမ်းချောင်း၊ မြောက်ဥက္ကလာ၊ ဒဂုံမြို့သစ် စသည်တို့မှ အလှည့်ကျအမျိုးသမီးနှင့် လူငယ်အဖွဲ့ဝင်များသည် ရွှေတိဂုံရင်ပြင်တော် အင်္ဂါထောင့်တွင် စုရုံးကြပြီး၊ ငါးပါးသီလခံယူလျက် မေတ္တာသုတ်နှင့် မောရသုတ်များ ရွတ်ဆိုဆုတောင်း ကြသည်။ ယင်းဆုတောင်းပွဲ၌ပါဝင်သူ အမည်မဖော်လိုသည့် အဲန်အယ်လ်ဒီလူငယ်တဦးက "ကျနော်တို့က အန်တီစုနဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက်ရေးအတွက် ဆုတောင်းတာပါ။ လက်တွေ့မှာတော့ ကျနော်တို့အဲန်အယ်လ်ဒီဟာ စစ်အစိုးရက ဘယ်လောက်ဖိနှိပ်ထား ဖိနှိပ်ထား အရှိန်မသေသွားဘူး။ တတ်နိုင်သ၍ လှုပ်ရှားရုန်းကန်နေတယ်ဆိုတာ လူထုကို ဒီလိုနည်းနဲ့ အသိပေးတာလည်းဖြစ်ပါတယ်"ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ အဲန်အယ်လ်ဒီဟာ အကြမ်းမဖက်တဲ့ တိုက်ပွဲနည်းနာကို ယုံကြည်တဲ့ပါတီပါ။ ဒါကြောင့် အခုလည်း အစိုးရကို တရားဥပဒေအတွင်းကပဲ မကျေနပ်ကြောင်း ဆန္ဒထုတ်ဖော်တာဖြစ်တယ်ဟု သူက ထပ်မံပြောပြခဲ့သည်။

ပြီးခဲ့သည့် ဇူလိုင်လ (၉) ရက်နေ့က နိုင်ငံရေးအကျဉ်းသား (၃၀၀) ကျော်ကို အကျဉ်းထောင်အသီးသီးမှ ပြန်လည်လွှတ်လိုက်သော်လည်း နိုင်ငံရေးအကျဉ်းသား (၁၀၀၀) ကျော် ဆက်လက်အထိမ်းသိမ်းခံနေရဆဲဖြစ်သည်ဟု နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူတဦးက ပြောကြားသည်။

၁၉၉၁ မှ ယနေ့တိုင် မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ချမှတ်သော ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်များတွင်၊ နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန် နအဖအားအစဉ်တစိုက်တောင်းဆိုခဲ့ကြောင်း၊ မြန်မာနိုင်ငံရေးလေ့လာသူ သုတေသီတဦးက မိုးကြိုးသို့ ထုတ်ဖော်ပြောကြားသည်။ ပြီးခဲ့သည့်လကကျင်းပခဲ့သည့် ဗီယင်ကျန်း အာဆီယံညီလာခံနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ် မစ္စတာမက်ကောမက်ဇ်မှ ထုတ်ပြန်သောကြေညာချက်၌ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးအား ခြွင်းချက်မရှိလွှတ်ပေးရန် တောင်းဆိုထားခဲ့သည်။❖

# မြန်မာပြည်အရေး လုံခြုံရေးကောင်စီသို့တင်ရန် အချိန်ရောက်ပြီဟု အမျိုးသားညွန့်ပေါင်းအစိုးရတိုက်တွန်း

နအဖစစ်အစိုးရသည် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကိုဖျက်သိမ်းပြီး အပြီးတိုင်ချေမှုန်းသုတ်သင်ရေးလမ်းကြောင်းကို ဦးတည်နေသည့်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အမြန်ဆုံးကြားဝင်ပေးရန်လိုအပ်နေကြောင်း အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) အပါအဝင် ဒီမိုကရေစီအင်အားစုများနှင့် (Altasean) ခေါ် စင်ပြိုင်အာဆီယံအဖွဲ့အပါအဝင် အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGOs) များက တိုက်တွန်းလိုက်သည်။

NCGUB၏ ရှစ်လေးလုံး (၁၇) နှစ်ပြည့် အခန်းအနားကြေညာချက်တွင် နအဖစစ်အုပ်စုသည် နိုင်ငံရေးလှုပ်ရှားသူများအား ဖမ်းဆီးထောင်ချမှုပိုများလာခြင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လှုပ်ရှားမှုများအပေါ် ကန့်သတ်မှုပိုမိုများပြားလာခြင်း၊ ရှမ်းခေါင်းဆောင်များအားဖမ်းဆီးပြီးနောက် ပြည်တွင်းစစ် ပြန်လည်ဖြစ်ပေါ်လာတော့မည့် အရိပ်လက္ခဏာများတွေ့လာရခြင်း၊ တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်ရေးအတွက် ပြည်တွင်းမှ ကြိုးပမ်းမှုနှင့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် ရာဇာလီ၏ကြိုးပမ်းမှုမအောင်မြင်အောင် နအဖမှ တမင်ဖန်တီးနေခြင်းစသည်တို့ကြောင့် မြန်မာပြည်အရေးသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးရမည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဖော်ပြထားသည်။ ကုသမဂ္ဂလုံခြုံရေးကောင်စီအား မြန်မာ့အရေးအား ကိုင်တွယ်ဖြေရှင်းပေးရန် လက်မှတ်ရေးထိုးတောင်းဆိုမှု (Signature Campaign) တခုလုပ်ရန်ကိုလည်း တိုက်တွန်းထားသည်။ စင်ပြိုင်အာဆီယံအဖွဲ့ ပြောခွင့်ရ မစ္စ ဒက်ဘီစတုတ်ဟတ်က လက်ရှိအခြေအနေတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအရေးအား သေချာစွာလေ့လာ၍ မည်ကဲ့သို့လုပ်ဆောင်ရမည်ကို စဉ်းစားရန်အချိန်ရောက်ပြီဟု RFA နှင့် တွေ့ဆုံခန်းတွင် ပြောဆိုခဲ့သည်။❖

# ညွန့်ပေါင်းအစိုးရနှင့် အတိုက်အခံများအား (၁၀) နှစ်ကျော်ကြာမှ မတရားသင်းကြေညာ

နအဖစစ်အုပ်စုက ပြည်ပအခြေစိုက်အတိုက်အခံအဖွဲ့အစည်း (၄) ခုအား မတရားအသင်းများအဖြစ် (၂၈) ရက်နေ့ကထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ အမေရိကန်အခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရ (NCGUB)၊ မြန်မာပြည် အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (FTUB)၊ ရှမ်းပြည်တပ်မတော်တောင်ပိုင်း (SSA-S)၊ တို့အား နိုင်ငံတော်တည်ငြိမ်ရေးနှင့် ပြည်သူတို့အေးချမ်းသာယာရေးကို အနှောက်အယှက်ပြုနေသည်ဟူသော စွပ်စွဲချက်ဖြင့် နအဖပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမိန့်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ မတရားအသင်း အက်ဥပဒေအရ မတရားအသင်းနှင့် ဆက်သွယ်သူများအား ထောင်ဒဏ် (၂) နှစ်မှ (၃) နှစ် မတရားအသင်းဝင်သူများအား ထောင်ဒဏ် (၃) နှစ်မှ (၅) နှစ် အထိချမှတ်နိုင်သည်။

(၂) နာရီကျော်ကြာ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် မေလ ရန်ကုန်ဗုံးပေါက်ကွဲမှုတွင် နယ်စပ်ရှိ အတိုက်အခံအဖွဲ့အစည်းများ ပါဝင်ပတ်သက်ခဲ့ကြောင်း ဒီမိုကရေစီနှင့်ဖွံ့ဖြိုး တိုးတက်ရေးအင်အားစု (NDD) က မေလဗုံးခွဲမှုကို ငွေကြေးထောက်ပံ့ခဲ့ကြောင်း နအဖပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စွပ်စွဲခဲ့သည်။

ထိုစွပ်စွဲချက်ကို ညွန့်ပေါင်းအစိုးရ ပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာသောင်းထွန်းက အကြမ်းမဖက်ရေးမူနှင့် ဒီမိုကရေစီရရှိရေး လုပ်ဆောင်ရန် အဲန်စီဂျီယူဘီမှ တိတိကျကျပေါ်လစီချမှတ်ထားကြောင်း၊ ၁၉၉၀ ရွေးကောက်ပွဲမှ ပြည်သူလူထုရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းထားသော အဲန်စီဂျီယူဘီအား စစ်အုပ်စုမှ မတရားအသင်းကြေညာခြင်းအပေါ် တရားဥပဒေအရ မည်သူကတရားဝင်ဖြစ်၍ မည်သူကတရားမဝင်ဖြစ်သည်ကို ပြန်လည်သုံးသပ်သင့်ကြောင်း တုံ့ပြန်ပြောဆိုသည်။

စာမျက်နှာ (၃) ကော်လံ (၅) သို့...

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အစိုးရအကြမ်းဖက်ဝါဒ ကျင့်သုံးနေသည့် နအဖအား ဝိုင်းဝန်းနှိပ်ကွပ်ကြ

ဩဂုတ်လ (၂၈) ရက်နေ့တွင် နအဖစစ်အစိုးရပြည်ထဲရေး ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအပါဝင် အဖွဲ့အစည်း (၄) ရပ်အား နိုင်ငံတော်တည်ငြိမ်ရေးနှင့် ပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောက်အယှက်ပြု နေသည်ဟူသောစွပ်စွဲချက်ဖြင့် မတရားသင်းအဖြစ်ကြေငြာခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရကို (၁၉၉၀) ပြည့် ဒီဇင်ဘာ (၁၈) ရက်နေ့ကဖွဲ့စည်းခဲ့သည်ဖြစ်သဖြင့် (၁၅) နှစ်နီးပါး ကြာမြင့်ပြီဖြစ်သည်။ အခြားမတရားအသင်း ကြေငြာခံခဲ့ရသည့် ကျောင်းသားများဒီမိုကရက်တစ်တပ်ဦးသည်လည်း (၁၉၈၉) ခု နိုဝင်ဘာ (၁) ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်ဖြစ်သဖြင့် (၁၆) နှစ်နီးပါးရှိပြီဖြစ်သည်။ ယခုမှ ဘာကြောင့် မတရားသင်းဟုကြေငြာရသနည်း။ အက်စ်အက်စ်အေပြောရေးဆိုခွင့်ရှိသူ ဒေါ်နန်းခူဆန်ပြောသကဲ့သို့ပင် ကြေငြာသောနအဖကိုယ်၌ကသော တရားသင်းဖြစ်ပါ၏လော။

(၂၀၀၁) နှစ် ၉/၁၁ အရေးအခင်းနောက်ပိုင်းတွင် ကမ္ဘာ့ရေးရာများ၌ ပါရာဒိုင်းအပြောင်းအလဲရှိလာပြီဟု ပညာရှင်တို့က ဝိုင်ဝိုင်လိုပြုကြသည်။ အင်းအားကြီးနိုင်ငံအချင်းချင်း ပြိုင်ဆိုင်မှုမြင်ကွင်းမှ လူ့အဖွဲ့အစည်းနှင့် အကြမ်းဖက်ဝါဒ ပဋိပက္ခအဖြစ်ရှုမြင်ကြသည်။ ဟိုက်ပါပါဝါအမေရိကန်အပြင် အခြားအင်အားကြီး၊ အင်အားလတ်နှင့် အင်အားငယ်ပါမကျန် အကြမ်းဖက်ဝါဒဆန့်ကျင်ရေးလှုပ်ရှားမှုဒီလှိုင်းကိုစီး၍ မိမိတို့တခုချင်းစီ၏ရည်မှန်းချက် (Mission)များကိုအောင်မြင်အောင် ကြိုးပမ်းလာကြသည်။

နအဖက မအပါ။ အထူးသဖြင့်အမေရိကန်နှင့် အင်အားကြီးနိုင်ငံများအကြိုက်ကိုလိုက်ကာ အကြမ်းဖက်ဝါဒဆန့်ကျင်ရေးဒီလှိုင်းကို သူမီသလောက် လိုက်စီးလိုသည်။ တချက်ခုတ်နှစ်ချက်ပြတ်သဖြင့် သူ့မှာလည်း အကြမ်းဖက်ဝါဒကို ရင်ဆိုင်နေရကြောင်း သက်သေပြရန်အတွက် အချို့အဖွဲ့အစည်းများကို တရားခံလုပ်ရတော့မည်။ ဆန့်ကျင်ဘက်အင်အားစုများကို အကြမ်းဖက်ဝါဒီများအဖြစ် နိုင်ငံတကာကယုံကြည်လာပါက အနှစ်သာရအရနိုင်ငံတော်အကြမ်းဖက်ဝါဒကိုကျင့်သုံးနေသော နအဖအဖို့ သားရွှေအိုးထမ်းလာကိန်းကြုံမည်ဟု တွက်ဆထားသည်။ သူ၏အတွင်းသရုပ်ကို ဖုံးကွယ်ပြီးဖြစ်မည်။

သူခိုးကလူဟစ်သည့်နည်းဖြစ်သည်။

ယနေ့ကာလအဖြစ်အပျက်များက နအဖသည် အစိုးရအကြမ်းဖက်ဝါဒ (State terrorism) ကို ကျင့်သုံးနေသောအဖွဲ့အစည်းဖြစ်ကြောင်း ထင်ထင်ရှားရှားသက် သေပြနေသည်။ (၁၉၉၀) ရွေးကောက်ပွဲရလဒ်ကိုမလိုက်နာခြင်း၊ (၁/၉၀) ကြေငြာချက်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များအား အခြေခံဥပဒေရေးဆွဲခွင့်ရှိစေရမည်ဟူသော ကိုယ့်အမိန့်ကိုယ်ပင်ဖီဆန်ခြင်း၊ ထပ်ကြိမ်တလဲလဲတပ်တွင်းအာဏာလုပွဲများကြောင့် တိုင်းပြည်မတည်ငြိမ်ခြင်း၊ နိုင်ငံတော်၏ခနအင်အားကို အာဏာအလွဲသုံးစားလုပ်၍ ဖျက်စီးပစ်ခြင်း၊ မြန်မာ့သမိုင်းတွင် တခါဘူးမျှမကြုံဘူးအောင် လူတန်းစားခွဲခြားလျှက် စစ်ဗိုလ်သခင်လူတန်းစားကို မွေးထုတ်နေခြင်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့၌ ချွတ်ခြုံကျနေသော်လည်း စစ်အသုံးစရိတ်ကိုသာ တိုးမြှင့်နေခြင်း၊ တိုင်းရင်းသားအဖွဲ့များအား အမြစ်ပြတ်ခြေမှုန်းသုတ်သင်နေခြင်းစသည်အချက်များစွာတို့က မြန်မာနိုင်ငံအား ကျဆုံးသွားသည့်နိုင်ငံ (failed state) အဆင့်သို့ရောက်ရှိစေခဲ့သည်။

အိုင်အယ်အိုအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ စံချိန်စံညွှန်းများအားလေးစားလိုက်နာမှုမရှိခြင်းကြောင့် ဆက်ဆံရသူအရာရှိများသည် အလွန်အမင်းစိတ်ပျက်လျက်ရှိသည်။ ဥပမာ (Global fund) က ၎င်း၏လုပ်ငန်းများ မြန်မာပြည်မှ ရုပ်သိမ်းသွားခြင်းသည် နအဖအာဏာအလွဲသုံးစားလုပ်လျှက် အဓမ္မအနိုင်ကျင့်မှုကြောင့်ဖြစ်သည်။ ထူးခြားသောအချက်တချက်မှာ ဩဂုတ် (၂၄) ရက်နေ့က အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်မှ အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေးရယူထားသည့် အက်စ်အက်စ်အေတပ်မဟာ(၃) အားလက်ရှိနေရာယူထားရာလားရှိုး၊ မိုးမိတ်၊ ကျောက်မဲဒေသမှ အက်စ်အက်စ်အေဗဟိုဌာနချုပ်ဖြစ်သော ဆိုင်ကျော့သို့ (၁၅) ရက်အတွင်း ပြောင်းရွှေ့ရန် ရာဇသံပေးထား၏။ မပြောင်းက တိုက်ခိုက်ချေမှုန်းမည်ဟူသောအမိန့်ကို ထုတ်၏။ ဤသည်မှာ တိုင်းရင်းသားများငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်တန်းတူရေးဟူသော အခြေခံမှုကို ဆန့်ကျင်လျက်အကြမ်းဖက်ခြင်းဖြစ်သည်။

ပြည်သူတို့အား အကြောက်တရားဖြင့်ချုပ်ကိုင်ထားသော နအဖသည် ပြည်သူတို့အား သာမက နိုင်ငံတကာပြည်သူတို့အားလည်း သူတို့အကျိုးစီးပွားအတွက် လိုအပ်လာလျှင် အကြမ်းဖက်ရန် ဝန်မလေးချေ။ ကမ္ဘာ့ဘိန်းထုတ်လုပ်မှု၏ (၄၀) ရာခိုင်နှုန်းသော ထုတ်လုပ်မှုအတွက် နအဖမှာအဓိကတာဝန်ရှိသည်။ မြင်းဆေးထုတ်လုပ်မှုကို ခွင့်ပြုထားသောကြောင့် ထိုင်းနိုင်ငံရှိပြည်သူလူထုမှာ မြင်းဆေးနှံ့နှစ်နေကြရသည်။ ထို့ကြောင့် နအဖသည် နိုင်ငံတော်အကြမ်းဖက်ဝါဒကို ကျင့်သုံးနေသည့် မနှစ်မြို့ဖွယ်ရာအစိုးရတရပ်ဖြစ်သည်ဆိုသည်ကို မည်သူငြင်းမည်နည်း။ ပို၍ဆိုးဝါးလာသည့်အချက်မှာ နအဖ၏အကြမ်းဖက်မှုသည်နိုင်ငံအတွင်းသာမက ဒေသဆိုင်ရာလုံခြုံရေးပြဿနာအဖြစ် တစထက်တစကူးပြောင်းလာခြင်းဖြစ်သည်။ ထိုအန္တရာယ်တို့ကို တားဆီးကာကွယ်ရန်အတွက် နိုင်ငံတကာပြည်သူတို့နှင့်ပူးပေါင်း၍ နအဖအားဝိုင်းဝန်းနှိပ်ကွပ်ရန်မှတပါး အခြားမရှိပြီဖြစ်ပါကြောင်း။

## ဝါရှင်တန်ရှိ ခရီးရှည်ချီတက်ပွဲမိုင်ပေါင်း (၁၇၀) ကျော်ခရီးပေါက်ခဲ့ပြီ



ဝါရှင်တန်ဒီစီ ရှိ အိန္ဒိယသံရုံး

ဩဂုတ်(၂၉)၊ ၂၀၀၅

အမေရိကန်နိုင်ငံ ဝါရှင်တန်အခြေစိုက် မြန်မာ့ဒီမိုကရေစီအင်အားစုများသည် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာပြည်လွတ်မြောက်ရေးအတွက် နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်သို့ ဦးတည်ပြီး ဆက်လက် ခရီးရှည်ချီတက်နေရာ ယနေ့ဆိုလျှင် မိုင်ပေါင်း (၁၇၀) ကျော် ခရီးပေါက်ခဲ့ပြီး နယူးဂျာစီပြည်နယ်၊ ဘာလင်တန်မြို့သို့ရောက်ရှိနေပြီဖြစ်ကြောင်းသိရှိရသည်။ ထိုဒေသရှိ လူ့အခွင့်အရေးအသင်း၊ ဘာသာရေးအသင်းနှင့် အခြားငြိမ်းချမ်းရေးအသင်းများက ထိုလမ်းလျှောက်ချီတက်ပွဲကို အထူးစိတ်ဝင်စားကြပြီး ထိုခရီးစဉ်၏ ရည်ရွယ်ချက်နှင့် ယနေ့အထိ အကျယ်ချုပ်မှ မလွတ်မြောက်သေးသော ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ကျိုးစွန့် အနစ်နာခံသောအကြောင်းနှင့် ပြည်သူအပေါင်း၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုအကြောင်းများကို တိတ်ခွေများ၊ ဓာတ်ပုံများနှင့်ရှင်းပြရာ ကြားရသူများမှာ မျက်ရည်များပင်ကျကြကြောင်း အဖွဲ့ခေါင်းဆောင် ဦးဟန်လင်းက ရှင်းပြသည်။ ထိုအဖွဲ့သည် စတင်ချီတက်ချိန်မှ ယခုအထိ ရက်ပေါင်း (၄၀) ကျော် ကြာမြင့်ခဲ့ပြီဖြစ်ရာ ထိုကာလများအတွင်း အာဆီယံနိုင်ငံ သံရုံးများရှေ့နှင့် ကုလသမဂ္ဂအမြဲတမ်း လုံခြုံရေးအဖွဲ့ဝင်နိုင်ငံများဖြစ်သော ရုရှား၊ ပြင်သစ်၊ တရုတ်သံရုံးများတွင် နအဖအပေါ် ဖိအားပေးကြရန် ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုခဲ့ကြသကဲ့သို့ အိန္ဒိယနှင့် ဂျပန်သံရုံးများသို့လည်းသွားရောက်ပြီး နအဖစစ်အစိုးရနှင့် အလုပ်မလုပ်ရန်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာ့ဒီမိုကရေစီအရေးတင်သွင်းနေချိန်တွင် ဂျပန်အစိုးရအနေနှင့် ထောက်ခံရန် တောင်းဆိုခဲ့ကြသည်။ ထို့အပြင် ခရီးရှည်ချီတက်ခြင်းနှင့်အတူ နိုင်ငံရေးစည်းရုံးလှုပ်ရှားမှုများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြရာ “အမေရိကန်ပြည်သူများနှင့် သတင်းမီဒီယာများ၏ စိတ်ဝင်စားမှုနှင့် ထောက်ခံအားပေးမှုအများအပြားရရှိခဲ့သည့်အတွက် လှုပ်ရှားမှုအောင်မြင်မှုရှိကြောင်း” ကိုယ်တိုင်ပါဝင်ချီတက်နေသူ ဒေါ်ညွန့်ညွန့်က ပြောပြသည်။ ထို့အတူ အသက် (၆၇) ရှိပြီဖြစ်သော ကျောင်းသားတပ်မတော် (၂၀၈) တပ်ရင်း ရဲမေဟောင်း ဒေါ်နုနုအေးက “အမေ့တိုင်းပြည်၊ အမေ့လူမျိုးနှင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် အသက်ကိုပဓာနမထားဘဲ တိုက်ပွဲဝင်သွားမည်ဟု ဆုံးဖြတ်ထားကြောင်း”ပြောပြသည်။ ထိုလှုပ်ရှားမှုကြီးကို ယခုနှစ် ဇူလိုင်လ (၁၉) ရက်နေ့က စတင်ခဲ့ပြီး အဆင့် (၃) ဆင့်ခွဲထားရာ ပထမအဆင့်အဖြစ် ဝါရှင်တန်တွင် (၁၉) ရက်ကြာ ဆန္ဒပြခဲ့ပြီး ဒုတိယအဆင့်အဖြစ် မိုင် (၃၀၀) ခရီးရှည်ချီတက်ပွဲကို ဩဂုတ်လ (၈) ရက်နေ့မနက်ပိုင်းမှစ၍ ဝါရှင်တန်ဒီစီ မန်ဆာချူးဆက်လမ်း အိန္ဒိယသံရုံးရှေ့ရှိ မဟတ္တမဂန္ဒီရုပ်တုရှေ့မှနေ၍ စတင်ချီတက်နေပြီဖြစ်သည်။ တတိယအဆင့်အဖြစ် စက်တင်ဘာ (၇) ရက်နေ့တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်ရှေ့အရောက်ချီတက်ပြီး ထိုနေရာတွင် ခရီးရှည်ချီတက်ခြင်းကိုရပ်နားကာ ထိုအဆောက်အဦးရှေ့တွင်ပင် အစာငတ်ခံဆန္ဒပြပွဲကို စက်တင်ဘာလ (၁၈) ရက်နေ့အထိ ဆက်လက်ကျင်းပသွားမည်ဟု သိရသည်။

## မိတ္ထီလာမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခရိုင်အစည်းအဝေးကျင်းပ

ဩဂုတ်လ (၁) ရက်နေ့က မန္တလေးတိုင်း၊ မိတ္ထီလာမြို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခရိုင်အစည်းအဝေးကိုကျင်းပခဲ့သည်။ အစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဖွဲ့ချုပ်ခေါင်းဆောင်များတက်ရောက်ခဲ့ကြပြီး မန္တလေး၊ မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်အားလုံး မြို့နယ်ရုံးများဖွင့်လှစ်၍ အဖွဲ့ချုပ်၏လုပ်ငန်းများကို စနစ်တကျ အရှိန်မြှင့်ဆောင်ရွက်သွား၍ ဆုံးဖြတ်ချက်ချခဲ့သည်။

မိတ္ထီလာမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက “ဗဟိုကလုပ်မှ တိုင်းမှလုပ်မှ အဖြေတခုက ဗဟိုမှာပဲရှိတယ်ဆိုတဲ့အမြင်မျိုးက အရင်တုန်းကရှိခဲ့ကြတယ်။ အခုတော့ ဒီအမြင်တွေမရှိဘူး။ ကျမတို့ကလည်း နိုင်သလောက်လုပ်မယ်။ ကျမတို့က လက်ဖက်ရည်ဆိုင်ထိုင်ပြီးတော့ စုရုံးစကားပြောကြတာထက် ရုံးဖွင့်ကြတယ်ဆိုတော့ ရုံးမှာစုစည်းမိကြပြီးတော့ နိုင်ငံရေးအကြောင်းတွေပဲ ဆွေးနွေးဖြစ်ကြတယ်။ အဲဒီတော့ နိုင်ငံရေးသမားဆိုတာ လက်ထဲမှာသေနတ်ရှိတာ မဟုတ်ဘူး။ ပါးစပ်ပဲရှိတယ်။ ပါးစပ်နဲ့ပဲ ပြောစရာရှိတာပြောရမှာပဲ။ ဆွေးနွေးစရာရှိတာ စည်းရုံးနေရမှာပဲ”ဟု ပြောကြားသည်။

အစည်းအဝေးတွင် ဆုံးဖြတ်ချက် (၃) ရပ်ချမှတ်ခဲ့ရာ အာဇာနည်နေ့ကဲ့သို့သော နိုင်ငံတော်မှ တရားဝင်သတ်မှတ်ထားသော ပြန်တမ်းဝင်နေ့ရက်များတွင် အခမ်းအနားကျင်းပခြင်းကို တားမြစ်ခြင်းမျိုး နအဖမှ နှောင့်မပြုလုပ်ရန်၊ ဒေါ်အောင်ဆန်းစုကြည် ထိန်းသိမ်းခံနေရသည့်ကာလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်လူကြီးများအနေဖြင့် မြို့နယ်များသို့ ပါတီစည်းရုံးရေးကိစ္စများ ကွင်းဆင်းဆောင်ရွက်ရန် တိုက်တွန်းထားပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့်ပတ်သက်သည့် ကြေညာချက်ကို ထောက်ခံကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသည်။

❖



# အရပ်သားသတ္တိရှင်များအတွက် ပေးအပ်သောဆု မင်းကိုနိုင်ရရှိ

အမေရိကန်ပြည်ထောင်စု နယူးယောက်အခြေစိုက် (Northcote Parkinson Fund) အဖွဲ့တခုက သတ္တိပြောင်မြောက်သည့် အရပ်သားများကို ချီးမြှင့်သည့် (Civil Courage prize) ဆုအတွက် မြန်မာ့ဒီမိုကရေစီတိုက်ပွဲ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ကို ၂၀၀၅ ခုနှစ်အတွက် ဆုရှင်တဦးအဖြစ် ရွေးချယ်လိုက်သည်။ မင်းကိုနိုင်သည် ၈၈ လူထုအုံကြွမှုဆန္ဒပြပွဲတွင် အထင်ရှားဆုံးကျောင်းသားခေါင်းဆောင်တဦးဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားတဦးအဖြစ် (၁၅) နှစ်ကြာ အကျဉ်းကျခံခဲ့ရပြီး ၂၀၀၄ နိုဝင်ဘာမှာ ပြန်လည်လွတ်မြောက်လာခြင်းဖြစ်သည်။ (Civil Courage prize) ဆုမှာ စစ်ရေးစွမ်းရည်မျိုးမဟုတ်ဘဲ အန္တရာယ်အလွန်ကြီးမားတဲ့အနေအထားကို တလျှောက်လုံး ကြံ့ကြံ့ခံနိုင်တဲ့ အရပ်သားအစွမ်းသတ္တိရှင်များကို ဂုဏ်ပြုသည့်အနေနှင့် ချီးမြှင့်သည့်ဆုဖြစ်သည်။ သက်ရှိထင်ရှားအရပ်သား သတ္တိရှင်များသာမက သတ္တိရှိရှိနှင့်အန္တရာယ်များစွာကို တောင့်ခံရင်း ကွယ်လွန်သွားသည့် အရပ်သားသတ္တိရှင်များကိုပါ ယခုဆုကို ချီးမြှင့်ခဲ့သည်။ ယခုနှစ်အတွက် မင်းကိုနိုင်နှင့်အတူ ရုရှားသတင်းစာဆရာမ ဗီးစ်အင်နာပေါ်ကိုယားနှင့် အင်ဒိုနီးရှားမှာ လူ့အခွင့်အရေးတိုက်ပွဲဝင်ခေါင်းဆောင် ကွယ်လွန်သူမူဆာ ဆရစ်ဒါလစ်တို့ဆွတ်ခူးရရှိပြီး ဆုကြေး ဒေါ်လာငါးသောင်းချီးမြှင့်မည် ဖြစ်သည်။ အင်ဒိုနီးရှားမှပုဂ္ဂိုလ်မှာ ကွယ်လွန်သွားပြီဖြစ်သည့်အတွက် သက်ရှိထင်ရှားရှိနေသူနှစ်ဦးမှဆုကို ခွဲဝေယူရမည်ဖြစ်ပြီး တဦးလျှင် ဒေါ်လာ (၂) သောင်းခွဲစီရရှိမည်ဖြစ် သည်။ ဆုငွေကို နိုင်ငံအကျိုး၊ ကမ္ဘာကြီးအကျိုးအတွက်ဆောင်ရွက်နေသော လူ့အခွင့်အရေးအဖွဲ့များသို့ လှဲပြောင်းပေးရန် မင်းကိုနိုင်မှ အကြောင်းကြားထားကြောင်း ထိုအဖွဲ့မှ ပြောသည်။

ဗကသများအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ၊ ဝါရှင်တန်အခြေစိုက် (US campaign) အဖွဲ့မှ ကိုအောင်ဒင်က "အင်မတန်မှဝမ်းသာစရာကောင်းပါတယ်။ ဘာလို့လဲဆိုတော့ မင်းကိုနိုင်က ကျောင်းသားခေါင်းဆောင်တယောက်အနေနဲ့ ရှစ်လေးလုံးလူထုအရေးတော်ပုံကြီးကို ဦးဆောင်လှုပ်ရှားနိုင်ခဲ့တဲ့ပုဂ္ဂိုလ်တယောက်ဖြစ်တယ်။ ဒါကြောင့်လည်း နအဖစစ်အုပ်စုက သူ့ကို အကျဉ်းထောင်ထဲမှာ (၁၅) နှစ်ကျော် (၁၆) နှစ်နီးပါး ထောင်သွင်းအကျဉ်းချပြီးတော့ ညှင်းပမ်းနှိပ်စက်ထားခဲ့တယ်။ (၁၆) နှစ်လောက် ထောင်ထဲမှာနေခဲ့ရပြီးတဲ့နောက် ပြန်လည်လွတ်မြောက်လာတဲ့အချိန်မှာတောင်မှ ပြန်လည်ဖမ်းဆီးခံရမယ့်အရေးကိုလုံးဝမစဉ်းစားဘဲ ပြည်သူပြည်သားတွေရဲ့သောကကို ရင်ဝယ်ပိုက်ပြီးတော့ သူယုံကြည်တဲ့ ဒီမိုကရေစီလှုပ်ရှားမှု၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလှုပ်ရှားမှုတွေကို စိုက်လိုက်မတ်တပ် လုပ်ဆောင်နေတာတွေ့ရတယ်လေ။ သူ့ရဲ့ဆောင်ရွက်ချက်တွေဟာ အင်မတန်မှ ဂုဏ်ယူစရာ၊ အားတက်စရာကောင်းပါတယ်။ အဲဒီလိုပြည်တွင်းမှာ ရဲရဲဝံ့ဝံ့နဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းအတွက်



အရပ်သားသတ္တိရှင်များဆုပေးအပ်ခံရသော ကိုမင်းကိုနိုင်

လှုပ်ရှားဆောင်ရွက်နေတဲ့ ကျနော်တို့ရဲ့မိတ်ဆွေ၊ ကျနော်တို့ရဲ့ခေါင်းဆောင်ကို အခုလိုမျိုး နိုင်ငံတကာအသိုင်းအဝိုင်းကနေပြီးတော့ ဂုဏ်ပြုချီးမြှင့်တာဖြင့် ကျနော်တို့ မြန်မာ့ဒီမိုကရေစီလှုပ်ရှားသူများ အားလုံးအတွက် အင်မတန်မှ ဂုဏ်ယူစရာ၊ ဝမ်းမြောက်စရာ၊ တက်ကြွစရာဖြစ်ပါတယ်"ဟု ဒီဗွီဘီနှင့် တွေ့ဆုံခန်းတွင် ပြောကြားသွားခဲ့သည်။

ကမ္ဘာတဝှမ်းမှ စီးပွားရေးအမြတ်အစွန်းမရှိသည့် အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏ အမည်စာရင်းတင်သွင်းမှုအပေါ်အခြေခံပြီး ဆုရွေးချယ်ရေးအဖွဲ့က သတ္တိရှင်များကို ရွေးချယ်ခြင်းဖြစ်သည်။ ၂၀၀၅ အတွက် ဆုချီးမြှင့်ပွဲကို အောက်တိုဘာလ (၁၁) ရက်တွင် နယူးယောက်တွင် ကျင်းပမည်ဖြစ်သည်။ ❖

# ဗိုလ်ချုပ်အောင်ဆန်းအား အလေးပြုမှု ထောင်ဒဏ် (၃) နှစ်

၂၀၀၅၊ ဖေဖော်ဝါရီ (၁၃) ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ဓာတ်ပုံအား တပည့်များနှင့်အတူ အလေးပြုခဲ့သောကြောင့် တွံတေးမြို့ အင်္ဂလိပ်စာပြ ကျူရှင်ဆရာဦးအောင်ဖေအား ဩဂုတ် (၂၅) ရက်နေ့က ထောင်ဒဏ် (၃) နှစ်ချမှတ်လိုက်သည်။

ဦးအောင်ဖေ၏အမှုကို အဲန်အယ်လ်ဒီပါတီမှ ဦးမြင့်အောင်က လိုက်ပါဆောင်ရွက်ပေးခဲ့ပြီး တရားရုံး၌အချက်အလက်ခိုင်ခိုင်လုံလုံနှင့် ထုချေ တင်ပြခဲ့သော်လည်း တရားသူကြီးမှ ပယ် ချခဲ့သည်။ အမှုနှင့် ပတ်သက်၍ အဲန်အယ်လ်ဒီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက "အခုကိုကလည်း ဥပဒေသဘောမရှိဘူးလို့ ကျနော်တို့မြင်တယ်လေ။ ဘာလို့လဲဆိုတော့ (Maximum) ပေးလိုက်တယ်ဗျ။ ပြစ်မှုတခုဟာ တကယ်ကျူးလွန်ရင်တောင်မှ ကျူးလွန်တဲ့အနေအထားပေါ်မှာ အလျှော့အတင်းကတရားရုံးရဲ့ လုပ်ပိုင်ခွင့်ပဲ။ တရားရုံးက သူလုပ်ခဲ့တဲ့အလုပ်ရဲ့ လေးနက်မှုအပေါ်မှာ စဉ်းစားပြီးတော့ ဆုံးဖြတ်ရမှာ၊ အခုဟာက အမြင့်ဆုံးပြစ်ဒဏ်ပေးတယ်ဆိုတော့ ကိုယ်ကျင့်သုံးရမယ့် ဆင်ခြင်တုံတရားမှုရှိသေးရဲ့လားလို့ ကျနော်အဲလိုစဉ်းစားတယ်"ဟု ဘီဘီစီနှင့်တွေ့ဆုံစဉ်တွင် ပြောကြားသွားသည်။

"အဲဒီနေ့မှာ ဆရာဦးအောင်ဖေက သူ့ တပည့်တွေနဲ့အတူ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံကို သူ့ကျူရှင်ရှေ့မှာ အလေးပြုတယ်။ နောက်ဗိုလ်ချုပ်နဲ့ပတ်သက်တဲ့သီချင်းဖွင့်တယ်။ သီချင်းဆိုတာလဲ ကျနော်တို့ငယ်ငယ်တုန်းက ကြားဖူးနေကျသီချင်းပါ။ "ဗိုလ်အောင်ဆန်းလို သူ့ရဲကောင်းမျိုးမွေးရမယ်ဆိုတဲ့ သီချင်းပါ။ အဲလိုသီချင်းပါ၊ အဲဒါကို (၁၄) ရက်နေ့ကျတော့ သူ့ကို မြို့နယ်ပညာရေးမှူးက တရားစွဲတာ၊ ဥပဒေကတော့ ဘာသာရပ်သင် ကိုယ်ပိုင်ကျောင်းဥပဒေပုဒ်မ (၂၃)၊ အဓိပ္ပါယ်ကတော့ မှတ်ပုံမတင်ပဲနဲ့ ကျူရှင်ပြတယ်ပေါ့နော်။ ဒါပေမယ့်ရုံးကို တင်တဲ့တိုင်စာမှာ အဲဒီလို ဗိုလ်ချုပ်ကိုအလေးပြုတာ၊ ဗိုလ်ချုပ်သီချင်းဖွင့်တာ ဆန့်ကျင်ဘက်နိုင်ငံရေးလုပ်တယ်။ ကျနော်တို့ အဓိပ္ပါယ်ကိုတောင် ဘာအဓိပ္ပါယ်မှန်းမသိတဲ့ စကားလုံး၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကျူရှင်ဥပဒေနဲ့ အရေးယူတယ်။ ကျူရှင်ဥပဒေကလည်း ကိုအောင်ဖေဘက်က ထုချေထားတာသူက အကုန်လုံး ကျူရှင်မှတ်ပုံတင်ဖို့ စာရွက်စာတမ်းတွေနဲ့ လုပ်ထားတာ။ ရုံးကိုလည်း တင်ပြတယ်။ နောက်ပြီးတော့ မှတ်ပုံတင်ဖို့ ရက်ကလည်း မတ်လမှာ ပိတ်မှာ။ သူကိုဖမ်းတာ ဖေဖော်ဝါရီလ၊ မှတ်ပုံတင်ဖို့အချိန် မကုန်သေးခင်ကို သူ့ကိုဖမ်းပြီးတော့ တရားစွဲတာ။ အဓိကတော့ ဒီအမှုအတွဲမှာပါနေတာက ကျူရှင်ဥပဒေနဲ့အရေးယူပေမယ်လို့ အရေးယူရတဲ့အကြောင်းရင်းကတော့ ဗိုလ်ချုပ်မွေးနေ့မှာ ဗိုလ်ချုပ်ပုံအလေးပြုတယ်"ဟု ဦးဉာဏ်ဝင်းမှ ဒီဗွီဘီသို့ ရှင်းပြသွားသည်။

ဦးအောင်ဖေ၏ဇနီး ဒေါ်ဌေးဌေးလွင်က "သူက ကိုယ်ကျိုးအတွက်လုပ်လို့ ထောင်ကျတာမှ မဟုတ်ပဲ။ ဗိုလ်ချုပ်ပုံကို အလေးပြုလို့ဖမ်းဆီးသွားတဲ့အတွက် ဆရာ့ဇနီးတယောက်အနေနဲ့ ဂုဏ်ယူပါတယ်။ ဆရာက အမိန့်ချပြီးတော့ ထွက်သွားတယ်ပေါ့နော်။ ဆရာကရဲတွေ၊ အာဏာပိုင်တွေလက်ထဲမှာ "ငါတို့ဗမာပြည်မှာ မိဘတိုင်းက ဗိုလ်အောင်ဆန်းလို သူ့ရဲကောင်းမျိုးမွေးရမယ်ဆိုပြီး အဲဒီသီချင်းကို ဆိုသွားတယ်။ ဆရာ့ဇနီးတယောက်အနေနဲ့ ကျမဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့သည်။

ဆရာဦးအောင်ဖေသည် ကျောင်းသားများကို စေတနာမေတ္တာနှင့် သင်ကြားပေးမှုကြောင့် ကျောင်းသားကျောင်းသူများ၏ လေးစားချစ်ခင်ခြင်းကို ခံရသူဖြစ်ပြီး ဆယ်တန်းစာမေးပွဲ ဖြေဆိုခါနီးအချိန်တွင် ဖမ်းဆီးခေါ်ဆောင်သွားမှုကြောင့် စာမေးပွဲဖြေဆိုမည့် ကျောင်းသားများ အခက်ကြုံခဲ့ကြရသည်။

ယခုလအတွင်း အာဏာပိုင်များက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ကျူရှင်ဆရာများအား အဖွဲ့ချုပ်မှနုတ်ထွက်ရန် ဖိအားပေးအကြပ်ကိုင်နေပြီး မြို့နယ်ပညာရေးမှူးရုံးများမှ ကျူရှင်ဆရာများ နိုင်ငံရေးနှင့်ကင်းရှင်းကြောင်း ထောက်ခံစာအားရဲစခန်းများမှရယူ၍ ပေးပို့ရန်ညွှန်ကြားထားကြောင်း သိရသည်။ ❖

# သိန်း (၅၀၀) တန် ကျောက်စိမ်းစွယ်တော်ပွားအခိုးခံရ ဗိုလ်သန်းရွှေကိုးကွယ်သည့် ဘုရားစိန်ဖူးတော်အား မိုးကြိုးပစ်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းတော်တွင်ရှိသော စွယ်တော်မြတ်စေတီမှ သိန်း (၅၀၀) တန် ကျောက်စိမ်းစွယ်တော်ပွားကို ဩဂုတ်လ (၁၄) ရက် မနက် (၄) နာရီ အချိန်ခန့်က ခိုးယူခြင်းခံခဲ့ရသည်။

ဂန္ဓကုဋီတိုက်ထဲတွင် ထားရှိသော ကျောက်စိမ်းစွယ်တော်ပွားနှင့် ကြာကလပ်အား တပ်ခွဲတခွဲအမြဲတမ်း အစောင့်အကြပ်ချထားသည့်ကြားမှ ခိုးယူခံခဲ့ရခြင်းဖြစ်သည်။ ရန်ကုန်မရမ်းကုန်းစွယ်တော်မြတ်နှင့် မန္တလေး၊ အမရပူရစွယ်တော်မြတ်စေတီ (၂) ဆူကို ဗိုလ်ချုပ်ခင်ညွန့် တန်ခိုးထွားစဉ်ကာလက တပြိုင်တည်း တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ရွှေတိဂုံပုံနှင့် ပုဂံခေတ်အာနန္ဒာ ဘုရားပုံစံ (၂) မျိုး ပေါင်းစပ်၍ တည်ထားခြင်းကြောင့် ဘုရားဖူးပရိသတ်များ အထူးစိတ်ဝင်စားခဲ့ကြသည်။ သို့သော်လည်း ဗိုလ်ချုပ်ခင်ညွန့်ရာထူးမှ ဖယ်ရှားခဲ့ရပြီးနောက် ကိုးကွယ်သူ နည်းပါးသွားခဲ့သည်။

စွယ်တော်မြတ်စေတီတည်စဉ်က ဗိုလ်ချုပ်ခင်ညွန့်၏လက်နှင့် အဖိုးတန်ကျောက်သံပတ္တမြားများကိုဌာပနာခဲ့သောကြောင့် ယခုစွယ်တော်ပွားခိုးယူခံရခြင်းသည် ဗိုလ်ခင်ညွန့်အားနာမ်နှိမ်လိုသော အာဏာပိုင်များ၏လှည့်



ဓမ္မပါလကုန်းတော်ရှိ စွယ်တော်မြတ်စေတီ

ကွက်ဖြစ်နိုင်ကြောင်း၊ ဗိုလ်ချုပ်ခင်ညွန့်တည်ခဲ့သော ရန်ကုန်ကျောက်တော်ကြီးဘုရားနှင့်ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ်ရှိ ကုံလုံရွှေပြည်အေးစေတီရှိ ဗိုလ်ချုပ်ခင်ညွန့်နှင့်ဒေါ်ခင်ဝင်းရွှေအမည်ပါသော ကမ္ပည်းကျောက်စာတိုင်များကိုအာဏာပိုင်များက ဖျက်ဆီးပစ်ကြောင်း ရန်ကုန်မြို့ခံတဦးကဆိုသည်။

စွယ်တော်ပျောက်ဆုံးသည့်သတင်း ထွက်ပေါ်ပြီးမကြာခင် ရန်ကုန်မြို့ မြောက်ဘက်တနေရာတွင် စွယ်တော်အားပြန်တွေ့ပြီဆိုသော သတင်းများထွက်လာခဲ့သည်။ ခိုးယူသူသည် ရွှေကလပ်ကိုသာယူဆောင်သွားပြီးစွယ်တော်ပွားကို စွန့်ပစ်ထားခဲ့ကြောင်း လုံခြုံရေး အရာရှိတဦးကိုကိုးကား၍ အေအက်ဖ်ပီတွင် ဖော်ပြသည်။ စွယ်တော်ခိုးယူသူကို ယခုအချိန်အထိ ဖမ်းဆီးရမိခြင်းမရှိသေးဘဲ ပြည်ထဲရေးဝန်ကြီး မောင်ဦး၊ ရဲချုပ်ခင်ရီတို့က ဆံပင်တို အသားညို၊ အရပ်ပု၊ မျက်နှာဝိုင်း၍ ကြွပ်ကြွပ်အိပ်ကိုင်ထားသူအသက် (၃၀) အရွယ် ယောကျာ်းတဦးကိုတွေ့လျှင် မဆိုင်းမတွ ရသည့်နည်းနှင့် ဖမ်းကြရန် တပြည်လုံးမှ ရဲစခန်းများကို ညွှန်ကြားချက်များထုတ်၍ထားကြောင်း သိရသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီးဖြစ်သူ ဒေါ်ကြိုင်ကြိုင်နှင့် ဆွေမျိုးနီးစပ်တော်သော အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဗိုလ်ချုပ်မှူးကြီး သန်းရွှေအတွက်ရည်စူးပြီး တည်ထားကိုးကွယ်ခဲ့သော မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ လောကဥသျှောင်စေတီကို ဂျူလိုင် (၁၉)၊ အာဇာနည်နေ့က မိုးကြိုးပစ်၍ စိန်ဖူးတော်အပိုင်းပိုင်းကျိုးပြတ်ခဲ့သည်။ မော်လမြိုင်မြို့ပတ်လည်တောင်ရိုးများပေါ်ရှိ ဘုရားစေတီအများအပြားရှိသည့်အနက် မြို့လယ်ရှိ တိုင်းမှူး ထီးတင်ခဲ့သောစေတီကို မိုးကြိုးပစ်ခဲ့ခြင်းကို မြို့ခံလူများက တအံ့တသြ ဝေဖန်ပြောဆိုနေကြကြောင်း ကြားသိရသည်။

ထိုစွယ်တော်စေတီနှစ်ဆူ တည်ဆောက်ပူဇော်စဉ်အချိန်က မြန်မာနိုင်ငံအတွင်း "စွယ်တော်နှစ်ဆူ အရွယ်တူ ပြည်သူလည်းမွဲ တပ်လည်းကွဲ "ဟူသော တဘောင်အတိတ်ကို ရွတ်ဆိုခဲ့ကြရာ ယခု ထိုတဘောင်အတိုင်းဖြစ်လာနေပြီဟု လူထုအကြားပြောဆိုနေကြကြောင်း ပြည်တွင်းသတင်းများကဆိုသည်။

❖

## မျက်နှာဖုံး အဲန်စီဂျီယူဘီ သတင်းမှ ...

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေး အင်အားစု (NDD) မှ ထုတ်ပြန်သောကြေညာချက်တွင် နအဖ၏စွပ်စွဲချက်များသည် လူထုအား အာရုံလွှဲရန်ကြိုးစားသည့် မဟုတ်မမှန်လုပ်ကြံ စွပ်စွဲချက်များဖြစ်ကြောင်း။ သတင်းစာရှင်းလင်းပွဲတွင် နအဖ၏ရှင်းလင်းမှုများသည် လူထုကို ယုံကြည်စေလို၍မဟုတ်ဘဲ အာရုံလွှဲနိုင်ရန်နှင့် စစ်တပ်အောက်ခြေကိုထိန်းနိုင်ရန် ဦးတည်တိုက်ရမည့် ရန်သူရှာဖွေခြင်းပင်ဖြစ်ကြောင်း ဖော်ပြထားသည်။❖

# ဂန္ဒီ နှင့် အောင်ဆန်း

## မြန်မာ နှင့် ကမ္ဘာ

ဗြိတိသျှကိုလိုနီ အုပ်ချုပ်သူတွေက လက်အောက်ခံ ကိုလိုနီစစ်တပ်ထဲ ကရင်၊ ကချင်၊ ချင်းတွေသာမက ဗမာတွေကိုပါ ဝင်ခွင့်ပေးခဲ့ရင် လက်နက်ကိုင်တပ် အသစ်ထောင် တော်လှန်ရေးလုပ်စရာမလိုဘဲ အိန္ဒိယလိုမျိုး လွတ်လပ်ရေး အေးအေးဆေးဆေးရပြီး ခိုင်မာတဲ့ ဒီမိုကရေစီနိုင်ငံဖြစ်သွားနိုင်တယ်။

ဒီကနေ့ ဗမာပြည်မှာ စစ်အာဏာရှင်စနစ်ကြီးစိုးနေတာ ဗိုလ်ချုပ်အောင်ဆန်းက ဆပ်ဆော့ပြီး ဘီအိုင်အေထောင် လက်နက်ကိုင်တော်လှန်ရေးလုပ်ခဲ့လို့လား။ ဗိုလ်ချုပ်အောင်ဆန်းတို့ကသာ စစ်တပ်မထောင် တော်လှန်ရေးမလုပ်ခဲ့ရင် အခုလို စစ်အာဏာရှင်စနစ် ပေါ်မှာမဟုတ်၊ ဒါမှမဟုတ်လည်း ဗြိတိသျှကိုလိုနီအုပ်ချုပ်သူတွေက လက်အောက်ခံကိုလိုနီစစ်တပ်ထဲ ကရင်၊ ကချင်၊ ချင်းတွေသာမက ဗမာတွေကိုပါ ဝင်ခွင့်ပေးခဲ့ရင် လက်နက်ကိုင်တပ်အသစ်ထောင် တော်လှန်ရေးလုပ်စရာမလိုဘဲ အိန္ဒိယလိုမျိုး လွတ်လပ်ရေး အေးအေးဆေးဆေးရပြီး ခိုင်မာတဲ့ ဒီမိုကရေစီနိုင်ငံဖြစ်သွားနိုင်တယ်။ ဗြိတိသျှတွေ သူတို့အကျိုးစီးပွားကို အတွက်မှားခဲ့လို့ တခြားကိုလိုနီတွေလို ဗမာပြည်ကို ဓနသဟာယထဲ ဆက်ထည့်မထားနိုင်ဘဲ နောက်ဆုံးမှာ စစ်အာဏာရှင်စနစ်ဆီရောက်သွားတယ်လို့ ယူဆလို့ရမလား။ ဘီအိုင်အေထောင်တာ မှားသလား။ ရဲဘော်သုံးကျိပ်တို့ မှားသလား။

လက်နက်ဆိုတာ လူကိုသွေးကြွစေတာ ဘယ်သူမှမငြင်းနိုင်ပါဘူး။ ဒါကြောင့် ကမ္ဘာမှာ စစ်တပ်တွေက အရပ်သားတွေအပေါ် ဗိုလ်ကျလွှမ်းမိုးလာပြီး နောက်ဆုံးမှာ နိုင်ငံရေးအာဏာသိမ်းယူတာတွေ ဖြစ်လာကြတာပါ။ ဒါပေမယ့် အဆောက်အအုံကောင်းပြီး လူထုအင်အားရှိနေရင်တော့ ဒီလိုမဖြစ်တာလည်း အားလုံးအမြင်ပါပဲ။ လက်နက်ကိုင်တော်လှန်ရေးနည်းနဲ့ တိုင်းပြည်ထူထောင်ခဲ့တဲ့ နိုင်ငံတွေထဲမှာ တချို့က စစ်တပ်အာဏာသိမ်းတာတွေဖြစ်သွားပြီး တချို့မှာတော့ အရပ်သားအစိုးရတွေ ခိုင်မာနေကြတယ်။ အမေရိကန်၊ ပြင်သစ်၊ တောင်အာဖရိက၊ အစ္စရေး၊ ဗီယက်နမ်၊ တရုတ်၊ ကျူးဘား၊ မြောက်ကိုးရီးယားနိုင်ငံတွေကို လက်နက်ကိုင်တော်လှန်ရေးနည်းနဲ့ ထူထောင်ခဲ့ကြတာဖြစ်တယ်။ ဒီကနေ့မှာ ကျူးဘား၊ မြောက်ကိုးရီးယား စတာတွေကို အာဏာရှင်နိုင်ငံအဖြစ် သတ်မှတ်ကြပေမယ့် စစ်တပ်အာဏာရှင်နိုင်ငံတော့မဟုတ်ဘဲ ဖြစ်ခြင်းဖြစ်ရင် အရပ်သားအာဏာရှင်နိုင်ငံတွေလို့ပဲ ပြောလို့ရနိုင်ပါတယ်။ ဖိလိပိုင်၊ စင်ကာပူ၊ မလေးရှားတို့ကျတော့လည်း လက်နက်ကိုင်တော်လှန်ရေးနည်းနဲ့ တိုင်းပြည်ထူထောင်ခဲ့တာ မဟုတ်ပေမယ့် အရပ်သားအာဏာရှင်စနစ်တွေ ကြီးစိုးခဲ့ကြတာ၊ ကြီးစိုးနေတာတွေ တွေ့ရတယ်။

နယ်လ်ဆင်မင်ဒဲလားကတော့ တိုက်ပွဲသဏ္ဌာန်ဆိုတာ အားကြီးတဲ့အုပ်စိုးသူ တဖက်ရန်သူအပေါ် မူတည်တယ်လို့ပြောခဲ့တယ်။ အုပ်စိုးသူက အတိုက်အခံအပေါ် အကြမ်းဖက်တဲ့နည်းနာတွေသုံးနေရင် အုပ်စိုးခံတွေအနေနဲ့ ပြန်လည်အကြမ်းဖက်တိုက်ခိုက်ဖို့ပဲ ရှိတယ်လို့ ပြောခဲ့တယ်။ တောင်အာဖရိကအစိုးရက အတိုက်အခံတွေအပေါ် ချုပ်ချယ်ကန့်သတ်မှုတွေ ရုပ်သိမ်းပေးပြီး တရားဝင်လှုပ်ရှားခွင့်တွေ ကမ္ဘာသိပေတော့မှ မင်ဒဲလားတို့ဟာ လက်နက်ကိုင်တိုက်ပွဲကို “ရပ်နား” လိုက်တယ်။ (အပြီးရပ်စဲတာ၊ လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်တာမဟုတ်သေး) ဒီမိုကရေစီနည်းကျအာဏာရလာတဲ့ တရားဝင်အစိုးရထံကိုသာ လက်နက်တွေအပ်မယ်လို့ ရပ်ခံခဲ့တယ်။ မင်ဒဲလားခေါင်းဆောင်တဲ့ အေအင်စီနဲ့ တောင်အာဖရိကကွန်မြူနစ်ပါတီတို့ဟာ အစိုးရရဲ့ခြေလှမ်းတွေပေါ်မူတည်ပြီး လိုအပ်ရင် လိုအပ်သလို လက်နက်ကိုင်တိုက်ပွဲ၊ လူထုတိုက်ပွဲ၊ ဥပဒေတွင်းတိုက်ပွဲ၊ စားပွဲဝိုင်းတိုက်ပွဲတွေကို လက်တွေ့အခြေအနေနဲ့ ကိုက်ညီစွာ ကျွမ်းကျွမ်းကျင်ကျင် ဆင်နွှဲခဲ့ကြတယ်။ တိုက်ပွဲသဏ္ဌာန်တခုတည်းကိုပဲ တရားသေမကိုင်စွဲခဲ့ပါဘူး။

## ဂါဓဏီ

အမေရိကန်နိုင်ငံသမိုင်းကို ပြန်ကြည့်ရင် ကနဦးအမေရိကန်လွတ်လပ်ရေးတိုက်ပွဲဝင်သူတွေဟာ ၁၇၆၅–၆၇ သွင်းကုန်သပိတ်မှောက်ရေးလှုပ်ရှားမှု၊ ၁၇၇၃ ဘော့စတွန် လဖက်ရည်ပွဲ၊ ၁၇၇၄ အမေရိကတိုက်လုံးဆိုင်ရာညီလာခံလို အာဏာဖီဆန်ရေးလှုပ်ရှားမှုတွေ လုပ်ခဲ့တာရှိပေမယ့် လွတ်လပ်ရေးအတွက် အကြမ်းဖက်ရေး မဖက်ရေးကိစ္စကို ရေးကြီးခွင်ကျယ်မလုပ်ခဲ့ကြပါဘူး။ လွတ်လပ်ရေး ဒီမိုကရေစီရေး ဖက်ဒရယ်ရေးဆိုတဲ့ အရင်းခံအတွေးအခေါ်ကိုသာ ပဓာနထားခဲ့တာ ဖြစ်ပါတယ်။ ၁၇၇၅ ဧပြီလမှာ အမေရိကန်ပြည်သူ့စစ်တချို့နဲ့ ဗြိတိသျှတပ်တွေ တိုက်ပွဲစဖြစ်ပြီးနောက် ဇွန်လကျမှ ဒုတိယအကြိမ် အမေရိကတိုက်လုံးဆိုင်ရာညီလာခံက ဗြိတိသျှကို အကြမ်းဖက်တော်လှန်ဖို့ လက်နက်ကိုင်တပ်ဖွဲ့စည်းရေး ဆုံးဖြတ်လိုက်တာဖြစ်တယ်။ ၁၇၇၆ ဇူလိုင်မှာ လွတ်လပ်ရေးကြေညာလိုက်ပေမယ့် လုံးဝအောင်ပွဲရတဲ့ ၁၇၈၁ နှောင်းပိုင်းအထိ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲခဲ့ရတယ်။ ၁၇၈၃ ကျမှ တရားဝင်စစ်ပြေငြိမ်းစာချုပ်ချုပ်ပြီး အင်္ဂလိပ်က အမေရိကန်လွတ်လပ်ရေးကို အသိအမှတ်ပြုခဲ့ရတယ်။ အမျိုးသားလွတ်လပ်ရေးစစ်ပွဲဆိုပေမယ့် ၁၇၇၈ ကစပြီး ပြင်သစ်၊ စပိန်၊ နယ်သာလန်နိုင်ငံတို့ကလည်း အင်္ဂလိပ်ကို အတိအလင်းပါဝင်တိုက်ခိုက်ခဲ့ကြတယ်။

အမေရိကန်နိုင်ငံဟာ လက်နက်ကိုင်တော်လှန်ရေးနည်းနဲ့ လွတ်လပ်ရေးရအောင်တိုက်ခဲ့ရပေမယ့် တခြားဗြိတိသျှကိုလိုနီတွေဖြစ်တဲ့ ကနေဒါနိုင်ငံနဲ့ ဩစတြေးလျနိုင်ငံတို့ကတော့ အကြမ်းမဖက်တဲ့နည်းနဲ့ပဲ နောက်ဆုံးမှာ လွတ်လပ်ရေးရခဲ့ကြတယ်လို့ အများက ယေဘုယျသိထားကြတယ်။ ဒီနိုင်ငံတွေရဲ့ လွတ်လပ်ရေးကို အကြမ်းမဖက်ရေးနည်းသဏ္ဌာန်ရဲ့ အောင်မြင်တဲ့နမူနာတွေအဖြစ် ထောက်ပြကြတယ်။

တကယ်တော့ အမေရိကန်တော်လှန်ရေးအောင်ပွဲခံပြီးနောက် ကနေဒါမှာလည်း အင်္ဂလိပ်ကိုလိုနီဘဝကလွတ်မြောက်ဖို့ လက်နက်ကိုင်ပုန်ကန်မှုတွေ ပေါ်ခဲ့တယ်။ ၁၈၃၇ မှာ မက္ကင်ဇီနဲ့ ပက်ပင်နိုးတို့နှစ်ဦး ခေါင်းဆောင်တဲ့ လက်နက်ကိုင်တော်လှန်ရေး ကနေဒါနိုင်ငံအနှံ့မှာ ပေါ်ပေါက်ခဲ့တယ်။ ၁၈၃၈ မှာ သူပုန်တွေအရေးနိမ့်သွားခဲ့ပေမယ့် ကနေဒါနိုင်ငံရေးအပေါ် ဘယ်လိုမှရှောင်လွှဲမရ နိုင်တဲ့ ဂယက်ရိုက်ခတ်ချက်တွေ ဖြစ်သွားခဲ့တယ်။ ၁၈၆၉ မှာ ရီးယဲလ်ခေါင်းဆောင်တဲ့ တိုင်းရင်းသားလူနီ သူပုန်ထမှုပေါ်ပေါက်ပြန်တယ်။ နောက်တနှစ်မှာ ဖြိုခွင်းခံရတယ်။ ရီးယဲလ်ခေါင်းဆောင်တဲ့ လူနီတိုင်းရင်းသားတွေဟာ ၁၈၈၅ မှာ ဒုတိယအကြိမ် သူပုန်ထပြန်တယ်။ ဒီတခါလည်း ရှုံးနိမ့်သွားပြန်ပြီး ရီးယဲလ်ကိုယ်တိုင်အဖမ်းခံရ ကြိုးပေးကွပ်မျက်ခံလိုက်ရတယ်။ အမေရိကန်လို လုံးဝအောင်မြင်တဲ့အထိ လက်နက်ကိုင်မတိုက်နိုင်ပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ကနေဒါရဲ့လွတ်လပ်ရေးကြိုးပမ်းမှုမှာ အရေးပါတဲ့အကျိုးပြုမှုတွေဖြစ်ခဲ့တာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။

ဩစတြေးလျနိုင်ငံမှာတော့ ၁၈၀၄ ခုတကျွန်းစံ အိုင်ယာလန်နိုင်ငံရေးအကျဉ်းသားတွေ ပုန်ကန်ထကြွတာကို ဗြိတိသျှအာဏာပိုင်တွေက အကြမ်းဖက်နှိမ်နင်းလိုက်ပြီး ခေါင်းဆောင်လုပ်သူကို ဖမ်းဆီးကြိုးပေးလိုက်တယ်။ ၁၈၀၈ မှာ ဒေသခံတပိုင်းဖြစ်လာတဲ့ ကိုလိုနီစစ်တပ်အရာရှိတွေက ဗြိတိသျှဘုရင်ခံရဲ့ စီးပွားရေးလက်ဝါးကြီးအုပ်မှုကို မကျေနပ်လို့ ရမ်အရက်သူပုန်ထမှု လို့နာမည်ကျော်တဲ့ ပုန်ကန်မှုလုပ်၊ ဘုရင်ခံကိုဖြုတ်ချပြီး တိုင်းပြည်ကို တနှစ်လောက်သိမ်းပိုက်အုပ်ချုပ်ခဲ့တယ်။ နောက်ပိုင်းမှာ သူပုန်ထသူတွေ အရေးယူခံရပေမယ့် အရေးပါတဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးပြုပြင်မှုတွေ လုပ်ပေးခဲ့ရတယ်။ ၁၈၅၄ မှာလည်း ယူရေးကားရှေ့တွင်း အလုပ်သမားတွေက မဲပေးခွင့်မရတဲ့ကိစ္စ၊ မတရားဆက်ကြေးကောက်တဲ့ကိစ္စတွေကို မကျေနပ်လို့ လက်နက်ကိုင်ပုန်ကန်ပြန်တယ်။ ရက်ရက်စက်စက် နှိမ်နင်းခံလိုက်ရပေမယ့် ဩစတြေးလျလွတ်လပ်ရေးသမိုင်းမှာ အကြီးကျယ်ဆုံးသူပုန်ထမှု ဖြစ်သွားခဲ့တယ်။

ဂန္ဒီဟာ ကမ္ဘာမှာ ဩဇာအကြီးဆုံး၊ အထိရောက်ဆုံး အကြမ်းမဖက်လှုပ်ရှားရေးသမားစစ်စစ်ဖြစ်သလို ဒီမိုကရေစီကိုလည်း ဦးထိပ်ထားသူဖြစ်တယ်။ ဒါကြောင့် သဘာဝကျစွာပဲ သူဟာ ဖက်ဆစ်ဝါဒကို ဆန့်ကျင်ပေမဲ့ ဒုတိယကမ္ဘာစစ်ဖြစ်တဲ့အခါကျတော့ စစ်ပွဲတခုလုံးကိုလည်း ဆန့်ကျင်ခဲ့တယ်။ ၁၉၃၉ စက်တင်ဘာ (၁၄) အိန္ဒိယအမျိုးသားကွန်ဂရက်ကြေညာစာတမ်းမှာ အိန္ဒိယကို လွတ်လပ်ရေးပေးရင် မဟာမိတ်ဘက်က စစ်တိုက်ပေးမယ်လို့ သဘောထားချမှတ်တာကို ဂန္ဒီကသဘောမတူပေမဲ့ အများစုဆန္ဒကို နာခံခဲ့တယ်။ တကယ့်သူ့သဘောထားအစစ်အမှန်ကတော့ ဖက်ဆစ်ကို အကြမ်းမဖက်ဘဲ ဆန့်ကျင်ဖို့သာဖြစ်တယ်။ လွတ်လပ်ရေးရဖို့အတွက် အင်္ဂလိပ်ကို အကြမ်းမဖက်ဘဲ တိုက်ဖို့၊ ဖက်ဆစ်ဝါဒကိုလည်း အင်္ဂလိပ်က အိန္ဒိယကို လွတ်လပ်ရေးပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ လက်နက်ကိုင်မတိုက်ဘဲ အကြမ်းမဖက်တိုက်ပွဲဝင်ဖို့ကိုသာ သူလိုလားတယ်။ အိန္ဒိယကို ဂျပန်မသိမ်းနိုင်ခဲ့လို့ ဖက်ဆစ်ကို ဂန္ဒီနည်းနဲ့တိုက်ရင် ဘယ်လိုဖြစ်မယ်ဆိုတာတော့ ကမ္ဘာက တွေ့ခွင့်မရခဲ့ပါဘူး။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ကွန်ဂရက်ပါတီဗဟိုခေါင်းဆောင်အများစုသဘောထားကို သူနာခံပြီး ဗြိတိသျှက လွတ်လပ်ရေးမပေးရင် စစ်ပွဲကို ဆန့်ကျင်မယ် (လွတ်လပ်ရေးပေးရင်တော့ ဂျပန်ကိုလက်နက်ကိုင်တိုက်မယ်) လို့ တနိုင်ငံလုံးမှာထောင်ကျခံ လိုက်လံဟောပြောခဲ့တယ်။

“မတရားတဲ့ အမိန့်အာဏာဟူသမျှတာဝန် အရဖီဆန်ကြ” ဆိုတဲ့ အမေရိကန်နိုင်ငံရေးတွေးခေါ်ရှင် ဟင်နရီဒေးဗစ်သိုရူးရဲ့ ပြောင်မြောက်တဲ့အဆိုကို မြန်မာ့အခြေအနေနဲ့ အထူးကိုက်ညီအောင် လက်တွေ့ကျင့်သုံးနိုင်ခဲ့သူကတော့ မြန်မာနိုင်ငံမှာ အပြောင်မြောက် အထူးချွန်ဆုံးစွယ်စုံရပညာရှင်တဦးဖြစ်တဲ့ ဦးဝင်းတင်ပဲဖြစ်ပါတယ်။ သိုရူးကတော့ ပြောင်မြောက်တဲ့အတွေးအခေါ်တွေကို ထက်ထက်မြက်မြက်တွေးဆဖော်ထုတ်ခဲ့တဲ့ အမေရိကန်လူမျိုးတယောက်ဖြစ်ပေမယ့် လက်တွေ့နိုင်ငံရေးနယ်ပယ်ထဲမှာတော့ ဒါလောက် ထဲထဲဝင်ဝင် မပတ်သက်ခဲ့ပါဘူး။ ဦးဝင်းတင်ကတော့ အတွေးအခေါ်တင်မကဘဲ လက်တွေ့နိုင်ငံရေးမှာရော အထွေထွေစာပေ၊ ပန်းချီ၊ ဂီတအနုပညာပိုင်းတွေမှာပါ အားလုံးက လက်ဖျားခါရလောက်အောင် ထူးချွန်သူဖြစ်တယ်။

ဒေးဗစ်သိုရူးက စာပေသမား၊ သဘာဝပတ်ဝန်းကျင်ပညာရှင်၊ ဒဿနပညာရှင်၊ လူမှုဝေဖန်ရေးသမား၊ အစိုးရဆန့်ကျင်ရေးသမားဖြစ်တယ်။ အမေရိကန်နိုင်ငံက မက္ကဆီကိုနိုင်ငံကို ကျူးကျော်နယ်ချဲ့တဲ့စစ်ကို ဆန့်ကျင်တဲ့အနေနဲ့ အခွန်မပေးဘဲ အာဏာဖီဆန်လို့ ၁၈၄၆ ခုနှစ်မှာ ထောင်တရက်ကျခဲ့တယ်။ အဲဒီနောက် *အကြမ်းမဖက်အာဏာဖီဆန်ရေး* ဆိုတဲ့ကျမ်းကို ပြုစုခဲ့ရာမှာ (၂၀) ရာစုကျမှ နာမည်ကြီး လူဖတ်များတဲ့စာအုပ်ဖြစ်လာပြီး သိုရူးလည်း သူရဲကောင်းဖြစ်လာတယ်။ သိုရူးဟာ တိုင်းရင်းသားလူနီအခွင့်အရေး၊ ကျွန်စနစ်ဖျက်သိမ်းရေး၊ အလုပ်သမားအခွင့် အရေး၊ အမျိုးသမီးများမဲပေးခွင့်တို့ကိုလည်း တောင်းဆိုခဲ့တယ်။ လက်တွေ့နိုင်ငံရေးလှုပ်ရှားမှုအနေနဲ့တော့ ကျွန်တွေကို ဥပဒေဘောင်အပြင်ဘက်ကကူတဲ့ *မြေအောက်ရထားလမ်း* ဆိုတဲ့အဖွဲ့ထဲဝင်လုပ်ခဲ့ပြီး ကျွန်တွေထွက်ပြေးအောင်လှုံ့ဆော်ကူညီ၊ ကျွန်ပြေးတွေကို ဖွက်ပေးထောက်ပံ့ကူညီပေးတာတွေ လုပ်ခဲ့တယ်။ အခြေခံအားဖြင့် အကြမ်းမဖက်တဲ့ အာဏာဖီဆန်ရေးအယူအဆ ခံယူထားပေမယ့် ကျွန်စနစ်ဖျက်သိမ်းရေး၊ ကျွန်သူပုန်ထရေးအတွက် အကြမ်းဖက်လက်နက်ကိုင်လှုပ်ရှားလို့ သေဒဏ်ပေးခံရသူ ဂျွန်ဘရောင်းကိုတော့ အတွေးအခေါ်ရပ်တည်ချက်အတွက် ဂုဏ်ပြုချီးကျူးခဲ့တယ်။ ယခုအခါ သိုရူးကို အများက အမေရိကန်နိုင်ငံရဲ့ အကြမ်းမဖက်တဲ့ မင်းမဲ့ဝါဒ စတင်တည်ထောင်သူတဦးအဖြစ် သတ်မှတ်ကြတယ်။ ကျွန်စနစ်ဖျက်သိမ်းရေး အမေရိကန်ပြည်တွင်းစစ်ဖြစ်စ (၁၈၆၂) မှာပဲ ကွယ်လွန်ခဲ့လို့ အဲဒီစစ်ပွဲအပေါ် သူ့သဘောထားကို မသိလိုက်ရပါဘူး။ ယေဘုယျအကဲဖြတ်ရရင်တော့ သိုရူးဟာ အကြမ်းမဖက်ရေးသဏ္ဌာန်ကို ပိုလိုလားပေမယ့် သဏ္ဌာန်ထက် အနှစ်သာရပိုင်းကို အဓိကထားတယ်ဆိုတာဂျွန်ဘရောင်း အပေါ် သူ့သဘောထားတွေအရ ပြောနိုင်ပါတယ်။

ကိုယ်ကျိုးစီးပွားဆိုတာ ဗမာပြည်နဲ့တင် ထူးထူးခြားခြားသက်ဆိုင်နေတာ မဟုတ်ပါဘူး။ ဘယ်နိုင်ငံမှာမဆို လူသားတွေဟာ ကိုယ်ကျိုးစီးပွားနောက် လိုက်ကြတာချည်းပါပဲ။ တဦးချင်း ကိုယ်ကျိုးစီးပွားကို အများအကျိုးစီးပွားနဲ့ မထိန်းနိုင်တဲ့တိုင်းပြည်တွေမှာ စစ်အာဏာရှင်စနစ်၊ အရပ်သားအာဏာရှင်စနစ်တွေ ခေါင်းထောင်တာ ဓမ္မတာဖြစ်ပါတယ်။ ဦးဝင်းတင်တို့၊ ဒေါ်အောင်ဆန်းစုကြည်တို့လို

စာမျက်နှာ (၁၁) ကော်လံ (၁) သို့ …

# နအဖစစ်အုပ်စုရဲ့ပြဿနာ အာဆီယံအတွင်း ကူးစက်လာတော့မည် လီကွမ်ယုပြောကြား



စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယု

နအဖဟာ အချိန်တခုတည်းမှာပဲ ရပ်တန့်ပြီး မနေနိုင်ဘဲကမ္ဘာကြီးဟာ ပြောင်းလဲနေတယ်၊ ရှေ့သို့တိုးတက်နေတယ်ဆိုတဲ့ အချက်ကိုရင်ဆိုင်ရမှာဖြစ်သည်ဟု စင်ကာပူဝန်ကြီးချုပ်ဟောင်းလီကွမ်ယုက ပြောဆိုသည်။ ဂျပန်နိုင်ငံထုတ် ယိုမိယူရီရှင်းဘွန်းသတင်းစာနှင့် အင်တာဗျူးတွင်စစ်တပ်အုပ်ချုပ်သည့် မြန်မာပြည်၏ပြဿနာသည် ပို၍ကျယ်ဝန်းသောဒေသတွင်းသို့ ကူးစက်လာတော့မည်ဖြစ်ကြောင်း သတိပေးလိုက်သည်။ အချိန်တခုထဲမှာရပ်တန့်နေတာ ဟာသူတို့ပြဿနာကို သူတို့တည်ဆောက်နေခြင်းဖြစ်ပြီး ထိုပြဿနာများသည် အာဆီယံအဖွဲ့တွင်းသို့ရောက်ရှိလာမည်ဟု သူကဆိုသည်။ ပြီးခဲ့သည့်လက ဗီယန်ကျန်းတွင်ကျင်းပသော အာဆီယံဝန်ကြီးများအစည်းအဝေးတွင် နအဖသည်အာဆီယံအလှည့်ကျ ဥက္ကဋ္ဌရာထူးကို ပြည်တွင်းနိုင်ငံရေးအခြေအနေများကို အာရုံစိုက်လိုသည်ဟူသော အကြောင်းပြချက်ဖြင့် စွန့်လွှတ်ခဲ့သည်။ ထိုကိစ္စကို မစ္စတာလီကွမ်ယုအားမေးမြန်းရာ သူကနအဖသည် အရှက်ရမည့် အခြေအနေတရပ်မှရှောင်လွှဲနိုင်ခဲ့သော်လည်း ပြဿနာကတော့ရှိနေဆဲပင်ဖြစ်ကြောင်း မှတ်ချက်ချခဲ့သည်။ ချမ်းသာသောအိမ်နီးချင်းထိုင်းနိုင်ငံနှင့် နှိုင်းယှဉ်ကြည့်လျှင် မြန်မာပြည်၏ဆင်းရဲမွဲတေမှုသည် ပြည်သူလူထုကြား စိတ်ပျက်မှုကိုဖြစ်စေသည်ဟု ယုံကြည်ကြောင်း သူကပြောခဲ့သည်။❖

# ရန်ကုန်စစ်ရုံးချုပ်နှင့် ပျဉ်းမနားရှိစစ်စခန်းများအား အမေရိကန်မှဗုံးကြဲတိုက်ခိုက်



Stealth - 2005 ဇာတ်ကား မျက်နှာဖုံး

ဩဂုတ်(၂၈)၊ ၂၀၀၅

အကြမ်းဖက်သမား လူရမ်းကားများ ခိုအောင်းရာ ရန်ကုန်နှင့် ပျဉ်းမနားမြို့များကို နာမည်ကြီး အမေရိကန်ကိုယ်ပျောက် လေယာဉ်များက ဗုံးကြဲတိုက်ခိုက်သည့်အကြောင်း ဇာတ်လမ်းဆင် ရိုက်ကူးထားသော( Stealth -2005) အမေရိကန်ရုပ်ရှင်ကားသည် မြန်မာနယ်စပ်များတွင် နာမည်ကြီးနေပြီး ထိုင်းရုပ်ရှင်ရုံများတွင် ပြသနေပြီဖြစ်ကြောင်း ဒီဗွီဘီအသံလွှင့်ဌာနနှင့် နယ်စပ်မှလာသော သတင်းများအရ သိရှိရသည်။ ထိုရုပ်ရှင်ကားကို ဒါရိုက်တာ ရော့ကိုဟင်က ကိုလံဘီယာကုမ္ပဏီအတွက် ရိုက်ကူးပြီး ဟောလီးဝုဒ်ရုပ်ရှင်မှ ဖြန့်ချိကြောင်းသိရှိရသည်။ စစ်ရေးလေ့လာသူ ဦးဌေးအောင်က “မြန်မာအသိုင်းအဝိုင်းတွင် ရန်ကုန်စစ်ရုံးချုပ်နှင့် အသစ်ပြောင်းရွှေ့ထားသော ပျဉ်းမနားမြို့ရှိစစ်အခြေစိုက်စခန်းကို ကိုယ်ပျောက်လေယာဉ်ဟု နာမည်ကြီးနေသော ဗုံးကြဲလေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်သည့် ရုပ်ရှင်ကားဟုယူဆကာ စိတ်ဝင်စားနေကြသည်” ဟု ပြောဆိုသည်။ ထိုရုပ်ရှင်ကားကို ယခုနှစ် ဇူလိုင် (၂၉) ရက်နေ့က ဖြန့်ချိခဲ့ခြင်းဖြစ်ပြီး ဇာတ်ကားအဖွင့် မိတ်ဆက်ရာတွင် မြန်မာနိုင်ငံသည် အမေရိကန်၏ စစ်ဆင်ရေးနိုင်ငံဖြစ်ပြီး အဓိကပစ်မှတ်သည် ရန်ကုန်စစ်ရုံးချုပ်နှင့် ပျဉ်းမနားရှိ စစ်အစိုးရ၏ လျှို့ဝှက်စစ်အခြေစိုက်စခန်းများဖြစ်သည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် ထိုရုပ်ရှင်ကား စီဒီခွေများ မြန်မာပြည်တွင်းသို့ ဝင်လာခြင်းမရှိအောင်တားဆီးရန် ပြည်ထဲရေးဝန်ကြီးဌာနက ညွှန်ကြားထားကြောင်း သိရှိရသည်။ ထိုရုပ်ရှင်ကားနှင့် ပတ်သက်ပြီး အင်တာနက်ဂိုဂယ်လ်ဒေါ့ကွန်းတွင် ဓာတ်ပုံများနှင့် အသေးစိတ်ဖော်ပြထားသည်ကို တွေ့ရသည်။❖

# လန်ဒန်မှ မြန်မာ့အရေးဆွေးနွေးပွဲ အဲန်အယ်လ်ဒီမပါဝင်

ဗြိတိန်အစိုးရမှ ဦးစီးကျင်းပမည့် (Wilton Park Conference) မြန်မာနိုင်ငံရေးဆွေးနွေးပွဲကို စက်တင်ဘာလ (၄) ရက်နေ့မှ (၆) ရက်နေ့အထိ လန်ဒန်မြို့တွင်ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးသို့တက်ရောက်မည့်လူ (၃၀) အနက် ပြည်တွင်းပြည်ပမှမြန်မာ (၁၀) ဦးခန့်ဖိတ်ကြားထားကြောင်း သိရသည်။ ထိုအစည်းအဝေးသို့ မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့မှုကို ဝေဖန်လေ့ရှိသော (Myanmar Time) သတင်းထောက်ဟောင်း မသိင်္ဂီ၊ မသီတာ (စမ်းချောင်း) ဒေါ်ခင်သီတာ၊ (Living Colour) မဂ္ဂဇင်းမှ ဒေါက်တာနေဝင်းမောင်နှင့် ပြည်ပတွင် ( Sanction) ဆန့်ကျင်ရေးလုပ်နေသောဒေါက်တာဇာနည်တို့အား တက်ရောက်ရန် ဖိတ်ကြားထားကြောင်းသိရသည်။

(Wilton Park Conference) ကို တံခါးပိတ်ကျင်းပပြီး ဖိတ်ကြားထားသူများ စာရင်းကို မကြေညာရခြင်းမှာ ပြောဆိုဆွေးနွေးသူများကို လွတ်လွတ်လပ်လပ်ဖြစ်အောင် လုပ်ရခြင်းဖြစ်ကြောင်း၊ ယခု ဆွေးနွေးပွဲများသည်ကမ္ဘာပေါ်တွင် မတည်မငြိမ်ဖြစ်လာနိုင်သည့် အန္တရာယ်ရှိသောနိုင်ငံများအတွက် ပေါ်လစီချမှတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်အလက်များရအောင် ကျင်းပပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအရေးကို တက်တက်ကြွကြွဆောင်ရွက်နေသူတွေအားလုံး ပါဝင်အောင် ဖိတ်ကြားထားခြင်းဖြစ်ကြောင်း ဗြိတိသျှနိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ဗီအိုအေသို့ ပြောပြသွားခဲ့သည်။

ဩဂုတ် (၂၉) ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ဗြိတိန်သံအမတ်မှ လာရောက်တွေ့ဆုံပြီး ဆွေးနွေးပွဲတွင် နိုင်ငံရေးကိစ္စမပါဝင်ပဲ လူမှုရေး၊ စီးပွားရေးပြဿနာများကိုသာ အဓိကထားဆွေးနွေးမည်ဖြစ်ကြောင်းရှင်းပြ၍ အဖွဲ့ချုပ်မှကိုယ်စားလှယ်တဦးဦးစေလွှတ်ရန် မေတ္တာရပ်ခံခဲ့သည်။

ဦးလွင်က အဲန်အယ်လ်ဒီမှ ကိုယ်စားလှယ်စေလွှတ်မည်မဟုတ်ကြောင်းပြောဆိုခဲ့သည်ဟုသိရသည်။ အစည်းအဝေးတွင် ဆွေးနွေးမည်ဟု သတင်းထွက်နေသော (sanction) ကိစ္စနှင့်ပတ်သက်၍ ဦးလွင်က “(sanction) ကိစ္စတွေ ဘာတွေ၊ သူတို့ ဇာနည်လား၊ ဇာလီလား၊ အဲဒီငနဲက ဒီမှာ (MI) ကို လာပြီးတော့ပြောတယ်။ အဓိကကတော့ ဒီကိစ္စတွေက သူ (sanction) တွေ ဘာတွေဆိုတာ တိုင်းပြည်မှာ ပြဿနာဖြစ်တာက အဓိကကဦးနေဝင်းကိုင်တွယ်တာ ညံ့ဖျင်းခဲ့တာ။ ဒါစတာပဲလို့။ ဒါ (sanction) လုပ်လို့ (sanction) မလုပ်လို့ဒါတွေကို အခြေခံအားဖြင့် (Improve) လုပ်ရမယ့်ဟာကို စီမံခန့်ခွဲရေးအပိုင်းက ကိုင်တွယ်တာတွေညံ့ဖျင်းတဲ့အခါကြတော့ ဒါအကြွေးတင်တာတွေ အဖတ်တင်တာဘဲပေါ့။ အန်ကယ်တို့က နိုင်ငံရေးကိုလည်း အထောက်အကူပြုစေမယ့် ဆွေးနွေးမှုလည်း ဖြစ်စေချင်တာပေါ့။ နိုင်ငံရေး (stability) မရှိတာအဓိကပဲ။ နိုင်ငံရေး (stability) ရှိအောင် အထောက်အကူပြုဖို့တော့ ကောင်းတယ်။ ဒီဆွေးနွေးပွဲက ဒါကိုတင်ပြတာပါ။ လုပ်တာမလုပ်တာတော့ သူတို့သဘောပေါ့လေ”ဟု ပြောသည်။ ❖

# ယူအဲန်အထူးကိုယ်စားလှယ် အလီအလာတာ့စ် ရန်ကုန်သို့လာရောက်၊ ကုလသမဂ္ဂဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေးဆွေးနွေး


မစ္စတာ အလီအလာတာ့စ်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အထူးကိုယ်စားလှယ် မစ္စတာအလီအလာတာ့စ်သည် ဩဂုတ်လ (၁၇) ရက်နေ့က ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး စက်တင်ဘာလတွင် နယူးယောက်၌ကျင်းပမည့် ကုလသမဂ္ဂညီလာခံတွင် ကုလသမဂ္ဂဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးအပေါ် မြန်မာနိုင်ငံ၏သဘောထားကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဆွေးနွေးခဲ့ကြသည်။

တနာရီခွဲခန့်ကြာမြင့်ခဲ့သော ထိုဆွေးနွေးပွဲတွင် ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးကိစ္စများကိုသာဆွေးနွေးခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးနှင့် မြန်မာ့ဒီမိုကရေစီရေးတို့ကိုမူ ဆွေးနွေးခဲ့ခြင်းမရှိပေ။ မစ္စတာအလာတာ့စ်က “ကျနော် ဒီတကြိမ်ရန်ကုန်လာတာဟာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အနေနဲ့ ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးကိစ္စ ဆွေးနွေးဖို့သာဖြစ်ပါတယ်။ ကုလသမဂ္ဂကနေ တခြားတဦးဦးကို တာဝန်ပေးထားတဲ့ မြန်မာနိုင်ငံရေးအဆင်ပြေအောင် ကြားဝင်ညှိနှိုင်းရေးကိစ္စအတွက် မဟုတ်ပါဘူး”ဟု ပြောသည်။ သုံးရက်ကြာခရီးစဉ်တွင် အမျိုးသားညီလာခံကော်မရှင်၊ နအဖလက်အောက်ခံ အမျိုးသမီးရေးရာ၊ ကြံ့ဖွံ့အသင်းတို့နှင့် တွေ့ဆုံခဲ့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားတိုင်းရင်းသားအဖွဲ့များအား တွေ့ဆုံခဲ့ခြင်းမရှိပေ။ ထိုကဲ့သို့ တွေ့ဆုံမှုမရှိခဲ့ခြင်းနှင့်ပတ်သက်၍ အဲန်အယ်လ်ဒီပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က“(UNDP/UNICEF/WHO) အေဂျင်စီတွေရဲ့ အသုံးစရိတ်ပေါ့။ အဲဒါတို့ရဲ့ (Fund) ရရှိဖို့၊ အဲဒါတွေနဲ့ပတ်သက်လို့ သူတို့ပုံစံအသစ်ချတယ်။ အဲဒါကိုလာပြီး ရှင်းဖို့ဟာက သူတို့ရဲ့အကြီးအကျယ်လုပ်ငန်းပဲ။ နိုင်ငံရေးကိစ္စက ရှိချင်ရှိမယ်။ (Trip) မှာတော့မပါဘူး။ (Trip) မှာပါတာက အချိန်ကဘက်မလိုက်နိုင်ငံအစည်းအဝေးမှာ ကိုဖီအာနန်ကို ဗိုလ်ချုပ်မှူးကြီးတွေက ဖိတ်ထားတဲ့ဖိတ်ကြားချက်ပေါ့လေ။ အဲဒါ တိတိကျကျလာပြီးတော့ အချိန်ဇယားတွေဘာတွေနဲ့ ညှိကြတဲ့သဘောရှိမယ်လို့ ထင်တယ်။ သူအဲဒီ လေသံဟာထားတယ်။ အခုဟာက ရာဇာလီတို့၊ ပီညဲရိုးတို့ယူရမယ့် (Role) နဲ့ အခုအလီအလာတာ့စ်ယူတဲ့ (Role) က မတူဘူး။ ကျနော်တို့က ရာဇာလီတို့ ပီညဲရိုးတို့ မလာနိုင်တဲ့ကိစ္စကိုပဲ ကျနော်တို့က ဘဝင်မကျဖြစ်နေတာ။ အလီအလာတာ့စ်ရဲ့ခရီးက သူ့မှာ (Special Duty) ရှိတယ်။ အဲဒီတာဝန်ကို ထမ်းဆောင်တာပဲ”ဟု ၎င်း၏အမြင်ကို ဒီဗွီဘီသို့ ပြောကြားခဲ့သည်။

ဦးလွင်က“ကိုဖီအာနန်ရဲ့ခရီးစဉ်ကပဲ လက်ရှိနိုင်ငံရေးအရ ရှေ့မတိုး နောက်မဆုတ်ဖြစ်နေတာကို အဖြေတခုခုရအောင် ကူညီပြုလုပ်ပေးနိုင်မှာပါ။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း ကိုဖီအာနန်ကို အလည်အပတ်လာရောက်ဖို့ ဖိတ်ကြားခဲ့ပြီးပြီမို့ ကျနော်တို့အနေနဲ့က သူ့အလည်အပတ်ခရီးကိုပဲ စိတ်အားထက်သန်စွာနဲ့မျှော်လင့်နေကြပါတယ်” အေအက်ဖ်ပီသို့ ပြောခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာ ညွှန့်ပေါင်းအစိုးရကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက “ယူအဲန်နဲ့ ကြားဝင်ဆောင်ရွက်မှုနဲ့ ပတ်သက်လို့ နအဖအာဘော်ကို အကြောက်အကန်ငြင်းနေတဲ့အနေအထားမှာ အလီအလာတာ့စ်အနေနဲ့တော့ ယူအဲန်ပြုပြင်ပြောင်းလဲရေးကိစ္စတွေ ဆွေးနွေးရင်းနဲ့ ကျွဲကူးရေပါ သံတမန်ရေးအရ စုံစမ်းထောက်လှမ်းကြည့်တဲ့အပိုင်းတွေကလွဲလို့ ထူးထူးခြားခြားရလဒ် တစုံတရာရလာအောင် လုပ်နိုင်ဖို့နည်းပါးတာတော့ လက်ရှိနိုင်ငံရေးအခင်းအကျင်းတွေအရ ကျနော်က ဒီလိုပဲခံစားရတယ်”ဟု ပြောသည်။

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဟောင်းဖြစ်သော အလီအလာတာ့စ်သည် ၂၀၀၃ ခုနှစ်ကတည်းက ကုလအထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး ၂၀၀၃ ဒီပဲယင်းအရေးအခင်းဖြစ်ပြီးစတွင် အင်ဒိုနီးရှားသမတဟောင်း မေဃာဝတီ၏ အထူးကိုယ်စားလှယ်အဖြစ် မြန်မာပြည်သို့ သွားရောက်ခဲ့ဖူးသူဖြစ်သည်။ ယခုခရီးစဉ်သည် ကိုဖီအာနန်ကိုယ်တိုင် ရန်ကုန်က ဆွေးနွေးရေးအတွက် ကြိုတင်ပြင်ဆင်သည့် သဘောလာရောက်ခြင်းဖြစ်သည်ဟု အကဲခတ်တချို့က ယူဆကြသည်။ ❖

# ထိုင်းနိုင်ငံတောင်ပိုင်းဒေသက အပယ်ခံဘဝများ

အေးညိုလှ

“ ညတိုင်းရေဒီယိုသတင်းတွေ နားထောင်သလို စာဖတ်ဝါသနာပါတဲ့အတွက် ဒီဘက်မှာထွက်သမျှစာစောင်တွေကို ဖတ်သတဲ့လေ မလှရီရဲ့ပြောပြချက်တွေအဆုံးမှာတော့ ကျမတို့ မြန်မာပြည်သူတွေ ညံ့ဖျင်းလွန်းလို့ သူတပါးနိုင်ငံမှာ လာရောက်ကျွန်ခံနေရတာ မဟုတ်ဘူးဆိုတဲ့အတွေးကိုသာ ကျမထပ်ခါတလဲလဲ တွေးနေမိပါတော့တယ်။ ”

“ဒါတောင် အခု အဖမ်းအဆီးက နည်းနည်းလျော့သွားလို့ တော်သေးတယ်။ ဆူနာမီဖြစ်ဖြစ်ခြင်းတုန်းက ဒုက္ခကရောက်ပါတယ်ဆို သူခိုး၊ ဓါးမြဆိုပြီး ထိုင်းရဲက ပိုက်စိပ်တိုက်လိုက်ဖမ်းနေလို့ ဝရုန်းသုန်းကားနဲ့ အတော်များများ ထွက်ပြေးရတယ်။ အခုထိ (၉) ယောက်ကိုဖမ်းထားတုန်း။ (၄) ယောက်ကထောင်ကျသွားပြီ။ အဲဒါ မိန်းမတွေက နို့စို့ကလေးတွေနဲ့ ကျန်ခဲ့လို့ ငိုကြွယိုကြွပေါ့ နှမ်ထုမ် အလုပ်ဆိုက်မှာလေ။ အဲဒါလည်း ကူမဲ့သူမရှိဘူး။ ကျနော်တို့ပဲ တတ်နိုင်သမျှ ထောက်ပံ့ ပေးနေရတယ်” ကိုထူးချစ်က စကားလည်းဆုံး ကားကိုလည်း မောင်းထွက်သွားတာကြောင့် မနက်ဖြန်မှာ နှမ်ထုမ်အလုပ်ဆိုက်ကိုသွားဖို့ ကျမဆုံးဖြတ်လိုက်ပါတယ်။

“ဒီဇင်ဘာလ (၃၀) ရက်နေ့ကပေါ့ ညသန်းခေါင်ကျော်လောက်မှာ ကျမတို့ အိမ်လေးထဲကို ထိုင်းရဲတွေအများကြီးပဲ ရောက်လာတယ်။ ပြီးတော့ ကျမ ယောကျ်ားကို ဖမ်းသွားတယ်။ သူတို့ပြောတာ ကတော့ ဆူနာမီထိပြီး ပျက်ဆီးနေတဲ့ တည်းခိုခန်းတွေ၊ ဈေးဆိုင်တွေထဲက ပစ္စည်းတွေကို ခိုးလို့တဲ့၊ တကယ်က သူဘာမှမသိပါဘူး။ ဒါပေမယ့် ဆူနာမီထိပြီးမှ အလုပ်ကလည်းမရှိ၊ စားစရာလည်းမရှိလို့ အနီးအနားအဆောက်အဦးအပျက်တွေထဲက သံတိုသံစလေးတွေ လိုက်ကောက်ပြီး ရောင်းစားတာတော့ရှိတယ်။ အဲဒါ ထိုင်းတွေလည်း လုပ်နေတာပဲ အမရယ်။ တချို့နေရာတွေဆို သူတို့ခေါ်လို့ ကျမတို့ လိုက်သွားရတာပါ။ အခုတော့ သူခိုးလို့စွပ်စွဲပြီး ဖမ်းသွားတယ်” (၂)နှစ်အရွယ်သားငယ်ကို ရင်ခွင်မှာပိုက်ပြီး ပြောပြနေတဲ့ မလှရီရဲ့မျက်နှာဟာ ခင်ပွန်းဖြစ်သူကို စိုးရိမ်ပူပန်စိတ်နဲ့ နွမ်းလျလို့နေပါတယ်။

တကယ်တော့ အဲဒီတညထဲမှာပဲ နှမ်ထုမ်ပန်းရံဆိုက်ကနေ မလှရီရဲ့ခင်ပွန်း ကိုတင်ဝင်းနဲ့အတူ စုစုပေါင်း မြန်မာအလုပ်သမား (၉) ဦး အဖမ်းခံခဲ့ရတာပါ။ ဖမ်းသွားပြီး (၃) ပတ်အကြာမှာပဲ ကိုတင်ဝင်းနဲ့ အခြား (၃) ဦးကို အပြစ်ရှိတယ်ဆိုပြီး ထိုင်း အာဏာပိုင်တွေက ထောင် (၂) နှစ်ခွဲစီ ချလိုက်ပါတယ်။ အပြစ်မရှိဘဲ ဘာ့ကြောင့် ထောင်ကျရတာလဲ။ ဥပဒေအရ ခုခံကာကွယ်ခွင့်မရှိဘူးလားလို့ ကျမမေးကြည့်တော့ “သူတို့ အချုပ်ထဲမှာ (၂)ပတ်လောက် ကျမ ယောကျ်ားကို ညှဉ်းပန်းနှိပ်စက်တယ်လို့ ကြားရတယ်။ ကျမလည်း ဖြစ်ဖြစ်ချင်း လိုက်မတွေ့နိုင်ပါဘူး၊ စားရိတ်မရှိဘူးလေ။ နောက်မှ သူများဆီက ပိုက်ဆံနည်းနည်းပါးပါးချေးပြီး တခေါက်သွားတွေ့တော့ မခိုးပါဘူးဆိုပြီးငြင်းနေရင်လည်း နှိမ်စက်ခံရရုံကလွဲပြီး လွတ်မှာမဟုတ်ဘူးတဲ့။ ဝန်ခံရင်သက်သာမယ်။ နှစ်နည်းနည်းပဲကျမယ်ဆိုလို့ မြန်မြန်ပြီးအောင် ခိုးတယ်လို့ပဲ ဝန်ခံလိုက်တယ်တဲ့။ ဒါနဲ့ပဲ (၂)နှစ်ခွဲ ချလိုက်တာ” သူ့စကားအဆုံးမှာတော့ ကျမ သက်ပြင်းမောကိုသာ ချနိုင်ပါတော့တယ်။

ကိုတင်ဝင်းက အချိန် (၂) နှစ်ခွဲကိုထိုင်းထောင်ထဲမှာဘဲ ကျော်ဖြတ်တော့မယ်လို့ စိတ်ကိုဒုံးဒုံးချလိုက်ပေမယ့် အပြင်မှာ အလုပ်မရှိ ဝင်ငွေမရှိနဲ့ သားငယ်ကို ထမင်းနှပ်မှန်အောင် ရှာမကျွေးနိုင်တဲ့ မလှရီကတော့ ဒီ (၂)နှစ်ခွဲကိုကျော်ဖြတ်ဖို့ ရတက်မအေး ဖြစ်နေရပါတယ်။ ဒီလောက်တောင် ဒုက္ခတွေရောက်နေတာ မြန်မာပြည်ကမိဘတွေဆီ ခဏလောက်ပြန်နေပါလားလို့ ကျမအကြံပေးတော့ ‘ဗမာပြည်ပြန်နေတော့လည်း ဘာထူးမှာလည်း အမရယ်။ ထမင်းမှ နပ်မှန်အောင်မစားရတာ ဒီမှာကမှ တနေ့နေ့ အလုပ်ကလေး ပြန်ရမလားဆိုပြီး မျှော်လင့်လို့ရသေးတယ်။ ထိုင်းတွေကလည်း နှိမ်တော့ နှိမ်တာပေါ့။ ဒါပေမယ့် ဘာတတ်နိုင်မှာလည်း ကိုယ့်အစိုးရကမှမကောင်းတာ” မလှရီရဲ့ နှုတ်က အဲဒီလိုစကားမျိုးကြားလိုက်ရတော့ ရုတ်တရက် ကျမအံ့အားသင့်မိသွားပါတယ်။ ဆင်းရဲ နွမ်းပါးလွန်းလို့ သူများတိုင်းပြည်မှာ ကျေးကျွန်သာသာ အလုပ်မျိုးတွေကို လာရောက်လုပ်ကိုင်နေရတဲ့ အသက် (၃၀)ကျော် အမျိုးသမီးတဦးထံက ဒီလိုနိုင်ငံရေးဆန်ဆန် စကားမျိုးကြားရလိမ့်မယ်လို့ ကျမမျှော်လင့်မထားခဲ့ပါဘူး။ မလှရီ မြန်မာပြည်မှာတုန်းက ဘယ်နှစ်တန်းထိ ကျောင်းနေဖူးလည်းလို့ ကျမဆက်မေးကြည့်တော့ မွန်ပြည်နယ်အတွင်းက တောမြို့လေးတမြို့မှာ (၁၀)တန်းအထိ နေခဲ့ဖူးသတဲ့၊ ငယ်ငယ်က စာသိပ်တော်ပေမယ့် ဆင်းရဲလွန်းလို့ ကျောင်းထွက်ခဲ့ရတာကို အမြဲလိုလို ဝမ်းနည်းနာကျည်းမိသတဲ့လေ။ ထိုင်းမှာ လာအလုပ်လုပ်နေတာ (၁၀) နှစ်ကျော်ပြီတဲ့။ ညတိုင်းရေဒီယိုသတင်းတွေ နားထောင်သလို စာဖတ်ဝါသနာပါတဲ့အတွက် ဒီဘက်မှာထွက်သမျှ စာစောင်တွေကို ဖတ်သတဲ့လေ မလှရီရဲ့ပြောပြချက်တွေအဆုံးမှာတော့ ကျမတို့ မြန်မာပြည်သူတွေ ညံ့ဖျင်းလွန်းလို့ သူတပါးနိုင်ငံမှာလာရောက် ကျွန်ခံနေရတာ မဟုတ်ဘူးဆိုတဲ့အတွေးကိုသာ ကျမထပ်ခါတလဲလဲ တွေးနေမိပါတော့တယ်။



မြက်ပင်ရှည်တွေကြားက ခြင်တွေယင်တွေ တလောင်းလောင်းနဲ့ ဆင်းရဲနုံချာလှတဲ့ သွပ်မိုးသွပ်ကာ နှမ်ထုမ်အလုပ်သမားတန်းလျားကနေ ကျမပြန်လာတော့ ညနေ (၆) နာရီရှိပါပြီ။ မနက်ဖြန်မှာ မြန်မာအလုပ်သမားတွေရဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဖန်ငခရိုင်အုပ်ချုပ်ရေးမှူးကို ကျမ သွားတွေ့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ပြီးယင် ဘမ့်နမ်ခင်ဆိုတဲ့ တံငါရွာလေးကို ဆက်သွားရမယ်။ ဒီရွာလေးက ဖန်ငခရိုင်မှာ ဆူနာမီဒဏ် အပြင်းထန်ဆုံးခံရတဲ့ ထိုင်းရွာကလေးပါ၊ အဲဒီမှာ မြန်မာအလုပ်သမားတွေ တထောင်ကျော်လောက် ဒုက္ခရောက်နေသတဲ့။



နောက်တနေ့ ဖန်ငကို ကျမရောက်တော့ အုပ်ချုပ်ရေးမှူးက သူ့ရုံးခန်းမှာ အဆင့်သင့်ရှိနေပါတယ်။ ဒါပေမယ့် ကျမလို နိုင်ငံခြားသား သတင်းထောက်တယောက်ရဲ့ အမေးကို အင်္ဂလိပ်လိုဖြေဖို့ အခက်အခဲရှိတဲ့အတွက် သူ့ကိုယ်စားဖြေကြားပေးဖို့ ဆက်ချိုင်းဆူကွန်တာချက်အမည်ရှိ မြို့မျက်နှာဖုံး အငြိမ်းစားကျောင်းဆရာတဦးကို အကူအညီတောင်းခဲ့ပါတယ်။ သူ့ဆီကနေ ထိုင်း၊ ဆူနာမီဒုက္ခသည်တွေအတွက် ထိုင်းအစိုးရရဲ့ အကူအညီပေးရေးအစီအစဉ်တွေကို ရှန်းရှန်းဝေအောင်ကြားရသလို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးအုပ်ချုပ်ရေးရုံးက နောက်ဆုံးထုတ်ပြန်ထားတဲ့ အစီရင်ခံစာကိုလည်း ကျမရရှိခဲ့ပါတယ်။ ဒီဒေသမှာပဲ ထိုင်းတွေနဲ့အတူ ဒုက္ခရောက်နေတဲ့ မြန်မာအလုပ်သမားတွေအတွက်ရော ထိုင်းအစိုးရက ဘာတွေများ ကူညီပေးခဲ့ပါသလဲ၊ ရေရှည်ဆက်ကူညီပေးမယ့် အစီအစဉ်တွေရော ရှိပါသလားလို့ ကျမ မေးတော့သူ့မျက်နှာမှာချက်ချင်းဆိုသလို အရောင်ပြောင်းလဲသွားတာ ကျမသတိထားလိုက်မိပါတယ်။

“ကျနော်တို့ ထိုင်းအစိုးရမှာ ဗမာအလုပ်သမားတွေအတွက် အကူအညီပေးဖို့ အစီအစဉ် လုံးဝမရှိပါဘူး။ ဘာလို့လဲဆိုတော့ သူတို့ဟာ တရားမဝင်အလုပ်သမားတွေဖြစ်နေလို့ပါ။ အလုပ်သမား (၁၀) ယောက်ရှိရင် (၂) ယောက်လောက်ပဲ တရားဝင်အလုပ်လုပ်တယ်။ ကျန်တာက ခိုးလုပ်နေတာပဲ။ ပြီးတော့ သူတို့ဟာ ကျနော်တို့ထိုင်းရွာသားတွေကိုသတ်တယ် ပြီးရင် ထွက်ပြေးတယ်။ တရားမဝင်နေထိုင်တဲ့သူတွေဆိုတော့ သူတို့ကို ဘယ်လိုသွားအရေးယူမလဲ၊ အဲဒီတော့ အခုလို ဒုက္ခမျိုးကြုံလာယင် သူတို့အတွက် တာဝန် မယူနိုင်ဘူး၊ မြန်မာပြည်ကို ပြန်ပို့လိုက်ရုံပါပဲ” စကားပြောနေယင်းက သူ့မျက်လုံးတွေထဲမှာ ဒေါသနဲ့အတူ ရောပါနေတဲ့ အထင်သေးမှု အရိပ်ယောင်တွေကို ကျမ ဖတ်နိုင်ခဲ့ပါတယ်။ မစ္စတာ ဆက်ချိုင်းဆူကွန်တာချက်ရဲ့စကားအတိုင်းပါပဲ ထိုင်းအစိုးရဟာ ဆူနာမီဘေးဆိုးကြီးကြောင့် ဒုက္ခရောက်နေတဲ့ မြန်မာအလုပ်သမားတထောင်လောက်ကို အသုတ်လိုက်ခဲ့ပြီးတကယ်ပဲနယ်စပ်၊ ရနောင်းမြို့ဆီ သွားသွန်ခဲ့ပါတယ်။ တချို့လည်း ရနောင်းကနေတဆင့် ကော့သောင်ဘက်ကို ပြန်ကူးသွားကြပြီး တချို့လည်း အလုပ်ရှာမယ်ဆိုပြီး ဖန်ငကိုပဲ ပြန်လာကြသတဲ့လေ။

ဖန်ငအုပ်ချုပ်ရေးရုံးက ပြန်လာခဲ့ပြီး နောက်တနေ့ ဘမ့်နမ်ခင်ရွာလေးကို ကျမသွားတော့ ဖူးခက်ဘန်ကောက် ကားလမ်းမကြီးတလျှောက် လမ်းဘေးဝဲယာမှာ ဒေသခံထိုင်းလူမျိုး ဒုက္ခသည်တွေအတွက် စနစ်တကျတည်ဆောက်ပေးထားတဲ့ ယာယီနားခိုစရာ အဆောက်အဦးလေးတွေကို အစီအရီတွေ့ခဲ့ရပါတယ်။ အဲဒီအဆောက်အဦးတွေနဲ့ မနီးမဝေးမှာ ဆေးပေးခန်းတခုစီရှိပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ရင်လုံအိမ်သာတွေကိုလဲ စနစ်တကျဆောက်ပေးထားပါတယ်။ ရိက္ခာအနေနဲ့တော့ ဆန်၊ ဆီ၊ ဆား၊ ပဲစတဲ့ ပစ္စည်းတွေကို တလတခါ အစိုးရရဲ့ အစီအစဉ်နဲ့ ဝေပေးသတဲ့၊ ဒ့ါကြောင့်ဘဲ ထင်ပါရဲ့၊ ဖန်ငအုပ်ချုပ်ရေးရုံးက ကျမရရှိခဲ့တဲ့ စာရင်းထဲမှာ ဆူနာမီဒုက္ခသည်တွေအတွက် ထိုင်းအစိုးရက ဘတ်သန်း(၂၂၀) အကူအညီ ပေးခဲ့ပြီးကြောင်း ဖေါ်ပြထားတာ၊ ထိုင်းအလုပ်သမားဝန်ကြီးဌာနကလဲ အလုပ်လက်မဲ့ဖြစ်သွားတဲ့ ဒေသခံထိုင်းတွေအတွက် ဘတ်သန်း (၅၀) နီးပါး လျော်ကြေးပေးခဲ့သတဲ့၊ အဲဒီအထဲမှာ တရားဝင် မြန်မာအလုပ်သမားတွေအတွက်တော့ မပါပါဘူး၊ မြန်မာပြည်က ဆလုံတိုင်းရင်းသားတွေလိုဘဲ ပင်လယ်ထဲမှာ အမြဲနေထိုင်တဲ့ထိုင်း (ခေါ်) မော်ဂန်တိုင်းရင်းသားတွေအတွက်ကတော့ ချစ်စရာပုံစံတူ၊ သစ်သားအိမ်ကလေးတွေကို ထိုင်းအစိုးရက ဆောက်ပေးထားပါတယ်၊ ဒီမော်ဂန်ရွာလေးကိုလွန်တော့ မြန်မာအလုပ်သမားတွေ အများစုနေထိုင်တယ်ဆိုတဲ့ ဘမ့်နမ့်ခင်ရွာကလေးကိုရောက်ပါပြီ။

ဒီခရီးအတွက် ကျမရဲ့ ခရီးသွားလမ်းညွှန်အဖြစ် လိုက်ပါကူညီပေးတဲ့ ကိုအောင်ကျော်က ရွှေ့ကအခန်းထဲမှာ မြန်မာတွေ ခဏစုပြီး နေနေကြတယ်လို့ ပြောတာကြောင့် ကျမလှမ်းကြည့်လိုက်တော့ တံလျှပ်တွေထနေတဲ့ မေလရဲ့ နေရောင်အောက်မှာ စုတ်တိစုတ်ချာ အခန်းကျဉ်းလေးတခုကို ကျမတွေ့ရပါတယ်။ အထဲကိုဝင်လိုက်တော့ (၁၅) နှစ်ကနေ (၄၀) အကြား မြန်မာအလုပ်သမား ယောက်ကျားမိန်းမ အယောက်(၂၀)လောက် ကျမကို ထိုင်စောင့်နေကြပါတယ်။

“ဒီရွာမှာ ဆူနာမီမဖြစ်ခင်က ဗမာ (၁၅၀၀) လောက်ရှိတယ်၊ ထိုင်းတွေထက်တောင် များသေးတယ်၊ ဆူနာမီဖြစ်တော့ တရွာလုံးကြေတာဘဲ၊ ဗမာတွေ (၃၀၀)ကျော် (၄၀၀) နီးပါးလောက်သေတယ်၊ ကျန်တဲ့သူတွေက အလုပ်မရှိ၊ စားစရာမရှိတော့ အတော်များများ ပြန်သွားကြတယ်၊ ဒါပေမယ့် တလလောက်နေတော့ ပြန်ရောက်လာတာဘဲ၊ အခု ဒီတရွာထဲမှာတင် ဗမာတွေ (၁၀၀၀) ကျော်လောက် ပြန်ဖြစ်နေပြီ၊ အားလုံးနီးပါး အလုပ်မရှိဘူး၊ နေစရာအိမ်လဲမရှိဘူး။ ဒီလိုဘဲ မပျက်ဘဲကျန်နေတဲ့ အိမ်လေးတွေကို ပြန်ပြင်ပြီး တအိမ်ကို (၁၀) ယောက် (၁၅)ယောက် စုနေကြတယ်။ အခု ထိုင်းတွေက လှေတွေပြင်နေတယ်လေ။



နောက်လ ဆက်လက်ဖော်ပြပါမည်။

# နအဖထောင်တွင်းရှိ နိုင်ငံရေးအကျဉ်းသားများ ကျန်းမာရေးဆိုးဝါးနေ



ဒေါက်တာ သန်းငြိမ်း

နအဖထောင်ထဲရှိ နှစ်ရှည်နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးအခြေအနေမှာ ဆိုးရွားနေကြောင်းသိရသည်။ အေအေပီပီမှ အတွင်းရေးမှူးကိုဘိုကြည်က နှစ်ရှည်နိုင်ငံရေး အကျဉ်းသားများထဲတွင် ရခိုင်တိုင်းရင်းသားထဲမှ (၁၀) ယောက်ဝန်းကျင်၊ ကရင်တိုင်းရင်းသားထဲမှ (၁၀) ယောက် ဝန်းကျင်ခန့် ကျန်ရှိနေဦးမည်ဖြစ်ပြီး ၁၉၇၃ ခုနှစ်ခန့်ကတည်းက အကျဉ်းကျနေကြသူများဖြစ်ကြောင်း၊ ဦးဝင်းတင်ကဲ့သို့ အသက်အရွယ်ကြီးရင့်၍ ကျန်းမာရေးမကောင်းသူများ၊ ကိုသက်ဝင်းအောင်ကဲ့သို့ ကျန်းမာရေးအခြေအနေဆိုးဝါးနေသူများရှိနေကြောင်း မကြာမီ စာရင်းအတိအကျပြုစု၍ သတင်းထုတ်ပြန်မည်ဖြစ်ကြောင်း ပြောသည်။ ပူတာအိုအကျဉ်းထောင်တွင် နှစ်ရှည်ထောင်ချခံထားရသော နိုင်ငံရေးအကျဉ်းသား ကိုခင်မောင်လွင်သည် ထောင်တွင်း ဆေးရုံတက်ရသည်မှာ (၂) ကြိမ်ရှိပြီဖြစ်ပြီး သွေးတိုး၊ နှလုံး၊ လိပ်ခေါင်း၊ ငှက်ဖျားရောဂါများ ဆိုးဆိုးဝါးဝါးခံစားနေရသည်။ ငြိမ်းချမ်းရေးသုတေသနလူငယ်များအဖွဲ့ကို ဦးဆောင်လှုပ်ရှားသူ ကိုခင်မောင်လွင်ကို ၁၉၉၈ ၌ စစ်ထောက်လှမ်းရေးမှဖမ်းဆီးကာ ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခဲ့သည်။ ထောင်တွင်း၌လည်း ထောင်အာဏာပိုင်များ၏မတရားမှုကို ရဲရဲရင့်ရင့် ပြန်လည်ပြောဆိုတိုက်ပွဲဝင်ခဲ့သောကြောင့် အင်းစိန်ထောင်၊ ကလေးထောင်၊ လွိုင်ကော်ထောင်၊ ပူတာအိုထောင်စသည်ဖြင့် ထောင်အသီးသီးသို့ ပြောင်းရွှေ့ခြင်းခံခဲ့ရသည်။ ကျောင်းသားလှုပ်ရှားမှုကို ဦးဆောင်မှုဖြင့် ထောင် (၅၉) နှစ် ချမှတ်ခံသူ မန္တလေးထောင်ရှိ ကိုသက်ဝင်းအောင်မှာလည်း ကျန်းမာရေးအခြေအနေဆိုးဝါးပြီး လမ်းမလျှောက်နိုင်တော့ပဲ ဘီးတပ်ကုလားထိုင်နှင့် သွားနေရသည်။ အေဘီအက်စ်ဒီအက်ဖ်နှင့် လျှို့ဝှက်ဆက်သွယ်မှု တရားမဝင်စာရွက်စာတမ်းဖြန့်ဝေမှု၊ နိုင်ငံရေးလှုံ့ဆော်မှုများကြောင့် ၁၉၉၇ ဇန်နဝါရီတွင်အဖမ်းခံရပြီး ထောင် (၂၆) နှစ်ကျခံနေရသော အင်းစိန်ထောင်ရှိ ကိုသက်ဦးမှာ စစ်ကြောရေးစခန်းတွင် ရိုက်နှက်စစ်ဆေးခံခဲ့ရသောဒဏ်များကြောင့် ကျန်းမာရေးအခြေအနေဆိုးဝါးနေသည်။ သရက်ထောင်တွင် အကျဉ်းကျခံနေရသည့် မကွေးတိုင်းအဖွဲ့ချုပ် စည်းရုံးရေးမှူးဖြစ်သူ ဦးကိုဦးမှာလည်း ကျန်းမာရေးဆိုးဝါးနေသောကြောင့် ထောင်ဆေးရုံတွင်တင်၍ ကုသနေရကြောင်း သိရသည်။

နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးနှင့်တွေ့ဆုံဆွေးနွေးရေးလုပ်ရန် ရန်ကုန်မြို့တော်ခန်းမရှေ့တွင် တကိုယ်တော်တောင်းဆိုဆန္ဒပြခဲ့သောကြောင့် ထောင်ဒဏ် (၁၄) နှစ်ချမှတ်ခြင်းခံသောအင်းစိန်ထောင်ရှိ ကိုသက်နောင်စိုးမှာ စိတ်ဝေဒနာခံစားနေရသည်ဟု သိရသည်။

နှစ်ရှည်နိုင်ငံရေးအကျဉ်းသားများအား ယခုကဲ့သို့ ဖမ်းဆီးထားခြင်းအပေါ် ကိုဘိုကြည်က ''နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးနေတယ်ဆိုတာ နအဖက တကယ့်စေတနာအမှန်နဲ့ ရိုးရိုးသားသား လွှတ်ပေးနေတာမဟုတ်ဘူး။ သူတို့က နိုင်ငံရေးကစားကွက်တခုခုအရ အသာစီးရဖို့အတွက် လွှတ်ပေးနေတာမျိုးဖြစ်တယ်။ ဘာဖြစ်လို့ ဒီလိုမျိုးလွှတ်ရသလဲဆိုတော့ တကယ်ကို လွှတ်သင့်လွှတ်ထိုက်တဲ့လူတွေ၊ လွှတ်ကိုလွှတ်ပေးရမယ့်လူတွေ လွှတ်မပေးပဲနဲ့ ခုချိန်ထိ ထောင်ထဲမှာ ဆက်ထားနေတာတွေရှိတယ်။ ဥပမာ ဒေါက်တာသန်းငြိမ်းဆိုပါတော့။ သူဆိုရင် ကျန်းမာရေးတောင် စောင့်ရှောက်မှုအပြည့်အဝမရဘူး။ ကျန်းမာရေးစောင့်ရှောက်မှု ငြင်းခံနေရတယ်။ သူဟာ ပြစ်ဒဏ်စေ့သွားပြီဖြစ်တယ်။ ဒီလို လူမျိုးတွေကို လွှတ်မပေးတော့ဘူး။ နောက်အဲဒီလိုပဲ၊ ဦးဝင်းတင်ကို သူတို့တွေ ထောင်ဖူးဝအထိခေါ်လာတယ်။ ခေါ်လာပြီးတော့မှ သူတို့က လွှတ်မပေးပဲနဲ့ အထဲကိုပြန်ထည့်လိုက်တယ်။ ဒါဟာ အကျဉ်းသားတယောက်အတွက် အဆိုးရွားဆုံးရက်စက်ခံလိုက်ရတာပဲဖြစ်တယ်။ ဒီလိုဟာမျိုးတွေဆက်ရှိနေတဲ့အခါကျတော့ သူတို့ လွှတ်ပေးလိုက်တယ်ဆိုတာက သူတို့ နိုင်ငံရေးကစားကွက်အရ လွှတ်ပေးလိုက်တယ် ဆိုတာက ထင်ရှားနေပါတယ်''ဟု ဒီဗွီဘီသို့ ပြောကြားသွားခဲ့သည်။

❖

# နအဖအစိုးရက အတိုက်အခံများအား မတရားဖမ်းဆီးထောင်ချနေ

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းနှင့် မိသားစု (၄) ဦးအား ထောင်ဒဏ်အပြင် ငွေဒဏ်ပါ ပူးတွဲချမှတ်ခဲ့ကြောင်းသိရသည်။ တဦးလျှင် ဒဏ်ငွေငါးသောင်းစီ ချမှတ်ခဲ့ပြီး ငွေမဆောင်နိုင်လျှင်နောက်ထပ် ထောင် (၂) နှစ်စီအသီးသီးကျခံရမည်ဟု အင်းစိန်ထောင်တရားရုံးမှအမိန့်ချမှတ်ခဲ့သည်။ ဦးကျော်မင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ (စီအာရ်ပီပီ) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ပေးလျှင် ပြန်လွှတ်ပေးမည်ဟု အာဏာပိုင်များကစည်းရုံးခဲ့ကြောင်း သိရသည်။

ဩဂုတ်လ (၃) ရက်နေ့က ရှမ်းပြည်အတိုင်ပင်ခံအဖွဲ့ဝင်တဦးဖြစ်သူ စဝ်ခွန်ကြာအား စသုံးလုံး (အထူးစုံစမ်းရေး) အဖွဲ့ဝင်များက သီပေါမြို့နေအိမ်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ စဝ်ခွန်ကြာသည် သီပေါစော်ဘွားစဝ်ကြာဆန်၏တူဖြစ်ပြီး ခွန်ထွန်းဦးနှင့် ညီအကိုဝမ်းကွဲတော်စပ်သူဖြစ်သည်။ ရှမ်းနိုင်ငံရေးသမား ထိပ်ပိုင်းခေါင်းဆောင်များအား နအဖက ၂၀၀၅ ဖေဖဝါရီလမှစ၍ စွဲချက်အမျိုးမျိုးဖြင့် ဖမ်းဆီးထောင်ချမှုများ ပြုလုပ်ခဲ့သည်။

ရှမ်းပြည် ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင်၊ ရှမ်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်အပါအဝင်ရှမ်းခေါင်းဆောင် (၁၀) ဦးအား ဖေဖော်ဝါရီလ (၉) ရက်နေ့က ဖမ်းဆီးခဲ့ပြီး ရှမ်းပြည်အတိုင်ပင်ခံအဖွဲ့ ဖွဲ့စည်းမှု၊ သစ်မှောင်ခိုမှု စသည့်စွဲချက်များနှင့် ဖမ်းဆီးထားခဲ့သည်။ ဦးခွန်ထွန်းဦးအပါအဝင် (၁၀) ဦးအား ဖေဖော်ဝါရီ (၉) ရက် ရှမ်းပြည်နယ်နေ့ကျင်းပပြီး နောက်တနေ့တွင် အာဏာပိုင်များမှ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဩဂုတ်လ (၃) ရက်နေ့က သန်လျင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ကာတွန်းချစ်ဆွေ (ခေါ်) ဦးချစ်ဆွေအား သန်လျင်မြို့နယ်တရားရုံးမှ ထောင်ဒဏ် (၁) လ ချမှတ်လိုက်သည်။ မြို့နယ်တရားသူကြီး ဒေါ်ယဉ်ယဉ်သန်းက အာဏာပိုင်များထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်ကို မလိုက်နာမှုပုဒ်မ (၁၈၈) နှင့် ထောင် (၁) လ၊ ခြေချုပ်ပုဒ်မ ၅/၁ (စ-ဆ) ဖြင့် (၆) လ ခံဝန်ချုပ်ဖြင့်နေရန် အမိန့်ချခဲ့သည်။ ဦးချစ်ဆွေအား ကြိုတင်ခွင့်ပြုချက်မယူပဲ အစည်းအဝေးပြုလုပ်ခဲ့သည်ဟူသော စွဲချက်ဖြင့် တရားစွဲထောင်ချခဲ့ခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏မိန့်ခွန်း လက်ဝယ်တွေ့ရှိမှုဖြင့် ထောင် (၁၀) နှစ်ချမှတ်ခြင်းခံထားရသူ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းအောင်၏ အယူခံကို ရွှေဘိုတရားရုံးက ပယ်ချခဲ့သည်။ အဖွဲ့ချုပ်ရှေ့နေများက စစ်ကိုင်းတိုင်းရုံးသို့ အယူခံဆက်တက်ရန် ပြင်ဆင်နေကြောင်းသိရှိရသည်။

❖

# အိမ်မဲ၊ တဂူဆိပ်ကျေးရွာမှ ရွာသားများ မတရားဖမ်းဆီးသတ်ဖြတ်ခံနေရ

ဇူလိုင်လ (၇) ရက်နေ့က ရေဝတီတိုင်း၊ အိမ်မမြို့နယ်၊ တဂူဆိပ်ကျေးရွာမှ အဲန်အင်လ်ဒီအဖွဲ့ဝင် (၂) ဦး၊ ဆရာဝန်တဦး အပါအဝင် ရွာသား (၃၂) ဦးကို အာဏာပိုင်များက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ကေအင်န်ယူမှ ပေးပို့သောဖောက်ခွဲရေးပစ္စည်းများ တဂူဆိပ်ကျေးရွာအတွင်းဝှက်ထားသည်ဟု သတင်းရရှိ၍ အာဏာပိုင်များက တအိမ်တက်ဆင်း တက်ရောက်ရှာဖွေခဲ့ပြီး သင်္ချိုင်းမြေနှင့် ခရစ်ယာန်ဘုရားကျောင်းဝင်းများပါမကျန် မြေလှန်ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။ တဂူဆိပ်ရွာမှ အလယ်တန်းပြကျောင်း ဆရာစောစတန်းဖို့ဒ်မှာ ကျင်စက်နှင့်တို့၍ စစ်ကြောရေးလုပ်ရာမှ သေဆုံးသွားခဲ့သည်။ လာရောက်စစ်ဆေးသူများမှာ ရန်ကုန်စစ်ဖက်ရေးရာလုံခြုံရေးဌာနမှ အထူးအရာရှိများဖြစ်ပြီး ရွာတင်ပင် စစ်ကြောရေးစခန်းဖွင့်၍ စစ်ဆေးခဲ့ခြင်းဖြစ်သည်။ အဖမ်းခံရသူ (၃၂) ဦးအနက် (၁၆) ဦးအား မြောင်းမြခရိုင် ခယကဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်း၏ အမိန့်နှင့် ယမန်နှစ်ပတ် ယူချုပ်ထားပြီး ကျန်အဖမ်းခံရသူများ၏အခြေအနေကို စုံစမ်းမရသေးကြောင်းသိရသည်။

ယခု စစ်ဆင်ရေးကို ခလရ (၉၃) မှ ပြုလုပ်ခဲ့ပြီး တဂူဆိပ်ရွာအနီး သရက်ကုန်းကျေးရွာတွင်စခန်းချ၍ ရွာကိုပိတ်ဆို့ထားဆဲဖြစ်သည်။ ကေအဲန်ယူအတွင်းရေးမှူး ဖဒိုမန်းရှာက ''ဒီလိုတရားမဲ့လုပ်တာတော့ မသင့်တော်ဘူးလို့ ကျနော်တို့ ယူဆတယ်လေ။ တဂူဆိပ်ကျေးရွာဆိုတဲ့ဥစ္စာကတော့ ပြောရမယ်ဆိုရင် ခုနကစွပ်စွဲတဲ့ကိစ္စတွေကတော့ ဘာမှ သက်သေအထောက်အထားမရှိပါဘူး။ တခုရှိတာကတော့ တိုင်းပြည်မှာရှိတဲ့ ဘယ်လူမျိုးပဲ ဖြစ်ဖြစ်ပေါ့ဗျာ။ သူတို့က အမျိုးသားစိတ်တော့ရှိကြတာပေါ့ဗျာ။ ဒီလိုပေါ် အခြေခံပြီးတော့ ခုနတုန်းကလိုမှ မတော်မတရားလိုက်ပြီးတော့ အမျိုးမျိုးစွပ်စွဲပြီးတော့ အခုလို ဖိနှိပ်သတ်ဖြတ်မှုတွေကတော့ လုံးဝမသင့်ဘူးလို့တော့ ကျနော်တို့ယူဆတယ်။ ဒါတိုင်းရင်းသားစည်းလုံးညီညွတ်မှုကို သိပ်ပြီးတော့ ထိခိုက်တယ်ဗျ''ဒီဗွီဘီသို့ ပြောကြားသည်။ ၁၉၉၁ တွင် ရေဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိတွင် ယခုကဲ့သို့ ဖြစ်ခဲ့ဖူးပြီး ကရင်ရွာသားများ ရာနှင့်ချီ၍သတ်ဖြတ်ခံခဲ့ရဖူးသည်။ ထိုကိစ္စတွင် ကေအဲန်ယူမှ အထူးတပ်ဖွဲ့ တဖွဲ့စေလွှတ်ခဲ့သော်လည်း ယခု အိမ်မဲကိစ္စတွင်မူ ကေအဲန်ယူမှ ဘာမှစေလွှတ်ထားခြင်းမရှိကြောင်း ဖဒိုမန်းရှာမှ ရှင်းပြခဲ့သည်။ အဖွဲ့ချုပ် ဥပဒေအထောက်အကူပြုအဖွဲ့ဝင်တဦးဖြစ်သူ ဦးဉာဏ်ဝင်းက ''ဥပဒေကြောင်း အရတော့ဗျာ၊ ဖမ်းရင်တရားရုံး အမိန့်လိုတယ်။ နောက်ပြီးတော့ ဒီလောက် တရွာလုံးကိုလုပ်တာဆိုရင် တရားရုံးရဲ့ခွင့်ပြုချက်နဲ့ လုပ်ရမှာပေါ့ဗျာ။

ဒါပေမယ့် တကယ်ဖြစ်တော့ ဒီမှာ ဒါတွေမရှိဘူးဖြစ်နေတယ်။ ကျနော်တို့ ဟိုတုန်းကဆိုရင် ထောက်လှမ်းရေးပေါ့နော်၊ ထောက်လှမ်းရေးက ခေါ်သွားမယ်။ ခေါ်သွားပြီး သူတို့က စစ်ကြောချက်လုပ်မယ်။ စစ်ကြောချက် လုပ်ပြီးမှ ရဲကိုလွှဲ၊ အဲဒီစစ်ကြောချက်လုပ်တဲ့ကာလကို ဘာနဲ့ချုပ်သလဲဆိုတာ ဥပဒေမှာတော့ မရှိဘူးဗျ။ ဒါပေမယ့် ဟိုမှာတယောက်သေတယ်လို့ သတင်းရတော့ ဒီဟာနဲ့ပတ်သက်ပြီးတော့ တရားဥပဒေနဲ့အညီ လုပ်ဖို့လိုတာပေါ့''ဟု ပြောသည်။ ယခုကိစ္စနှင့်ပတ်သက်၍ မြောင်းမြမြို့ပေါ်တွင် လုံခြုံရေးတင်းကျပ်ထားပြီး နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် နိုင်ငံရေးနှင့်ဆက်နွယ်နေသူများကို စစ်ဆေးမေးမြန်းမှုများပြုလုပ်နေကြောင်း သိရသည်။

ထပ်မံရရှိသောသတင်းအရ ဖမ်းဆီးခံရသူ (၁၆) ဦးအား ဩဂုတ် (၁၂) ရက် ပြန်လည်လွှတ်ပေးလိုက်ပြီး တဂူဆိတ်နှင့် သရက်ကုန်းကျေးရွာတွင် စခန်းချပိတ်ဆို့ ထားသော ခလရ (၉၃) ကိုလည်း ပြန်လည်ရုပ်သိမ်းသွားပြီဟု သိရသည်။ ခလရ (၉၃) နှင့် ဒေသခံအာဏာပိုင်များက သေဆုံးသွားသော ကျောင်းဆရာ စောစတန်းဖို့အတွက် ထိုက်သင့်သည့် လျော်ကြေးပေးမည်ဖြစ်ကြောင်း၊ တဂူဆိပ်နှင့် အိမ်မဲကြား ကတ္တရာခင်းကားလမ်းဖောက်ပေး၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် အစွမ်းကုန်ကူညီသွားမည်ဟု ကတိများပေးသွားပြီး ထိုအကူအညီ များရရှိရန် ဖမ်းဆီးခံရွာသားများမှ မိမိတို့ကိုမည်သို့ ညှင်းပန်းနှိပ်စက်ကြောင်း၊ မည်သူက ဖမ်းဆီးစစ်ဆေးကြောင်း၊ စသည့်အချက်အလက်များကို မည်သူ့ကိုမှ ပြန်မပြောရန်၊ အထူးသဖြင့် ပြည်ပရေဒီယိုဌာနများသို့ လုံးဝမပြောရန် ကတိခံဝန်ချက်နှင့် ပြန်လွှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

❖

# ငြိမ်းချမ်းရေးယူထားသော ရှမ်းပြည်နယ်မြောက်ပိုင်းတပ်မတော်ဖိအားပေးခြင်းခံနေရ

ဩဂုတ် (၃၁)၊ ၂၀၀၅။

စစ်အစိုးရနှင့် ငြိမ်းချမ်းရေးယူထားသော ရှမ်းပြည်တပ်မတော်မြောက်ပိုင်း၏ တပ်မဟာ (၃) ကို (၁၅) ရက်အတွင်း လက်နက်မချလျှင် တိုက်ခိုက်ခြင်းခံရမည်ဟု အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရာဇသံပေးလိုက်သည်။

စစ်ရေးလေ့လာသူ ဦးဌေးအောင်က ''စစ်အစိုးရအနေနှင့် ငြိမ်းချမ်းရေးပျက်ပြားမည်ကိုလည်း ဂရုစိုက်မည်မဟုတ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မပြီးသေးခင် ဖိအားပေးနိုင်သမျှ ပေးထားမည်။

နအဖအနေနှင့် နိုင်ငံရေးအရကြည့်လျှင် ရှမ်းအဖွဲ့ကို အခြားလက်နက်ကိုင်အဖွဲ့များထက် အရေးကြီးသည်ဟု သတ်မှတ်ထားသည်။ ထို့ကြောင့် ယခု ဖိအားပေးမှုသည် ညောင်နှစ်ပင်ညီလာခံနှင့် ပတ်သက်နေပြီး ညီလာခံကိုဆန့်ကျင်သူအားလုံးကို အမြစ်ပြတ်ချေမှုန်းမည့် သင်္ကေတဖြစ်သည်''ဟု သုံးသပ်သည်။ ယခုလ (၂၁) ရက်နေ့က အက်စ်အက်စ်အေဥက္ကဋ္ဌ ဗိုလ်ချုပ်လွယ်မောင်းနှင့် အဖွဲ့ကို ဒုတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ခေါ်ယူတွေ့ဆုံပြီး တပ်မဟာ (၃) လက်နက်ချရေးကိစ္စကိုဆွေးနွေးခဲ့သည်ဟု သိရှိရသည်။ ထို့အပြင် (၂၄) ရက်နေ့ကလည်း တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ထပ်မံခေါ်ယူတွေ့ဆုံပြီး တပ်မဟာ (၃) အနေနှင့် ယင်းတို့အခြေစိုက်ရာနယ်မြေများမှ (၂) ပတ်အတွင်း ထွက်ခွာရန်နှင့် မထွက်ခွာပါက ငြိမ်းချမ်းရေးပျက်ပြီဖြစ်ကြောင်း ဖိအားပေးအကြပ်ကိုင်ခဲ့သည်။ ယခုအခြေအနေတွင် အက်စ်အက်စ်အေမြောက်ပိုင်းအနေနှင့် လက်နက်ချမည့်အရိပ်အယောင်မမြင်ရပဲ ယင်းအဖွဲ့နှင့် နအဖအကြား ပိုမိုတင်းမာလာနိုင်ကြောင်း စစ်ရေးအကဲခပ်သူများက ပြောဆိုသည်။ ပြီးခဲ့သည့် ဇူလိုင်လ (၅) ရက်နေ့က အက်စ်အက်စ်အေ(မြောက်ပိုင်း) အဖွဲ့ ဒုဥက္ကဋ္ဌ ဗိုလ်မှူးစပ်ကိုင်ဖ၏ လူယုံ (၄) ဦးကို မူဆယ် (၁၀၅) မိုင်ဂိတ်တွင် လက်နက်များနှင့်အတူ ဖမ်းဆီးခဲ့သည့်ကိစ္စနှင့်ပတ်သက်ပြီး စပ်ကိုင်ဖနှင့် ဥက္ကဋ္ဌ ဗိုလ်ချုပ်လွယ်မောင်းကိုယ်တိုင် ရမခတိုင်းမှူးနှင့် ညှိနှိုင်းခဲ့သော်လည်း အဆင်မပြေခဲ့ပါ။ ဇူလိုင်လ (၂၃) ရက်နေ့ကလည်း အာဏာပိုင်များ၏ အကျပ်ကိုင်ခြိမ်းခြောက်မှုကြောင့် စိုင်းရီဦးဆောင်သော ရှမ်းပြည်တပ်မတော် အက်စ်အက်စ်အေနှင့် ဒုတပ်မဟာမှူးစိုင်းကူ ဦးဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော် အက်စ်အက်စ်အဲန်အေ တပ်မဟာ (၆) မှ တပ်ဖွဲ့ဝင်များ လက်နက်ချခဲ့သည်။ ❖

# ဂွတိပိသောညတွေ ကင်းစေကုန်စေ







ကနေ့ ဘာတွေဖြစ်နေကြပြီလဲ ...။
စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဟာ ဘယ်တုန်းကထက်မဆို ဆိုးဝါးနိမ့်ကျနေရတယ် ...
WFP (ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်) ရဲ့အကြီးအကဲ မစ္စတာဂျိမ်းစ်မော့ရစ်ရဲ့ ဩဂုတ်လ (၁) ရက်ကနေ (၄) ရက်နေ့အတွင်း လေ့လာတွေ့ရှိခဲ့တဲ့ ကိန်းဂဏန်းတွေဟာ ပျိုးခင်းကို ရေဖြတ်ပြီး မီးတိုက်နေသလိုပဲ ...

## (၁)

၁၉၈၈ ဩဂုတ်လ (၂၄) ရက်နေ့ဟာ နအဖစစ်အုပ်စုအဖို့ ငယ်ထိပ်ကို မြွေကိုက်ခံလိုက်ရသလို ခေါင်းနပန်းကြီးစေခဲ့ပါတယ်။

ဘာဖြစ်လို့လဲ ....။

ပြည်သူ့လွှတ်တော် .... အမြန်ခေါ်၊ အမြန်ခေါ်

ပြည်သူ့အစိုးရ .... တို့အစိုးရ၊ တို့အစိုးရ ....

စစ်အစိုးရ .... အလိုမရှိ၊ အလိုမရှိ

ဆိုတဲ့ ကြွေးကြော်သံတွေဟာ .... ဟိန်းဟိန်းညံနေခဲ့လို့ပါပဲ။ ရန်ကုန်တက္ကသိုလ်ပေါင်းစုံ၊ ကျောင်းပေါင်းစုံက ကျောင်းသားတွေဟာ လှည်းတန်းလမ်းစုံမှာ စည်းစနစ်ကျနစွာပဲ ယာဉ်ကြောမပိတ်မိအောင် ဝိုင်းဖွဲ့ထိုင်ထားကြပြီး ကြွေးကြော်သံတွေကို ရင်ထဲက ယုံကြည်မှုတွေနဲ့ အရဲရင့်ဆုံးအော်ဟစ်တောင်းဆိုနေကြတာပါ။

'ပြည်သူ့လွှတ်တော် အမြန်ဆုံးခေါ်ယူပေးဖို့ နအဖစစ်အစိုးရကို ပြတ်ပြတ်သားသား တောင်းဆိုကြောင်း'သဘောထား ထုတ်ပြန်ချက်တွေကို ကျောင်းသူလေးတွေက ဖြတ်သွားတဲ့ကားတွေကို၊ ခရီးသည်တွေကို၊ ဝိုင်းပြီးအားပေးထောက်ခံနေတဲ့လူထုကြီးကို လိုက်ပြီး ဝေငှနေကြပါတယ်။

ဩဂုတ် နေပူပူခါးခါးအောက်မှာ ....

မျက်နှာနုနုလေးတွေနှင့် သမိုင်းတာဝန်တွေကို ကြောက်ရွံ့တုန်လှုပ်ခြင်းကင်းစွာနဲ့ ကျေကျေပွန်ပွန် လက်ဆင့်ကမ်းသယ်ဆောင်နေတဲ့ မျိုးဆက်သစ်တွေ။

အဲဒီလှည်းတန်းကနေ လမ်း (၃၀)၊ ပြီးတော့ ဆူးလေလမ်းဆုံ။

ကြွေးကြော်သံတွေ၊ သဘောထားထုတ်ပြန်ချက်တွေ၊ ခွပ်ဒေါင်းအလံတွေနှင့် အမြဲတမ်းသစ်လွင်၊ အမြဲတမ်းအင်ပြည့် အားပြည့်ဖြစ်နေတဲ့ ကျောင်းသားထုရဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုတွေဟာ .... ရန်ကုန်တမြို့လုံး တမဟုတ်ခြင်း ပျံ့နှံ့သွားခဲ့ပါတော့တယ်။

## (၂)

အဲဒီကာလ နိုင်ငံရေးရာသီဥတုက ဘယ်လိုလဲ။

ကျနော်တို့ နည်းနည်းလေး လေ့လာကြည့်ကြရအောင်ပါ။

၁၉၈၈ ကျောင်းသားလှုပ်ရှားမှုမှာ ပါဝင်ခဲ့တဲ့ သပိတ်မှောက်ကျောင်းသူ မမြတ်စပယ်မိုးကတော့ ဒီလိုဆိုပါတယ်။

'၉၆ ခုနှစ်တုန်းက ကျောင်းတွေ ပိတ်သွားပါတယ်၊ (၉၆) ဒီဇင်ဘာ ကျောင်းသားလှုပ်ရှားမှုဖြစ်ခဲ့အပြီးမှာ တရားဝင်ကြေညာခြင်းမရှိပဲ ကျောင်းတွေပိတ်ပါတယ်။ ပြီးတော့ .... (၉၈) မှာ ကျမတို့ကျောင်းတွေ ပြန်ဖွင့်တဲ့အခါမှာ စာမေးပွဲ တန်းဖြေရပါတယ်၊ ကျောင်းမတက်ရပဲနဲ့ အဲဒီလိုဖြေရတဲ့အခါမှာ တက္ကသိုလ်မှာမဖြေရပဲနဲ့ ကျမတို့ စတိတ်ကျောင်းတွေမှာ ဖြေခဲ့ရပါတယ်။ အဲဒီလို ဖြေရတဲ့အခါမှာလည်း ကျောင်းတွေကို ထောက်လှမ်းရေးတွေ၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးတွေကနေ အဝကနေပြီးတော့၊ ကားတွေနဲ့စောင့်နေပြီးတော့ အဲဒီလိုအဆီးအတားတွေနဲ့ ဖြေခဲ့ရပါတယ်။ ဒါကို ကျမတို့ကျောင်းသားတွေ မကျေနပ်ကြဘူး။'

ပြီးတော့ သူမကဆက်ပြောပြတာက ....

'ဒီမှာ ....အရေးကြီးဆုံးတခုက ပြည်သူ့လွှတ်တော်ခေါ်ယူပေးဖို့ အဲန်အယ်လ်ဒီက တောင်းဆိုပါတယ်။ အဲဒီလိုတောင်းဆိုတာကို ကျမတို့ကျောင်းသားတွေက ထောက်ခံတယ်ဆိုပြီးတော့ ကျမတို့ဆန္ဒပြတာပါ။'

ကျောင်းသားလှုပ်ရှားမှုတွေနှင့် နိုင်ငံရေးအခင်းအကျင်းကြီးတခုလုံးရဲ့ အဆက်အစပ်ကို ကျောင်းသူတစ်ယောက်ရဲ့အမြင်နှင့် ချဉ်းကပ်ပြသွားတာပါ။

ကျနော်တို့ ဒီထက်နှစ်ပြီး ခပ်နက်နက် ထပ်တိုးပြီး ကြည့်ကြသေးတာပေါ့။

## (၃)

ဇာတ်လမ်းက ၁၉၉၅ ဇူလိုင်လ (၁၀) ရက်နေ့ကစတယ်လို့ ပြောရမယ်ထင်ပါတယ်။

အဲဒီရက်မှာ ....နဝတ စစ်အုပ်စုဟာ ၁၉၉၃ ကစခဲ့တဲ့၊ သူဦးစီးကျင်းပခဲ့တဲ့ အမျိုးသားညီလာခံဟာ (End Game) ပွဲသိမ်းတိုက်ကွက်ကိုရောက်ပြီဆိုတဲ့အမြင်နှင့် ဒေါ်စုကို စိတ်ချလက်ချလွှတ်ပေးလိုက်ပါတယ်။

ဒီအဆင့်ထိရောက်မှတော့ 'ဂငယ်'ကွေ့ ဘယ်သူကွေ့လို့ ရတော့မှာလဲလို့ နဝတက လုံးလုံးယုံကြည်ထားပုံရပါတယ်။

အဲဒီလိုနဲ့ ....တက်တွေမြှောက်ပြီး ပန်းဝင်တော့မယ့် စိတ်ကူးနှင့် ကြည်ကြည်နူးနူး ဖြစ်နေတုန်း အဲန်အယ်လ်ဒီက NC (အမျိုးသားညီလာခံ) ကို ပြန်ပြီးသုံးသပ်ကြဖို့တောင်းဆိုလိုက်တာပါ။

၁၉၉၅ နိုဝင်ဘာဟာ နဝတ အတွက်တော့ ပေါက်တဲ့ထီလက်မှတ် ကျပျောက်သွားရတဲ့ ကာလပါ။

## (၄)

အိန္ဒြေမပျက် ရှက်ရှက်နဲ့ ဆက်လုပ်နေရပေမယ့် ....

၁၉၉၆ နှစ်ဆန်းမှာပဲ သံပတ်ကုန်ပြီး သူ့ရဲ့ (NC) ရထားလည်း ထိုးရပ်သွားပါတော့တယ်။

ကိုယ့်ဟာကိုယ် .... အောင်ပွဲခံရတော့မယ်၊ (၂၅) ရာခိုင်နှုန်း တရားဝင်ပိုင်ရတော့မယ်ဆိုတဲ့ အသိနှင့် ....

မိုးရွာမယ်အထင်နှင့် လုံချည်ထဲ ရှူးပေါက်မိတဲ့လူလို ....

မင်္ဂလာဆောင်ရတော့မယ် အထင်နှင့် ချိတ်လုံချည် ကြိုဝယ်မိတဲ့ သတို့သားလောင်းလူပျိုသိုးကြီးလို ....။

တည်ဆောက်ပြုပြင် မြန်ပြည်တခွင်ဆိုတာတွေကို ဟိုလိုရိုက်ပြလိုက်၊ ဒီလိုရိုက်ပြလိုက်နဲ့ ရှိုးတွေအမျိုးမျိုး ပေးလိုပေး ....။

၁၉၉၆ ကို Visit Myanmar Year (မြန်မာ့ခရီးသွားနှစ်) လို့ လုပ်လိုလုပ် ....။

ထင်ရာတွေ လျှောက်လုပ်နေတုန်း NC က ရှေ့ဆက်လို့မရ ....

ဒီအချိန်မျိုးမှာမှ .... (၉၆) ဒီဇင်ဘာ ကျောင်းသားလှုပ်ရှားမှုကလည်း ငြိမ်းလို့သတ်လို့ တော်တော်နဲ့မရ ....

တကယ့်ကို အရှုးမီးဝိုင်းပါပဲ။

## (၅)

အနိုင်ရပါတီတရပ်အနေနှင့် အဲန်အယ်လ်ဒီက ဘာတွေလုပ်ခဲ့သလဲ။

## ဇွန်မှိုင်း

ဒါတွေက သိပ်အရေးကြီးတယ်။

အလံကိုင်ပါတီတရပ်အနေနှင့် လူထုကြီးရဲ့ရှေ့က၊ တပ်ဦးကနေ ဘယ်လိုဦးဆောင်ချီတက်မှာလဲ။

ဒါအတွက် ဒေါ်စုနှင့်အဲန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အသေအချာပြင်ဆင်ပါတယ်။

စစ်အုပ်စုရဲ့ဖိနှိပ်မှုက ကြီးလွန်းတော့ စိတ်ရှိသလောက် လှုပ်လို့ရှားလို့မရဘူးဆိုတဲ့ အခြေအနေအောက်မှာ ....

အတတ်နိုင်ဆုံး ပြင်ဆင်ဖို့ ကြိုးစားကြပါတယ်။

၁၉၉၆ အတွင်းမှာ ဘယ်လိုမှ လူစုလို့မရခဲ့ဘူး။

အစည်းအဝေးကို ခေါ်လို့မရအောင် ရန်ကုန်ဌာနချုပ်မှာ လူစုလို့မရအောင်ကို အမျိုးမျိုး အနှောက်အယှက်အပေးခံရတာပါ။ ရထားနှင့်သွားရင် ရထားပေါ်ကဆွဲချ။ ကားနဲ့သွားရင် ကားပေါ်ကဆွဲချ။

ဧည့်ရိပ်သာလို့ မရှက်မကြောက် နာမည်ပေးထားတဲ့ ထိမ်းသိမ်းရေးစခန်းတွေ အနှံ့အပြားမှာ ပေါ်လာခဲ့ရတဲ့ နှစ်တွေပါ။

ဒီအခြေအနေတွေ ကြားထဲကပဲ ကျားကုတ်ကျားခဲ အားထုတ်ကြရင်း ....

၁၉၉၈ မေ (၂၇) ဟာ နီးနီးလာပါတော့တယ်။

အသံတွေက ထွက်နေပြီ ....

'လွှတ်တော်ဆိုတာ ညောင်ပင်ရိပ်ကောင်းကောင်းရှိရင်တောင် ခေါ်လို့ရတယ်'တဲ့။

ဒီအသံထွက်လာတယ်ဆိုရင်ပဲ ....

တချို့ ရဲရင့်ကြ

တချို့ ဒူးထောက်ကြ

တချို့ 'ကျနော်မပါဘူး'ဆိုပြီး ဘေးထွက်ထိုင်ကြ

တချို့ကိုယ့်တပ်ကို မွေစားအဖေပေးတဲ့လက်နက်နဲ့ မျက်စိမှိတ်ပြီး ပြန်ပစ်ကြ။

၁၉၉၈ မေ(၂၇)မှာ တခုခုများ ကြေငြာလိုက်မလား။ အားလုံးမျှော်လင့်နေကြတယ်။

တိုက်ဆိုင်တာလား။ ဘာအကြံရှိသလဲဆိုတာတွေ အတိအကျမပြောနိုင်ပေမယ့် ....

ရန်ကုန်အင်းစိန်ထောင်ထဲမှာတော့ အခန်းတွေရှင်းတာ၊ လူသစ်တွေခပ်များများဝင်လာခါနီး ပြင်ဆင်တာမျိုးကို ပြင်ဆင်နေတာ စတာတွေ အမှန်တကယ်လုပ်ခဲ့ပါတယ်။

ဘာတွေဆက်ဖြစ်မလဲ ကျနော်တို့လည်း ရင်တမမနဲ့ နားစွင့်နေကြရတယ်။

## (၆)

မေ (၂၇) မှာ မျှော်လင့်ထားသလောက် ဘာကြေငြာချက်မှ တိတိပပ မထွက်ခဲ့ဖြစ်ဘူး။

ဘာဖြစ်သွားတာပါလိမ့်။ ကျနော်တို့ တွေးနေကြတုန်း ....

ဇွန်လထဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တိကျတဲ့ ရာဇသံတရပ် ထွက်ပေါ်လာတယ်။

'ဩဂုတ်လ (၂၁) ရက် နောက်ဆုံးထားပြီး နဝတ စစ်အစိုးရအနေနှင့် လွှတ်တော်ခေါ်ယူပေးရန် '

ကျနော်တို့ တော်တော်အားရတယ်။

လူထုကြီးကလည်း ဘယ်လိုဝိုင်းရမလဲ သူတို့သဏ္ဍာန်နှင့် သူတို့ဝိုင်းဖို့၊ ဝန်းဖို့ပြင်ဆင်ကြတာမျိုးတွေ တွေ့ရတယ်။

ဒေါ်စုတို့ ဘယ်လောက်ပြင်ဆင်ပြီးပြီလဲ။

ပြင်ဆင်ဖို့ ဘယ်လောက်အခွင့်အလမ်းတွေ ရလိုက်သလဲ။ ဘယ်လောက် အဆင်သင့်ဖြစ်နေပြီလဲ။

ဒါဟာ .... တော်ရုံတန်ရုံ စိန်ခေါ်ချက်မဟုတ်ဘူးဆိုတာ ကိုယ်ရော၊ စစ်အုပ်စုရော ဘယ်သူမဆို ရှင်းရှင်းလင်းလင်းသိနိုင်ကြပါတယ်။

## (၇)

နှစ်ဘက်လုံးက တပ်တွေ ပြင်ထားပြီး အဆုံးသတ်တိုက်ပွဲ ဆင်တော့မှာလို နေ့ရက်တွေပါပဲ။

တရက်တိုင်း တရက်တိုင်းဟာ အဓိပ္ပါယ်တွေ အများကြီး ကြီးပါတယ်။

တာဝန်ယူထားရတဲ့၊ အလံကိုင်ထားရတဲ့ တပ်ဦးက ခေါင်းဆောင်တွေ ဘယ်လောက်များ တာဝန်ကြီးလိုက်မလဲ ....။

စစ်အုပ်စုလည်း ဘာဇာတ်ထုပ် ဆက်ခင်းရမလဲ ခေါင်းချင်းရိုက်နေရော့မယ်။

ဒီလိုနဲ့ .... ဇွန်လကုန်သွားပြီ။ ဇူလိုင်လကုန်သွားပြီ။

ဩဂုတ်လ .... ဆန်းပြီ။

ဩဂုတ်လလယ်လောက်မှာတော့ ဒေါ်စုရဲ့ ရေဝတီခရီးစဉ် စတင်လိုက်ပါတယ်။

ကားဦးဟာ ရန်ကုန်–ပုသိမ် လမ်းမကြီးပေါ် ဦးတည်ထားတာမို့ ရေဝတီခရီးစဉ်လို့ မှန်းဆပြောဆိုကြရပေမယ့် ဘယ်သွားမှာလဲ.... ဘာလုပ်မှာလဲဆိုတာ ဘယ်သူမှ တပ်အပ်မသိဘူး။

နောက်ဆုံးရက် နီးလာတာနဲ့အမျှ လူတွေရဲ့ရင်ထဲ လှုပ်လှုပ်ရွရွ ပိုပြီးဖြစ်လာ ....။

စစ်အုပ်စုဆိုရင် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

ဒီလိုနဲ့ စစ်အုပ်စုက သူသိတာကို သူစလုပ်ပါတော့တယ်။

အဲဒါကတော့ .... ကျောင်းသားထုနှင့် လက်ရှိနိုင်ငံရေး လမ်းဆုံလမ်းခွကိုဖြတ်တောက်ပစ်ဖို့၊

ကျောင်းသားထုကို စာမေးပွဲဆိုတာကြီးနဲ့ ....

စာသင်ချိန် စာကျက်ချိန် မဆိုထလောက်ပေးပြီး စာမေးပွဲခန်းထဲ အတင်းမောင်းထည့်တဲ့နည်းနဲ့ ....

ဖိထားဖို့ ကြိုးစားပါတော့တယ်။

ခေါင်းမီးတောက်နေတဲ့သူဆိုတော့ စဉ်းစားမိတာ စလုပ်တဲ့သဘောပါ။

သင့်တော်၏ မတော်၏ဆိုတာတော့ သူ့အဘိဓမ္မာထဲမှာ လုံးလုံးမပါဘူး။

ဒီမှာကိုက ....ကျောင်းသားနှင့် အကျိုးဆက်က မကောင်းနိုင်တော့ဘူး။ ဒါပေမယ့် ဒါကို သူထည့်မစဉ်းစားနိုင်တော့ဘူး။

အရေးကြီးတာက ဖြတ်ဖို့။

လွှတ်တော်ခေါ်ရေးဆိုတာနှင့် ကျောင်းသားကြားမှာ စာမေးပွဲနှင့် စည်းခြားကြည့်လိုက်တာပါ။

အဲဒီအချိန်မှာမှ ....

ဒေါ်စုက ရေဝတီဘက်ကို စပြီးထွက်လိုက်ပြီဆိုတော့ ....

ဝေးဝေးမရောက်ခင်၊ လူထုတွေ သိပ်သည်းတဲ့ နေရာမရောက်ခင် ....

ထန်းတပင်မြို့နယ်၊ အညာစုကျေးရွာ အနားမှာပဲ အတားခံရပါတော့တယ်။

'ဆက်မထွက်နဲ့၊ နောက်ကြောင်းပြန်လှည့်ပါ '

တချက်လွှတ် အမိန့်နဲ့တားတယ်။

ဒေါ်စုကလည်း 'ပြန်မလှည့်နိုင်ဘူး။ ဆက်မထွက်ရမချင်း ဒီမှာရပ်နေရင်း လုပ်စရာရှိတာ လုပ်မယ်' ဆိုတာမျိုးဖြစ်လာ။

အဲဒီလို ကြာနေတုန်း ....

ရန်ကုန်မှာ ကျောင်းသားထုက 'လွှတ်တော်ခေါ်ယူပေးရေး'ကြွေးကြော်သံတွေနဲ့

စာမျက်နှာ (၁၁) ကော်လံ (၁) သို့ ...

# နအဖအဖွဲ့တွင်း ဖြုတ်၊ ထုတ်၊ ဖမ်း သတင်းများ

အိုင်အယ်လ်အိုမှ နှုတ်ထွက်လျှင် နိုင်ငံခြားငွေရရှိရေးအတွက် ဆောင်ရွက်ပေးနေသောရေကြောင်းဦးစီးဌာနအတွက် အခက်အခဲများ ရင်ဆိုင်ရဖွယ်ရှိသလို၊ မြန်မာသင်္ဘောသားများအတွက်လည်း ထိခိုက်နစ်နာမှုများရှိနိုင်ကြောင်း စသည့်အချက်များကိုထောက်ပြခဲ့သော ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းညွှန်ချုပ် ဦးခင်မောင်ကြည်အပါအဝင် အနည်းဆုံးအရာရှိ (၂၀) ခန့်ကို ဩဂုတ် (၁) ရက်နေ့က ရာထူးမှထုတ်ပယ်ခဲ့ကြောင်း ရေကြောင်းဦးစီးဌာန ဝန်ထမ်းတဦးက ပြောဆိုသည်။ ဒေါ်ပုံဆင်မလိုက်သင်္ဘောကျင်းမှ အရာရှိအချို့ကို ပင်စင်ပေးခဲ့ပြီး ရေကြောင်းဦးစီးဌာနမှညွှန်မှူး ဦးကျော်ဇေယျနှင့် ဒုညွှန်မှူးဦးကျော်သန်း (၂) ဦးကိုလည်း ပင်စင်ပေးရန်အခြေအနေရှိကြောင်း သိရသည်။

နအဖအစိုးရရုံး ညွှန်ကြားရေးမှူးချုပ် ဒုဗိုလ်မှူးကြီးဖေငြိမ်းကိုလည်း ဩဂုတ် (၈) ရက်နေ့က ရာထူးမှဖယ်ရှားလိုက်ပြီး နေအိမ်အကျယ်ချုပ်ချထား ကြောင်းသိရသည်။

နအဖဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် အငြိမ်းစားစစ်တပ်အရာရှိဟောင်း ဦးစိုးတင့်ကို ရဲအထူးတပ်ဖွဲ့က ဩဂုတ် (၈) ရက်နေ့က ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ၎င်း၏နေရာတွင် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် အစားထိုးခဲ့သည်။ ဘဏ်အရှုပ်အရှင်းနှင့် စီးပွားရေးကိစ္စများကြောင့် ဖမ်းဆီးခြင်းဖြစ်မည်ဟု ယူဆကြသည်။

လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဟောင်း ဗိုလ်ချုပ်ညွှန့်တင်နှင့် ဇနီးဒေါ်ခင်မျိုးဦးတို့ကို အဂတိလိုက်စားမှုနှင့် ရန်ကုန်တိုင်း အထူးတရားရုံးတွင် ရုံးတင်စစ်ဆေးမည်ဟု သိရသည်။ နအဖထိပ်ပိုင်းခေါင်းဆောင်များ၏ သားသမီးများထံမှ ဒေါ်လာသန်းပေါင်းများစွာ လိမ်ညာသွားသော ဒေါ်ခင်မျိုးဦး၏မောင် ဦးမျိုးဟိန်းနှင့်ပတ်သက်၍ ဖမ်းဆီးခြင်းဖြစ်ကြောင်း မိသားစုဝင်များက ပြောဆိုသည်။

ဗိုလ်ချုပ်ညွှန့်တင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေစဉ်က ဒေါ်လာတသန်းကျော်နှင့် ရွှေချောင်းများ ဖမ်းဆီးရမိခဲ့သည်။

နအဖအဖွဲ့ဝင် ဒုဗိုလ်ချုပ်ကြီးမောင်ဘို၏သား ဦးကျော်စွာမြင့်အား ကန့်သတ်ကုန်ပစ္စည်းတင်သွင်းမှုနှင့် ရဲအထူးတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးနေကြောင်း ရဲတပ်ဖွဲ့နှင့်နီးစပ်သော အသိုင်းအဝိုင်းများမှ သိရသည်။ ပျဉ်းမနားရေဆင်းမြို့သစ်ဆောက်လုပ်ရေးအတွက် ဆောက်လုပ်ရေးကားများနှင့်အတူ လိုင်စင်မဲ့ ဇိမ်ခံကားများအကြိမ်ကြိမ်တင်သွင်းခဲ့မှုကို စုံစမ်းစစ်ဆေးနေခြင်းဖြစ်ကြောင်း သိရသည်။ ပြည်ထဲရေးဝန်ကြီးဟောင်း ဗိုလ်မှူးကြီးတင်လှိုင်၏သားမက် ထောက်လှမ်းရေးဗိုလ်မှူး မျိုးညွန့်အောင်အား လိုင်စင်မဲ့ကား (၂) စီးလက်ခံခဲ့မှုအပါအဝင် အခြားအလွဲသုံးစားမှုများနှင့် မန္တလေးတိုင်းအထူးတရားရုံးက တသက်တကျွန်းနှင့် ထောင်ဒဏ် (၇) နှစ်ချ မှတ်ခဲ့သည်။ ❖

# နအဖ စစ်အာဏာရှင်အုပ်စုအတွင်း ရာထူးအပြောင်းအလဲများဖြစ်ပေါ်

နအဖစစ်အုပ်စုမှ ထိပ်တန်းခေါင်းဆောင်များအား (၃) လအတွင်း နှစ်ကြိမ်မြောက် ရာထူးအပြောင်းအလဲပြုလုပ်ခဲ့သည်။

အထူးဗျူဟာမှူးလေးဦးထဲမှ တဦးဖြစ်ပြီး နအဖစစ်ကောင်စီ (SPDC) အဖွဲ့ဝင်တဦးလည်းဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အား စစ်ဖက်သို့ပြန်လည် ရွှေ့ပြောင်းခဲ့ကြောင်းစစ်တပ်နှင့် နီးစပ်သော သတင်းရပ်ကွက်များမှ အေအက်ဖ်ပီသို့ပြောကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နေရာတွင် စစ်ရေးလေ့ကျင့်ရေးမှူးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းအား အစားထိုးခဲ့သည်။ (SPDC) အဖွဲ့ဝင်တဦးအား စစ်ဖက်သို့ ပြန်ပို့ခြင်းမှာ ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ်ဖြစ်၍ ထူးခြားပြီးမကြုံစဖူး ရာထူးအချိန်းအပြောင်းဖြစ်ကြောင်း၊ နောင်လာမည့်အရေးပါသော စစ်ဖက်ဆိုင်ရာ အထူးခန့်အပ်မှုများအား အကျိုးသက်ရောက်လာနိုင်ကြောင်း၊ ပုံမှန်အားဖြင့် ဗိုလ်ချုပ်ကြီးများသည် အထူးဗျူဟာမှူးရာထူးများဖြင့် အနားယူသွားလေ့ရှိကြောင်း လေ့လာသုံးသပ်သူတဦးကဆိုသည်။

အောက်တိုဘာလတွင် ဗိုလ်ချုပ်ခင်ညွန့်အားဖြုတ်ချပြီးနောက် တပ်တွင်း၌ သန့်စင်မှုအများအပြားပြုလုပ်ခဲ့ပြီး မေလ (၂၉) ရက်နေ့တွင် ၎င်းတို့၏ သစ္စာရှိအမာခံများအား ရာထူးတိုးမြှင့်ခန့်ထားခဲ့သည်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ကမ်းရိုးတန်းဒေသတိုင်းမှူး ဗိုလ်ချုပ်အုံးမြင့်တို့အားလည်း နေရာအပြောင်းအလဲ ပြုလုပ်ခဲ့သည်။

ပညာရေးဝန်ကြီး ဦးသန်းအောင်အား ရာထူးမှထုတ်ပယ်လိုက်ပြီး ဝန်ကြီးချုပ်ရုံးနှင့်တွဲဖက်ထားသော ရာထူးလက်ကိုင်မရှိ ဝန်ကြီးဗိုလ်မှူးချုပ် ပြည်စုံနှင့် သန်းရွှေတို့အား တာဝန်မှအနားပေးလိုက်ကြောင်း နအဖတွင်း (၁) ဗိုလ်ချုပ်သိန်းစိန်မှ လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သောကြေညာချက်ကို (၁၁) ရက်ထုတ် နအဖသတင်းစာများနှင့် ရုပ်မြင်သံကြားမှ သတင်းထုတ်ပြန်ခဲ့သည်။

ဦးသန်းအောင်နေရာတွင် ယခင်သိပ္ပံနှင့် နည်းပညာဒုဝန်ကြီး ဒေါက်တာချမ်းငြိမ်းအား ခန့်ထားလိုက်ပြီး ဝန်ကြီးချုပ်ရုံးဝန်ကြီး (၂) နေရာအား အစားထိုးခန့်အပ်ခြင်းများကို ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

ဦးသန်းအောင်သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နီးစပ်သူဖြစ်ပြီး ဦးသန်းရွှေနှင့် ဗိုလ်မှူးချုပ်ပြည်စုံတို့မှာ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် နီးစပ်သူများဖြစ်သောကြောင့် ယခုဖြုတ်ထုတ်မှုသည် နအဖ ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေး၏ လက်ချက်ဖြစ်နိုင်ကြောင်း နိုင်ငံရေးအကဲခတ်သူများက သုံးသပ်ကြသည်။

ဗိုလ်မှူးကြီးသူရိန်ဇော်အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန၏ ဒုဝန်ကြီးအဖြစ် စစ်တပ်မှ အသစ်ရွေးချယ်ခန့်အပ်ခဲ့သည်။

အစိုးရအဖွဲ့အစည်း အပြောင်းအလဲများသည် စစ်တပ်အတွင်း အပြောင်းအလဲများလောက် အရေးပါခြင်းမရှိသော်လည်း နောက်ထပ်အပြောင်းအလဲများပြုလုပ်စရာရှိနေသည်ဟု လေ့လာသုံးသပ်သူများက ပြောဆိုနေကြသည်။

ဦးဝင်းနိုင်က ''တိုင်းမှူးတွေရဲ့ အပေါ်မှာ ထိန်းသိမ်းအုပ်ချုပ်ဖို့ဆိုတဲ့ ဗိုလ်ချုပ်ကြီး (၄) ဦးထဲက (၁) ဦးထဲကို ဒီလို အပြောင်းအရွှေ့လုပ်လိုက်ရတယ်ဆိုတဲ့ဟာက ဒါဟာ တစုံတရာထူးခြားမှုရှိတယ်လို့ ကျနော်မြင်ပါတယ်။ အောက်ပိုင်းကတိုင်းမှူးကို အပေါ်ပိုင်းပြောင်း၊ တပ်ပြောင်းတယ်၊ ဘာကြောင့် နယ်မြေအုပ်ချုပ်ရေးမှူးတွေကို ပြောင်းပစ်ရသလဲဆိုတဲ့ မေးခွန်းက တော်တော်တွေးတောစရာ ကောင်းပါတယ်''ဟု ဆိုသည်။

စစ်ရေးအကဲခတ်ဦးဌေးအောင်က ထိပ်ပိုင်းခေါင်းဆောင် (၂) ဦးသည် ၎င်းတို့နှင့်ပုဂ္ဂိုလ်ရေးနီးစပ်သူ ဆွေမျိုးနီးစပ်တော်သူများကို ယုံကြည်စိတ်ချရသည့်နေရာများသို့ နှစ်ဖက်လုံးမှ ပြောင်းရွှေ့ခန့်ထားနေကြခြင်းကြောင့် သူတို့ (၂) ဦးကြားအားပြိုင်မှုများကို တွေ့နေရကြောင်း သူကသုံးသပ်ထားသည်။ ❖



ဗိုလ်မှူးချုပ် ပြည်စုံ



ဦးသန်းရွှေ



ဦးသန်းအောင်

❖ ❖ ❖

နဂါးတပ်တွင်း
ဂဠုန်ဆင်း
ထိုးစစ်အချင်းချင်းဆင်လိမ့်မည် …
ဂဠုန်စစ်ချီ
ဒေါင်းစစ်သည်
အောင်ချီတက်လိမ့်မည် …
ယတြာတွေဘယ်လောက်ကောင်းကောင်း
မိစ္ဆာအပေါင်းပြုတ်လိမ့်မည် …
နေထွက်လို့မမှောင်ခင်အောင်မြင်မည့်ကိန်း
ဆန်းစုကြည်ပြန်လည်ရောက်ကာမှ
ပြည်မြန်မာသာကြည်အေး
ဘေးရန်နှင့်ဝေး
မန်းတောင်ကရေနှစ်ခါဖွေး
ပြည်တော်သာမိန်းကလေး
နန်းတက်မှအေး …။ ။

❖ ❖ ❖



## ပုံး နံ ပါတ် ဆယ့် ခု နှစ်

၈။ ၈။ ၈၈ …. တင်းကျပ် လှောင်ပိတ်
ရန်းကြွပြင်းထန်
အဆမတန်ဆိုတော့
''ဝုန်း'' ဆို ….
ဗုံးတလုံးဟာ ပေါက်ကွဲခဲ့ …။

အနာဂါတ်ကို မျှော်လင့်ရင်း
ပစ္စုပ္ပန်တွေကို ရင်းကြေး
ဟန်ရေးပြပြင်
အကြံအစတွေဆင်ခြင်နဲ့
ဒဏ်ရာတွေ ဗလပွ
အနာတရ ဖြစ်နေတဲ့လူတွေကို
ကယ်ဆယ်ရင်း ကူသရင်း
ခြေတပေါက်ကျိုးနဲ့ ချီတက်ခဲ့ …။

၈၊ ၈၊ ၀၅ …. တဖြည်းဖြည်းနဲ့
တင်းကျပ်လှောင်ပိတ်
ရန်းကြွပြင်းထန်
အဆမတန်ဆိုတော့
ဗုံးတလုံးဟာ ….
အဆင့်သင့်ဖြစ်နေပြန်ရော …။

ရေချမ်း

# သူလိုလူတွေထဲက တယောက်



မျက်မှန်ထူထူ၊ ပုဆိုးအနက်၊ လွယ်အိတ်ကြီးကြီးနဲ့ အေးတိအေးစက် လမ်းလျှောက်နေတတ်ပေမဲ့ ဂီတကိုလည်း တော်တော်နားလည်ပြီး လေ့လာအား သိပ်ကောင်းတယ်ဆိုတာလည်း တဖြည်းဖြည်းသိလာရပါတယ်။ သီချင်းသိပ်ကြိုက်တဲ့ ကျမကို အသံမကောင်းပေမဲ့ သီချင်းဆိုတတ်အောင် သင်ပေးခဲ့ပါသေးတယ်။ သီချင်းဆိုတဲ့အခါ ပါးစပ်နဲ့မဆိုပဲ စာသားကိုခံစားပြီး ရင်ဘတ်နဲ့ဆိုတတ်မှ နားထောင်တဲ့သူတွေ ရင်ထဲရောက်မှာလို့ ပြောပြသွားပါတယ်။

''တရုပ်မရေ ၊ ပိုက်ဆံနဲ့ ဂုဏ်သိက္ခာကိုတော့ တပြိုင်နက်ထဲယူဖို့ စိတ်မကူးနဲ့။ ဘယ်တော့မှ မရဘူး။ နင်က ဂုဏ်သိက္ခာအတွက်နေ၊ ပိုက်ဆံလိုရင် ငါ့ဆီ အချိန်မရွေး လာခဲ့ သိလား''

ကျမကို အဲဒီစကားပြောသွားခဲ့တာကတော့ သူ့ကိုယ်သူ စစ်အာဏာရှင်လက်အောက် ပြန်သွားခဲ့တဲ့အတွက် အမြဲပဲ သိက္ခာကျတယ်လို့ ခံယူထားတဲ့ အဆိုတော်ထူးအိမ်သင်ပါပဲ။ သူ ဘာ့ကြောင့် ပြန်လာခဲ့သလဲလို့ ကျမက ဘယ်တော့မှမမေးခဲ့သလို သူကလည်း ဘယ်တော့မှ စကားစမခံခဲ့ပါဘူး။ ကျမတို့တွေ စခင်ခဲ့တဲ့အချိန် ၁၉၇၁ ခုနှစ်လောက်တုန်းကဆို ဆယ်တန်းအောင်ပြီးခါစ အသက် (၁၆) နှစ်အရွယ်၊ နိုင်ငံရေးဆိုတာ ဘာမှန်းတောင်မသိတဲ့ အရွယ်ပါ။ အဲဒီအချိန်ကတည်းက ကျမတို့ထက် အသက် (၃) နှစ်ပဲ ပိုကြီးကြိုးစားရတာလည်း အရာမထင်ပါဘူးဟာ။ ပုံမှန်ဆိုရင် တနှစ်ကျလည်း နောက်တနှစ် ဒီအတန်းပြန်ဖြေလိုက် ပြီးရမှာ။ အခု စာတော်တဲ့ နင့်အတွက် အခွင့်အရေးအားလုံး ဆုံးရှုံးသွားတာပေါ့။ ဒါပေမယ့် စာမေးပွဲသာ မအောင်တာပါ။ နင် စာတွေအများကြီးတတ်သွားပြီဆိုတာ ငါယုံတယ် သိလားတဲ့။ အဲဒီနှစ်က သူလည်း စာမေးပွဲကျတာပါပဲ။

စာတွေအရမ်းဖတ်ပေမယ့် ကိုသျှပ်ခေါ် ကိုဘဲဥဟာ စည်းကမ်းတော့လုံးဝမရှိပါဘူး။ အဝတ်အစားကို တပတ်လုံးမလျှော်ပဲ၊ မလဲပဲ ဝတ်တတ်သလိုတညလုံး မအိပ်ပဲ နေချင်ရင် နေတတ်သူ၊ တနေ့လုံး ထမင်းမစားပဲ လက်ဖက်ရည် သောက်နေတတ်သူ၊ ရေချိုးဖို့ မေ့နေတတ်သူ၊ စိတ်ထဲရှိသလို နေချင်သလို နေတတ်သူ၊ သူများတွေးသလို မတွေးပဲ ကျမတို့ မစဉ်းစားတတ်တဲ့၊ မစဉ်းစားမိတဲ့ အမြင်ဖက်တဲ့၊ ကျမတို့က ကိုသျှပ်လို့ခေါ်တဲ့ ကဗျာဆရာ သျှပ်မှူးကျော်၊ ဒေသကောလိပ်ကျောင်းသား ကျော်မြင့်လွင်ဆိုတဲ့ လူငယ်လေးက ၁၉၆၂ ခုနှစ်၊ ဇူလိုင် (၇) ရက်နေ့ အကြောင်းကို ရေရေလည်လည် ရှင်းပြတတ်နေပြီ။ အနုပဋိလောမ ရုပ်ဝါဒဆိုတဲ့စာအုပ်ကို ကျမတို့ဖတ်ဖို့ ပေးတတ်နေပြီ။ အနုပဋိလောမ ရုပ်ဝါဒကို ဖတ်ပြီး ကျမက ဘာမှနားမလည်ဘူး ပြောတော့ ရယ်နေတယ်။ တခေါက်နဲ့ နားမလည် နောက်တခေါက် ထပ်ဖတ်ပေါ့ဆိုတော့ ကျမက တော်ပြီ ပျင်းတယ်လို့ပြောခဲ့ဖူးတာ မှတ်မှတ်ရရပါပဲ။ ကျမတို့တွေက သူ့ဆီကနေပြီး တခါမှ မကြားဘူးခဲ့တဲ့ နိုင်ဝင်းဆွေရဲ့ မဟူရာ ညအကြောင်း၊ ခင်လေးမြင့်ရဲ့ မင်းသားလေး အကြောင်း၊ သိန်းဖေမြင့်ရဲ့ အရှေ့ကနေဝန်း ထွက်သည့်ပမာ အကြောင်းတွေကို သိလာခဲ့ကြရပါတယ်။ ဖတ်ချင်တယ်ဆိုရင် မရရအောင် ရှာပေးတတ်ပါသေးတယ်။

ကျမဆိုရင် တခါမှ မကြားဖူး၊ မဖတ်ဖူးတဲ့ စာတွေကို မက်မက်စက်စက် ဖတ်တတ်လာခဲ့ပြီး သူနဲ့စခင်တဲ့ ပထမဆုံးနှစ်မှာ ကျောင်းစာမှ ကျောင်းစာဆိုတဲ့ စိတ်ဓာတ်ပျောက်သွားလိုက်တာ ပထမနှစ်ကျခဲ့ရတဲ့ အထိပါပဲ။ အဲဒီနှစ်ကလည်း ဒေသကောလိပ် နောက်ဆုံးနှစ်ဆိုတော့ ကျတဲ့သူတွေ ရိုးရိုးမေဂျာပဲ ရပါတော့တယ်။ ဆယ်တန်းထိ အမြဲတမ်းတော်ပြီး အမှတ်အမြဲကောင်းခဲ့တဲ့ ကျမဘဝလည်း ကျရှုံးခြင်းဆိုတာကို ခံစားနား လည်သွားပါတော့တယ်။ ကိုသျှပ်စာအုပ်တွေဖတ်နေရတာနဲ့ စာကျက်ဖို့တောင် မေ့သွားတယ်ပြောတော့ ရယ်နေပြန်တယ်။ ပြီးတော့မှ ပညာရေးစနစ် မတည်ငြိမ်တဲ့အခါ က တွေးခေါ်တတ်သူ၊ တခါတလေမှာ တကိုယ်ကောင်းဆန်စွာတွေးတတ်သူ၊ ထိုသူသည် ထူးအိမ်သင်လောင်းလျာပဲ ဖြစ်ပါသည်။ (ကိုဘဲဥဆိုတာ ပြည်တော်သာတိုက်ခန်းတွေက ငယ်သူငယ်ချင်းတွေခေါ်တဲ့ နာမည်ပါ။) သူတို့ အုပ်စုဟာ အဲဒီအချိန်ကတည်းက တော်လှန်သောအတွေးအခေါ်ဆိုပြီး အင်္ကျီအစုတ်၊ ဘောင်းဘီအစုတ်၊ ပုဆိုးအစုတ်တွေပဲ ဝတ်ပါတယ်။ သူများတက္ကသိုလ်ကျောင်းသားတွေ သစ်လွင်တောက်ပနေချိန်မှာ အရှဲ့တိုက်ဝတ်ကြတာပါ။ အဲဒီအချိန်မှာ အရက်လည်းကြိုက်နှစ်သက်စွာ သောက်နေပါပြီ။ အမြည်းအဖြစ် ပဲကြီးလှော်ကို ကျမတို့ မိန်းကလေးအုပ်စုတွေကို ခွာခိုင်းတတ်ပါတယ်။ အရက်သောက်တာ မကြိုက်ကြပေမယ့် သူက ကိုယ့်ထက်တတ်ပြီး မကောင်းမှန်းသိပေမယ့် သောက်နေတော့လည်း မပြောကြတော့ပါဘူး။ နောင် ၁၉၉၅ လောက်က လေထန်ကုန်းမှာ တွေ့တော့တောင်မှ သူ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးပြီးတဲ့အခါ လက်ထဲကပုလင်းကို မြှောက်ပြပြီး ငါလိမ္မော်ရည်ပဲသောက်တော့တယ် သိလားတဲ့။ ကျမကလည်း အရက်နဲ့ ရောထားတာမဟုတ်လားဆိုတော့ သူ့သူငယ်ချင်း အဆိုတော်တွေ၊ သီချင်းရေးဆရာတွေကို တွေ့လား။ တရုပ်မကိုတော့ ညာလို့မရဘူးကွတဲ့။

မျက်မှန်ထူထူ၊ ပုဆိုးအနက်၊ လွယ်အိတ်ကြီးကြီးနဲ့ အေးတိအေးစက် လမ်းလျှောက်နေတတ်ပေမဲ့ ဂီတကိုလည်း တော်တော်နားလည်ပြီး လေ့လာအား သိပ်ကောင်းတယ်ဆိုတာလည်း တဖြည်းဖြည်းသိလာရပါတယ်။ သီချင်းသိပ်ကြိုက်တဲ့ ကျမကို အသံမကောင်းပေမယ့် သီချင်းဆိုတတ်အောင် သင်ပေးခဲ့ပါသေးတယ်။ သီချင်းဆိုတဲ့အခါ ပါးစပ်နဲ့မဆိုပဲ စာသားကိုခံစားပြီး ရင်ဘတ်နဲ့ဆိုတတ်မှ နားထောင်တဲ့သူတွေ ရင်ထဲရောက်မှာလို့ ပြောပြသွားပါတယ်။ သီချင်းဆိုမယ့်သူဟာ သီချင်းတိုက်ဖို့ မပျင်းရတဲ့အကြောင်းနဲ့ ဘယ်လောက် အဆိုးကောင်းကောင်း အတီးသမား ပညာပြရင် ခံရမှာပဲတဲ့။ သူက အဆိုတော်သာဖြစ်သွားတာ။ အဆိုတော်လုပ်ဖို့ စိတ်ကူးမရှိတဲ့သူပါ။ အဲဒီအချိန်တွေတုန်းက ကျောင်းပွဲတွေမှာ ဘော့စ်ဂစ်တာကို ပိုင်ပိုင်နိုင်နိုင်တီးပြီး သီချင်းတိုင်းကို ဟာမိုနီလိုက်ပေးတတ်ပါတယ်။ ကျမကို ဟာမိုနီလိုက်တတ်အောင် သင်ပေးခဲ့ဖူးပေမယ့် အသံကို မနိုင်နင်းတဲ့အတွက် မတတ်မြောက်ခဲ့ပါဘူး။ သူပေးတဲ့ ဒို၊ ရေ၊ မီ၊ ဖာ အသံလေ့ကျင့်ခန်းကို ကျမ မလိုက်နိုင်ပါဘူး။ သီချင်းဆိုရင် ဘယ်နေရာမှာ အသက်ခိုးရှုရမယ်ကအစ သူသင်ပေးခဲ့ဖူးပါတယ်။ ဘယ်ပညာကိုမဆို နက်နက်ရှိုင်းရှိုင်း လေ့လာနိုင်ရမယ်လို့လည်း ပြောပြခဲ့ပါတယ်။ သူကိုယ်တိုင်လည်းပဲ ဂီတကို ဆရာတဆူဖြစ်အောင် လေ့လာနေခဲ့ပါတယ်ဆိုတာ ကျမတို့ အဲဒီအချိန်တုန်းကမသိခဲ့သလို တန်ဖိုးလည်း မထားတတ်ခဲ့ပါဘူး။

## ခင်မင်းဇော်

ရေဒီယိုတလုံးနဲ့ တကမ္ဘာလုံးက ဂီတသံတွေကို ဖမ်းယူနားထောင်ပြီး သီချင်းတွေလည်း စပ်နေခဲ့ပါပြီ။ သူ့ရဲ့ ပထမဦးဆုံးခွေထဲက ဝေးသွားတဲ့အခါဆိုတဲ့သီချင်းဟာ ကျမတို့ပုသိမ်ကောလိပ်က ကျောင်းပိတ်ခါနီး နှုတ်ဆက်ပွဲတွေမှာ ကြားဖူးပြီး ကျောင်းသားကျောင်းသူတွေ ရပြီးသားသီချင်းတွေပါ။ အဲဒီလိုပဲ အခါလွန်မိုး၊ ခွင့်မပြုတို့ကို ကျောင်းပွဲတွေမှာ ဆိုခဲ့ပြီးဖြစ်ပါတယ်။

သူ့ပထမဆုံးအခွေမထွက်ခင် မော်လမြိုင်ကို မိဘတွေနောက်လိုက်ပြီး ပြောင်းသွားခဲ့တယ်။ တကယ်တော့ မိဘတွေပြောင်းသွားတာ ကြာပါပြီ။ သူက သူငယ်ချင်းတွေအိမ်မှာ အဆောင်တွေမှာ လှည့်ပတ်အိပ်ပြီး ပုသိမ်မှာ နေကျန်ခဲ့တာပါ။ အခု သီချင်းရေးဆရာဖြစ်နေတဲ့ ကိုမြင့်မိုးအောင်၊ သိမ်းတင်သားဆိုပြီး ဆောင်းပါးတွေရေးနေတဲ့ ကြွက်နီခေါ် အောင်ကျော်ဦးတို့အိမ်ဟာ သူစတည်းချနေကျ အိမ်တွေပါ။ အဲဒီအိမ်တွေဟာ သူ့သည်းညည်းကိုလည်း တော်တော်ခံကြရပါတယ်။ သူသေသွားချိန်ထိ အတွဲမပျက်ကြပါဘူး။ ရေဝတီမြစ်ကို ပုသိမ်ရောက်တိုင်းလည်း အဲဒီအိမ်တွေမှာ ငါးပိ တို့စရာအစုံ လုပ်ခိုင်းပြီး ထမင်းစားနေကြပါ။ သူဟာ ငါးပိနဲ့ထမင်းစားရတာ နှစ်သက်သလို မနက်စောစော ကောက်ညှင်းပေါင်းနဲ့ အကြော်စုံစားတာကိုလည်း ကြိုက်နှစ်သက်ပါတယ်။ ထန်းရည်ကိုလည်း မြန်မာဘီယာလို့ခေါ်ပြီး သူငယ်ချင်းတွေနဲ့ ပုသိမ်ကမြက်တိုဖက်မှာ သတိတရ သွားသောက်တတ်ပါတယ်။

သူ့အင်တာဗျူးတခုမှာ ဖြေသွားခဲ့ဖူးပါတယ်။ ပုသိမ်မြို့ကို သူအနှစ်သက်ဆုံးမြို့ဖြစ်တဲ့အကြောင်းနဲ့ ပုသိမ်မြို့သူ၊ မြို့သားတွေဟာ အေးချမ်းတဲ့အကြောင်း၊ မြို့လေးကလည်း အေးချမ်းတဲ့အကြောင်းတွေပေါ့။ ပုသိမ်ရောက်တိုင်းလည်း သူငယ်ချင်းတွေအားလုံးနဲ့တွေ့ဖြစ်အောင် အချိန်ယူတွေ့ပါတယ်။ ကျမဆိုင်ကိုလည်း အခေါက်တိုင်းနီးပါး ရေးထားတာပဲ။ ဒါပေမယ့် သေသေချာချာ နားထောင်ကြည့်ပါ။ အဓိပ္ပါယ် ထပ်ထွက်ပါသေးတယ်။

သူ့သူငယ်ချင်း ကိုမြင့်မိုးအောင်ရဲ့အနုပညာကို သူသိပ်ယုံကြည်တယ်။ စကားလုံးမရှိတဲ့ကောင်းကင်တခွေလုံးကို ကိုမြင့်မိုးကို ရေးခိုင်းပြီး သူဆိုပြလိုက်တာလေ။ မြင့်မိုးအောင်ဆိုတဲ့ သီချင်းရေးဆရာတယောက် အောင်မြင်ခဲ့တာပါပဲ။ ကျမဆိုရင် အဲဒီထဲက စာသားတွေကို ကိုမြင့်မိုး ဘယ်လိုတွေးပြီး ရေးပါလိမ့်လို့ ခဏခဏ စဉ်းစားမိတယ်။ ကိုမြင့်မိုးနဲ့ ကျမတို့ဆိုတာ ဈေးထဲမှာ ဆိုင်ထွက်ကြပြီး သူ့မိန်းမက ကျမနဲ့တွဲဖော်တွဲဖက်။ နေ့တိုင်းတွေ့နေကြပြီး သီချင်းအကြမ်းကို အကြိမ်ကြိမ်နားထောင်ပြီးသား။ ဒါပေမယ့် ကိုသျှပ်ဆိုလိုက်တဲ့အခါမှာ စကားလုံးတွေက ကြွတက်လာပြီး သီချင်းက အရမ်းကောင်းသွားတယ်။ အဆိုပညာဆိုတာ ဒါပါလားလို့လည်း နားလည်သွားရတယ်။ ကိုမြင့်မိုးရဲ့စကားလုံးတွေကို သူပြောခဲ့သလို ရင်နဲ့ဆိုသွားခဲ့တာ ဖြစ်မှာပါ။

သူဟာ အဆိုတော်တွေထဲမှာ တွံတေးသိန်းတန်ကို သိပ်ကြိုက်ပါတယ်။ အတီးသမားတွေထဲမှာ စောဘွဲ့မှူးကို တော်တော်ချီးကျူးပြီး လေးစားနှစ်သက်တာကို တွေ့ရပါတယ်။ ကျမတို့ ဒုတိယနှစ်လောက်က ထင်ပါတယ်။ ပရင့်စ်ဘသော်ရဲ့ အရပ်မြင့်မြင့် အချစ်ဆုံးဆိုတဲ့သီချင်းခွေထွက်တော့ သူတို့အတီးသမားတွေ အုပ်စုလိုက် အဲဒီအခွေကိုနားထောင်ပြီး ကက်ဆက်ကို ခုံပေါ်တင်၊ နောက် ထိုင်ကန်တော့ နေကြပါတယ်။ ကြွက်နီတို့အိမ်မှာလို့ မှတ်မိပါတယ်။ စောဘွဲ့မှူးတီးတာတွေကို အရမ်းသဘောကျပြီး လေးစားနေကြပုံတွေပါ။ အခုထိ ကျမမျက်စေ့ထဲမှာ မြင်နေဆဲပါပဲ။

ရေကပ်ခဲ့ပါတယ်။ ကျမထောင်ကလွတ်ခါစက နှင်းဆီလှိုင်းတေးထုတ်လုပ်ရေးက ကိုဇော်သစ်၊ အဆိုတော်ရဲသွင်၊ နောက်ကျမ မမှတ်မိတဲ့သူတွေအများကြီးနဲ့ ဆိုင်ကိုရောက်လာပါသေးတယ်။ ထောင်ထဲက နေရထိုင်ရပုံတွေ ထောက်လှမ်းရေးက အတွေ့အကြုံတွေရယ်ကို စိတ်ဝင်တစား အကြာကြီးမေးခဲ့ပါတယ်။ ကျမလိုပဲ ကိုဇော်သစ်လည်း ထောင်ကျဖူးကြောင်းနဲ့ မျက်နှာကျက်တွေဆို မမြင်ချင် မကြည့်ချင်တော့ဖူးလို့ ပြောပြသွားပါတယ်။ မျက်နှာကျက်ကြောက်တဲ့ရောဂါပေါ့လို့လည်း အမည်ပေးသွားခဲ့ကြပါတယ်။

ရဲသွင်သီချင်းတွေ ရုပ်မြင်သံကြားမှာ ရိုက်ဖို့သွားတော့ ကိုသျှပ်လည်း လိုက်သွားခဲ့ပါတယ်။ အဲဒီမှာ အဆိုတော်စိမ်းမို့မို့နဲ့ တွေ့ပြီး ကိုငှက်သီချင်းလာသွင်းတာလားလို့ နှုတ်ဆက်တော့ မဟုတ်ဘူး။ ငါက ဒီမိုကရေစီရမှပဲ လာဆိုတော့မယ်လို့ ပြောခဲ့လိုက်တယ်။ စိမ်းမို့မို့ရဲ့အဖေက အဲဒီတုန်းက မြန်မာ့ရုပ်မြင်သံကြားက ညွှန်ကြားရေးမှူးပါ။ အဲဒီစကားကလည်း ကျမကို ကြွက်နီနဲ့ နှစ်ယောက်သား လာပြောပြကြတာလေ။

မေဆွိရဲ့ ဂျပ်ဆင်ထိပ်က လရိပ်ပြာဆိုတဲ့သီချင်းထဲက ကောင်လေးက တောခိုသွားတာ သိလားတဲ့။ တော်လှန်ရေးလုပ်ဖို့ ထွက်သွားတဲ့ ကျောင်းသားတွေ ကျောင်းဖွင့်တော့ ပြန်မလာနိုင်တော့ဖူးလေ။ အဲဒါကို သူ့ကောင်မလေးက လွမ်းတဲ့သီချင်းပေါ့တဲ့။ ကျမတော့ အဲဒီသီချင်းကို နားထောင်တိုင်း သူပြောပြတာတွေကို အမြဲပဲပြန်ကြားယောင်နေခဲ့ပါတယ်။ နောက်ပြီး ရာဇဝင်ထဲက သတို့သမီး သီချင်းလည်း ဒီအတိုင်းပဲ။

ကမ္ဘာမြေ စိမ်းလန်းပါစေ။ ပန်းပွင့်တွေ ဆုတောင်းနေ။

ကမ္ဘာမြေ ငြိမ်းချမ်းပါစေ။ ကျေးငှက်တို့ တေးဆိုနေ။

ကျမတို့ ဘီဘီစီဖွင့်ရင် ကြားနေကျ သီချင်းလေးပါ။ အဲဒီသီချင်းရေးခဲ့သူဟာ ထူးအိမ်သင်ပါပဲ။

ကျမရဲ့ကျောင်းသားဘဝ အမှတ်တရ စာအုပ်လေးထဲမှာ သူရေးပေးခဲ့တယ်။

ယုံကြည်ချက်ထဲကအတ္တကို တည်ဆောက်ပါတဲ့။ .... ....

■ ဘဝမှာ လုပ်ချင်တာတွေ အကုန်လုပ်ခွင့် ရမသွားတဲ့ ကိုသျှပ်သို့ ■

## ဖွန်မှိုင်းဆောင်းပါးမှ ...

ဝိုင်းကူခဲ့တာပါ။

(၈)

စစ်အုပ်စုဟာ တော်တော်ကို အကြပ်အတည်းဆိုက်သွားပါတယ်။

ဒီအတွက် .... ကျောင်းသားတိုက်ပွဲကို အတင်းဖြိုခွဲ အတင်းဖမ်းဆီး၊ အတင်းထောင်ချခဲ့တာပါ။

ကျောင်းပေါင်းစုံက ကျောင်းသား (၁၀၀) ကျော် ဖမ်းဆီးခဲ့ပြီး ထောင်ဒဏ် (၂၁ နှစ်၊ ၄၅ နှစ်၊ ၅၂ နှစ်၊ ၅၉ နှစ်) စသ ဖြင့် ပက်ပက်စက်စက်ကို ချပစ်ခဲ့ပါတယ်။

အညှိုးနှင့် ခေါင်းဆောင်လှုပ်ရှားခဲ့တဲ့ ကျောင်းသားတွေကို ဒီနေ့ထိ ထောင်ချထားဆဲပါပဲ။ ဘယ်လို လျှော့ပေါ့သက်သာ အမိန့်နဲ့မှ လွှတ်မပေးခဲ့တာပါ။

(၉)

ဒီလိုအရင်းအနှီးများများ ပေးလိုက်ရပေမယ့်။

ဒီအရင်းအနှီးနှင့်ညီမျှတဲ့ ရလာဒ်တခုကို ကျနော်တို့ ရရှိလိုက်ကြပါတယ်။

အဲဒါကတော့ .... ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာရ်ပီပီ) ကို ၁၉၉၈ စက်တင်ဘာ (၁၆) ရက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၅၁) ဦးရဲ့ ထောက်ခံမှုနှင့် ဖွဲ့စည်းလိုက်နိုင်တာပဲ။

ခြေလှမ်းရှိရှိ လှမ်းလာကြရင်း ....

တဖြည်းဖြည်း ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာရ်ပီပီ) ဟာ ပိုမိုအားကောင်း ပြည့်စုံလာခဲ့တယ်။ ရွေးကောက်ပွဲနိုင် အဖွဲ့အစည်းအားလုံးပါဝင်တဲ့ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုတခုသဖွယ် ဖြစ်လာခဲ့တယ်။

အဲဒါကြောင့်လည်း အဲန်အယ်လ်ဒီဟာ (စီအာရ်ပီပီ) ရဲ့ သဘောတူညီမှုနှင့်အတူ

'သင်ပုန်းခြေရေးမှ စတင်ပြီး တွေ့ဆုံဆွေးနွေးရေးကို ဆောင်ရွက်ကြဖို့' နအဖ စစ်အုပ်စုကို ၂၀၀၄ ခုနှစ်ကုန်မှာ .... တင်ပြတောင်းဆိုလိုက်နိုင်ခဲ့ပါတယ်။

(၁၀)

ကနေ့ ဘာတွေဖြစ်နေကြပြီလဲ။

စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဟာ ဘယ်တုန်းကထက်မဆို ဆိုးဝါးနိမ့်ကျနေရတယ် ....

WFP (ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်) ရဲ့အကြီးအကဲ မစ္စတာဂျိမ်းစ်မော့ရစ်ရဲ့ ဩဂုတ်လ (၁) ရက်ကနေ (၄) ရက်နေ့အတွင်း လေ့လာတွေ့ရှိခဲ့တဲ့ ကိန်းဂဏန်းတွေဟာ ပျိုးခင်းကို ရေဖြတ်ပြီး မီးတိုက်နေသလိုပဲ။

'(၅)နှစ်အောက် ကလေးငယ် (၃) ယောက်ထဲက (၁) ယောက်ဟာ ကိုယ်အလေးချိန်မပြည့်ဘူး။ အလွန်အကျွံပိန်ချုံးနေကြတယ်။ ကျနော်တို့ အခုလေ့လာခဲ့တဲ့နေရာမှာ အဟာရချို့တဲ့နေတဲ့ ကလေးငယ်တွေ (၆၀) ကနေ (၇၀) ရာခိုင်နှုန်းအထိရှိတယ်။

ကလေးသူငယ် (၁၀၀) မှာ (၂၀) ရာခိုင်နှုန်းကပဲ (၄) တန်းအထက်ကို ဆက်တက်နိုင်ကြပြီး (၈၀) ရာခိုင်နှုန်းကတော့ (၄) တန်းမှာပဲ ကျောင်းထွက်လိုက်ရတယ်။'

ပြီးတော့ ....

HIV/AIDS တီဘီနှင့် ငှက်ဖျားရောဂါသည်တွေအတွက် အကူအညီပေးနေတဲ့ (Global Fund) အဖွဲ့ကြီးကလည်း ဆက်မပေးနိုင်တော့ကြောင်း အကြောင်းကြားလာပြန်တယ်။

လူထုကြီးရဲ့မျက်နှာကို နည်းနည်းမှ ထည့်မတွက်တတ်တဲ့၊ စစ်အုပ်စုရဲ့ အရာရာ 'ငွေ့ဘ' ပေါ်လစီကြောင့် ဘယ်စေတနာရှင်ကမှ ရေရှည်မှာ သည်းညည်းမခံနိုင်ကြတော့ဘူး။

ဝေဒနာရှင်တွေကို စာနာစိတ်အပြည့်ရှိပေမယ့် အလုပ်ကို ထိထိရောက်ရောက် လုပ်လို့ မရလောက်အောင်ကို တင်းတင်းကျပ်ကျပ် ပိတ်ပိတ်ဆို့ဆို့တွေ လုပ်နေလေတော့ ဘယ်သူမှစိတ်မရှည်နိုင်ကြတော့ဘူး။

စစ်အုပ်စုရဲ့ အစီရင်ခံစာတွေမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဟာ (၈) ရာခိုင်နှုန်း၊ (၉) ရာခိုင်နှုန်း တိုးတက်နေပါတယ်လို့ ကြွားလုံးထုတ်နေပေမယ့် လမ်းဘေးဈေးသည်၊ ခေါင်းရွက်ဗျတ်ထိုးကအစ .... ကုမ္ပဏီထောင်ထားတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများအဆုံး ဘယ်သူမဆို အခက်အခဲတွေနဲ့။ အသက်ကို တချက်ချင်း ကြိုးစားပြီးရှူနေကြရတာပါ။

သူတို့နဲ့ ပေါင်းစားနေကြတဲ့ ခေတ်ပျက်သူဌေးဆိုတဲ့ လူတချို့တောင် တနေ့ရွှေ၊ တနေ့ငွေ။

ဒီနေ့ရွှေထီးဆောင်း နေရပေမယ့်

မနက်ဖြန် ရေစည်လှည်းပဲတွန်းရတော့မလိုလို၊ ခေါင်းကို ပုံစံထိုးပြီး ထောင်ထဲပဲ ဝင်ရတော့မလိုလို။

ကုန်ကုန်ပြောရရင် ....

စစ်အုပ်စု ထိပ်သီးကြီးများကိုယ်တိုင် မနက်ဖြန်တိုင်းအတွက် ညလုံးပေါက် ဂ္ဂတိပိသောရွတ်နေရတဲ့ အဖြစ်တွေပါ။

ဒီအခြေအနေတွေဟာ .... လူထုကြီးအတွက် ချမ်းမြေ့စရာမရှိသလို၊ တကယ်ဆိုရင် ....စစ်အုပ်စုကိုယ်တိုင်လည်း မထွေးနိုင် မအံ့နိုင် ဖြစ်နေရတာပါ။

ဒါကြောင့်လည်း ....အဲန်အယ်လ်ဒီက ဒီနေ့အခြေအနေကို ဖြေရှင်းနိုင်ဖို့ဆိုရင်

အင်အားစုအသီးသီးပါဝင်တဲ့ (လက်နက်ကိုင်ထားသူရော၊ မကိုင်ထားသူရော) အားလုံးပါဝင်တဲ့ တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ အရေးတကြီးလိုအပ်နေကြောင်း ထောက်ပြပြောဆိုခဲ့တာပါ။

ဒါဟာ အမှန်ပါပဲ။

အားလုံးနှင့်ဆိုင်တဲ့ ပြဿနာတွေကို အားလုံးဝိုင်းပြီးဖြေရှင်းကြရမှာပါ။

တန်းတူရည်တူ လွတ်လွတ်လပ်လပ် ညီအကိုချစ်စိတ်နှင့် ဝိုင်းဝန်းဆွေးနွေး အဖြေရှာကြရင် မကောင်းဘူးလား။

ဒါမှ ခေါင်းမာနေမယ်ဆိုရင် ....

လူထုကြီးရဲ့သည်းခံနိုင်မှုဆိုတာ အကန့်အသတ်ရှိတယ်။

တောင်ပြိုပြီဆိုရင်တော့ လက်ဝါးနဲ့ကာလို့ ရနိုင်မယ်မဟုတ်တော့ဘူး။

ကျနော် ဒီမှာ .... ပြည်သူ့တိုးတက်ရေးပါတီ ဥက္ကဋ္ဌဦးခင်မောင်မြင့်ရဲ့ ရွှေဘိုမိန့်ခွန်းကို သတိရမိတယ်။

'ကျနော်တို့ ရှစ်ဆယ့်ရှစ် အရေးတော်ပုံကြီးကို စစ်အစိုးရက ပုံဖျက်တယ်။ မင်းမဲ့စရိုက်တွေဖြစ်တယ်။ ခေါင်းတွေဖြတ်တယ် စသည်ဖြင့် ပုံဖျက်ပြောဆိုကြတယ်။ ခေါင်းဖြတ်တာတွေ ဘယ်သူလုပ်တာလဲ၊ ဘာကြောင့် ဖြစ်ရတာလဲ၊ ဘယ်သူဖန်တီးတာလဲ .... ဒါတွေ သူတို့ အကုန်သိတယ် .... ကျနော်ပြောမယ်။

လူထုကြီးရဲ့ သည်းခံနိုင်မှုဆိုတာ အကန့်အသတ်ရှိတယ်။ အဲဒီအကန့်အသတ်တွေကို ကျော်သွားပြီး လူထုကြီးရဲ့ ဒေါသတွေ ပေါက်ကွဲထွက်လာပြီဆိုရင် ....

ဒီတခါတော့ ခေါင်းတင်မကဘူး

ခြေထောက်ပါ ဖြတ်ကြလိမ့်မယ်။'

(၁၁)

ဒီလိုမဖြစ်ကြရလေအောင် ....

တွေ့ဆုံဆွေးနွေးလိုက်စေချင်တယ်။

ဦးဉာဏ်ဝင်း ဗီယန်ကျင်း ထိပ်သီးအစည်းအဝေးမှာ ပေးခဲ့တဲ့ကတိတွေနှင့် ရှင်းလင်းပြောဆိုချက်တွေအပေါ် ....

တုန့်ပြန်ပြောဆိုလိုက်တဲ့ အဲန်အယ်လ်ဒီရဲ့ကြေငြာချက်ဟာ ကနေ့အခြေအနေရဲ့ အဖြေစစ်စစ်ဖြစ်တယ်ဆိုတာ ....

ဂ္ဂတိပိသောရွတ်နေရတဲ့၊ ဆေးဖယောင်းတိုင်ထွန်းပြီး ယတြာအမျိုးမျိုးချေနေရတဲ့ စစ်ဗိုလ်ချုပ်ကြီးများ သတိချပ်စေချင်ပါတယ်။

၂၆၊ ၈၊ ၂၀၀၅။

## ဂန္ဒီနှင့်အောင်ဆန်း မြန်မာနှင့်ကမ္ဘာ ဆောင်းပါးမှ ...

လူမျိုးတွေကျတော့ အဲဒီလို တဦးချင်း ကိုယ်ကျိုးစီးပွားတွေကို အများပြည်သူ့အကျိုးစီးပွားနဲ့ ပြန်ထိန်းဖို့ အနစ်နာခံ ကိုယ်ကျိုးစွန့်နေတာဖြစ်တယ်။ ခေါင်းမာနေတာ၊ တင်းမာနေတာ မဟုတ်ပါဘူး။ ခေါင်းမာတယ်ဆိုတာ ကိုယ်ကျိုးစီးပွားအကြီးအကျယ်ရှိနေသူတွေရဲ့ လက္ခဏာသာဖြစ်ပါတယ်။

ဦးဝင်းတင်ဟာ ခိုင်မာပြတ်သားလှတဲ့ သံမဏိစိတ်ဓာတ်ကို ထောင်ထဲမှာ အလံမလှဲ စတမ်း စိုက်ထူထားနိုင်တာ ကမ္ဘာသိဖြစ်ပါတယ်။ အဲသလို စွယ်စုံထူးချွန်ထက်မြက်လှသူ တယောက်က စစ်အာဏာရှင်ဆန့်ကျင်ရေး စိတ်ဓာတ် အင်မတန်ကြံ့ခိုင်လှတဲ့အတွက်ကြောင့်ပဲ သူ့ကို စစ်အစိုးရက လုံးဝပြန်မလွှတ်ပေးတာဖြစ်တယ်။ လက်ဝဲယိမ်းလို့ လွှတ်မပေးတာမဟုတ်ပါဘူး။ ဦးဝင်းတင် ကွန်မြူနစ်မဟုတ်မှန်း စစ်အစိုးရကောင်းကောင်းသိပါတယ်။ ကွန်မြူနစ်စာအုပ်စာတမ်းဆိုပြီး စောမောင်၊ ခင်ညွှန့်တို့ ဦးဝင်းတင်အိမ်က သိမ်းယူပြတဲ့စာအုပ်တွေမှာ ကွန်မြူနစ်ဆန့်ကျင်ရေးစာအုပ်တွေလည်း အတော်များများပါဝင်နေပါတယ်။ ကွယ်လွန်သူ ဖဆပလ ဦးကျော်ငြိမ်းလိုလူတောင် ကွန်မြူနစ်ဝါဒစာအုပ်တွေ ကိုယ်ပိုင်ဝယ်ယူလေ့လာခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ဦးဝင်းတင်လို ဘက်စုံလေ့လာသူ၊ ဘက်စုံနှံ့စပ်ထူးချွန်သူ တယောက်ဟာ ကွန်မြူနစ်ဝါဒစာအုပ်တွေကိုလည်း လေ့လာတာ ဘာမှမဆန်းပါဘူး။ ဒါတွေကို မသိနားမလည်ဘဲ ဦးဝင်းတင်လိုလူမျိုး စစ်အစိုးရက လွှတ်မပေးတာကို နားလည်မှုပေးသင့်တယ်လို့ သွားစဉ်းစားရင်တော့ စစ်ဗိုလ်ချုပ်တွေရဲ့အကွက်ထဲ ဝင်သွားပါလိမ့်မယ်။ စစ်အုပ်စုကိုယ်ကျိုးစီးပွားတွေထဲက အရိုးအရင်းလေးများ စားရမလားဆိုပြီး ဆင့်ဟိုဒင်း ဟဝှာကောင်မျှော်တဲ့ဘဝ မဆိုက်ကြစေချင်ပါဘူး။

(ဦးဝင်းတင် အကျဉ်းစံ (၁၆) နှစ်မြောက် အမှတ်တရ)

## ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေ ကွယ်လွန်



ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ရှေ့တန်းမှ ပါဝင်ခဲ့သော နိုင်ငံကျော် ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေ

နိုင်ငံကျော် ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေသည် ဩဂုတ်လ (၁၃) ရက် (၁) နာရီခွဲခန့်က ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နေအိမ်တွင် လူကြီးရောဂါနှင့် ကွယ်လွန်သွားခဲ့သည်။ ဈာပနကို ဩဂုတ် (၁၅) ရက်နေ့က ရေဝေးသုသာန်တွင်ပြုလုပ်ခဲ့ပြီး အနုပညာလောကနှင့် နိုင်ငံရေးနယ်ပယ်များမှ မိတ်ဆွေများမှ လိုက်ပါပို့ဆောင်ပေးခဲ့ကြသည်။

မင်းသားကြီးဦးထွန်းဝေသည် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ တရုတ်ပြည်သွား ကမ္ဘာ့ငြိမ်းချမ်းရေးခရီးတွင် အပါးတော်မြဲစကားပြန်အဖြစ် လိုက်ပါသွားခဲ့ဖူးပြီး ၁၉၆၃ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေး လူထုဆန္ဒပြပွဲကြီးကို မန္တလေးအိမ်တော်ရာ (၁၄) ခန်းဇရပ်တွင်ပြုလုပ်ရာ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ မိခင် ဒေါ်ခင်ကြည်ဈာပနတွင် ရှေ့ဆုံးမှ ပါဝင်ခဲ့ပြီး ရုပ်ရှင်မင်းသား မြတ်လေးတို့နှင့်အတူ ရေကြည်အိုင် စစ်အကျဉ်းစခန်းတွင် ဖမ်းဆီးချုပ်နှောင်ခံခဲ့ရဖူးသည်။ လူထုဒေါ်အမာ၊ သခင်သိန်းမောင်၊ သခင်စိုးမြင့်တို့နှင့်အတူ သခင်ကိုယ်တော်မှိုင်းဂူဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့ဝင်တဦးလည်းဖြစ်သည်။

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ရှေ့တန်းမှပါဝင်ခဲ့ပြီး ၁၉၈၈ ခုနှစ် ဩဂုတ် (၂၆) ရက်တွင် ဒေါ်အောင်ဆန်းစုကြည်၏ ပထမဆုံးအကြိမ် ရွှေတိဂုံဘုရားအနောက်ဖက်မုဒ် လူထုစည်းဝေးပွဲကြီးတွင် အဓိက ကူညီအားပေးခဲ့သူဖြစ်သည်။ ထိုကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်ကို ကူညီအားပေးခဲ့မှုကြောင့် နအဖစစ်အစိုးရက ဦးထွန်းဝေအား ကွယ်လွန်ချိန်ထိရုပ်ရှင်၊ ဗွီဒီယိုရိုက်ကူးခွင့် စာပေရေးသားခွင့်များ ပိတ်ပင်ထားခဲ့ပြီး သူ့အမည်ကို စာနယ်ဇင်းတွင် လုံးဝပါခွင့်မပြုခဲ့ပေ။

ရုပ်ရှင်မင်းသားကြီး မကွယ်လွန်ခင် ဒီဗွီဘီနှင့် တွေ့ဆုံခန်း၌ သူ့ကိုချစ်သော ရုပ်ရှင်ပရိသတ်များ ဒီမိုကရေစီလိုလားသူများအား ဘာများပြောစရာရှိမလဲဟု မေးမြန်းသည့်အခါ မင်းသားကြီးက "ကျနော်က ကိုယ့်ယုံကြည်လို့ ကိုယ်လုပ်လာတဲ့အနုပညာကို နှစ်ပေါင်း (၃၀) ကျော် ကျနော်လုပ်လာတာ အခုကျမှ မလုပ်ရဘူးဆိုတော့လဲ၊ ဒါလည်း လူမသေပဲနဲ့ နာမည်သေအောင်လုပ်တဲ့နည်း တနည်းပေါ့။ လူမသေပဲ နာမည်သေအောင် လုပ်ပြီးတော့ ပြည်သူနဲ့အဆက်ပြတ်အောင် လုပ်ပစ်တဲ့နည်းပေါ့။ အေးပေါ့လေ။ ဒါပဲပေါ့။ မလုပ်ကောင်းတာတွေ လျှောက်လုပ်နေတယ်။ ခွကျတယ်။ ကျနော်ထင်တာတော့ မလုပ်သင့်တာတွေ မလုပ်ကောင်းတာတွေ လျှောက်လုပ်နေတယ်လို့ ကျနော်ထင်တယ်။ ကျနော်ဝမ်းနည်းတယ်။ ရုပ်ရှင်နဲ့ ဝေးပြီထင်တယ်။ ဒီတသက်တော့ ရုပ်ရှင်တော့ လုပ်ဖြစ်တော့မယ်မထင်ပါဘူး။ ကျနော့်ဆန္ဒကတော့ ပြည်သူနဲ့ တခွင်ထဲပါပဲ။ ကျနော့်ရုပ်ကိုမမြင်ရပေမယ့် ကျနော့်အသံနဲ့ သွင်းထားတဲ့ ဇာတ်လမ်းတွေအများကြီးရှိတယ်။ အဲဒါလေးတွေနဲ့ပဲ အလွမ်းဖြေကြပါတော့လို့။ အားလုံးကျန်းမာကြပါစေ။ ချမ်းသာကြပါစေလို့ ကျနော်ဆုတောင်းပါတယ်" ဟု ပြောကြားသွားခဲ့သည်။

ဦးထွန်းဝေသည်ကွယ်လွန်ချိန်တွင် အသက် (၈၅) နှစ်ရှိပြီး ဇနီးဒေါ်ထွေးထွေး၊ သား ဦးစံသာထွန်း၊ ဦးကျော်စွာထွန်းနှင့် မြေး (၄) ယောက် ကျန်ရစ်ခဲ့သည်။

■ ■ ■

"အဖေကတော့ မှန်တဲ့ဘက်က ရပ်သွားတာပေါ့ဗျာ။ ပြောသွားသေးတယ်။ မှောက်ချည်၊ လှန်ချည်ထဲ ငါမပါဘူးတဲ့"

ဦးကျော်စွာထွန်း (ဦးထွန်းဝေ၏သား)

"ပါတီနိုင်ငံရေးကို ကျနော်မလုပ်ဘူး တဲ့။ တိုင်းပြည်နဲ့ လူမျိုးအတွက်ပဲ အလုပ်လုပ်မယ်ပေါ့နော်။ "လိုတဲ့နေရာ လိုတဲ့အချိန်မှာ ခေါ်လိုက်ပါ။ ထွန်းဝေအရောက်လာပါ့မယ် " ဆိုတာ သူအမြဲ ပြောနေကျစကားပါ။"

ဦးစိုးဝင်း (ဒီမိုကရေစီပါတီ၊ ပြည်သူ့လွှတ်တော်အမတ်)

■ ■ ■

နိုင်ငံတကာ

# သတင်းတိုထွာ

## ဗင်နီဇွဲလားနှင့် ကျူးဘားတို့က အမေရိကန်များအား မျက်စိကုသပေးမည်

ဗင်နီဇွဲလားသမတ ဟူဂိုချေဗက်ဇ်က မျက်စိရောဂါဖြစ်နေသော အမေရိကန်လူမျိုးများအား အမေရိကန်ပြည်ထောင်စုရှိ ဗင်နီဇွဲလားသံရုံးသို့သွားရောက်ရန် ပန်ကြားလိုက်ပြီး ဗင်နီဇွဲလားနှင့် ကျူးဘားတို့က မျက်စိရောဂါကုသပေးရန် အဆင်သင့်ဖြစ်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

မစ္စတာချေဗက်ဇ်နှင့် ကျူးဘားသမတ ဖီဒယ်ကတ်စရိုတို့သည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ကျူးဘား၌တွေ့ဆုံကြပြီး၊ အမေရိကန်၏ ကျန်းမာရေးစောင့်ရှောက်မှုညံ့ဖျင်းပုံကို အပြစ်တင်ပြောကြားခဲ့သည်။ မျက်စိရောဂါခံစားနေရသော လက်တင်အမေရိကလူမျိုးတို့အတွက် ဆေးကုသပေးမည့် (၁၀) နှစ် စီမံကိန်းကို ထုတ်ဖော်ကြေညာလိုက်ပြီး တနှစ်လျှင် အမေရိကန်လူမျိုး (၁၅၀,၀၀၀) ကို ဆေးကုသပေးမည်ဟု ဆိုသည်။ ❖

## ဟောင်းပျက်စီးနေသောအဆောက်အဦးများမှ မိသားစုများနှင်ထုတ်

အန္ဒိယနိုင်ငံ၊ ဘုံဘေမြို့တွင် ဩဂုတ်လ (၂၈) ရက်နေ့က လူခြောက်ဦးသေဆုံးသွားသော အဆောက်အဦးပျက်စီးမှုအပြီး လူနေအဆောက်အဦးရှစ်ဆယ်မှ မိသားစု (၉၀၀) ကို အခြားကြားစခန်းတခုသို့ ပြောင်းရွှေ့ထားလိုက်ကြကြောင်း သတင်းများအရသိရှိရသည်။

ဘုံဘေမြို့တွင် လူနေထိုင်ရန်မသင့်တော်သော အဆောက်အဦးပေါင်း (၁၆၀,၀၀) ရှိနေပြီး အဆောက်အဦးများပြိုကျပျက်စီးခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်သဖွယ် ဖြစ်နေသည်ဟုဆိုသည်။ ပုလိပ်ဘက်မှ အဓမ္မနှင်ထုတ်သော်လည်း ဆင်းရဲသားများမှာ ယင်းအဆောက်အဦးများအတွင်း ပေကပ်နေကြသဖြင့် မကြာခဏ အဖြစ်ဆိုးများဖြင့် ကြုံနေကြရသည်။ ❖

## အိုင်စီဂျေမှ မောလ်ဒိုက်တရားရုံးသို့ လေ့လာသူစေလွှတ်မည်

ဥပဒေပညာရှင်များဆိုင်ရာ နိုင်ငံတကာကော်မရှင် (အိုင်စီဂျေ) မှ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးအတွက် ဖိအားပေးကြိုးပမ်းမှုများအပြီး အကြမ်းဖက်မှုဖြင့် စွပ်စွဲခံနေရသည့် မောလ်ဒိုက်အတိုက်အခံခေါင်းဆောင် မိုဟာမက်နတ်ရှိအား တရားစွဲဆိုမည့် တရားရုံးသို့ လေ့လာသူတဦး စေလွှတ်မည်ဟု ဩဂုတ်လ (၂၈) ရက်နေ့က ကြေညာသည်။

သီရိလင်္ကာနိုင်ငံ၏ အမျိုးသားလူ့အခွင့်ရေးကော်မရှင်ဥက္ကဋ္ဌဟောင်း ဖိဆက်မူစသာဖာအား ယင်းတရားရုံးသည် နိုင်ငံတကာတရားဥပဒေ စံချိန်စံညွှန်းများကို လေးစားလိုက်နာမှုရှိမရှိ စောင့် ကြပ်စစ်ဆေးသွားမည်ဟုဆိုသည်။

မော်လ်ဒိုက် ဒီမိုကရက်တစ်ပါတီ (MDP) ၏ခေါင်းဆောင် မစ္စတာနတ်ရှိသည် မြို့တော်မေးလ်၌ လူထုဆန္ဒပြပွဲတရပ်ကို ဦးဆောင်နေစဉ် ဩဂုတ်လ (၂၁) ရက်နေ့က ဖမ်းဆီးခံရခြင်းဖြစ်သည်။ အစိုးရကမူ မစ္စတာနတ်ရှိသည် သမတက ချက်ချင်းမထွက်ပေးပါက ဆိုးရွားပြင်းထန်သည့် အကျိုးဆက်များကို ကြုံတွေ့ရမည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။ ❖

## ခရီးသည်တင်ဂျက်လေယာဉ်ပျက်ကျ လူ (၁၄၃) ယောက်သေဆုံး

ဘိုးရင်း (၇၃၇–၂၀၀) ခရီးသည်တင် လေယာဉ်ပျံတစင်းသည် လူနေသိပ်သည်းထူ ထပ်သော အင်ဒိုနီးရှားနိုင်ငံ၊ မီဒန်မြို့ဆင်ခြေ ဖုံးရပ်ကွက်တခုအတွင်းသို့ လေဆိပ်မှပျံတက် ပြီး ခေတ္တအကြာပျက်ကြရာ အနည်းဆုံးလူ (၁၄၃) ဦးသေဆုံးခဲ့သည်ဟု သိရသည်။

မီဒန်မြို့သည် အင်ဒိုနီးရှားနိုင်ငံတွင် တတိယအကြီးဆုံးမြို့တော်ဖြစ်ပြီး ပြည်နယ်အုပ်ချုပ်ရေးမှူး ( Rizal Nurdin) မှာလည်း လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသွားခဲ့သည်။ အိမ်အလုံးသုံးဆယ်မှာ မီးလောင်ပျက်စီးသွားပြီး ယာဉ် (၅) စီးမှာလည်း လေဆိပ်သို့သွားရာ အဓိကလမ်းမကြီးတလျှောက် ပျံ့ကျဲလွင့်စင်နေသည်ဟုဆိုသည်။

လေယာဉ်ကုမ္ပဏီကမူ လေယာဉ်ပျက်ကျရခြင်းအကြောင်းအရင်းကို ခန့်မှန်းရခက်နေသေးကြောင်း၊ သို့သော် သက်တမ်း (၂၅) နှစ်ကြာပြီဖြစ်သော်လည်း လေယာဉ်ကို ပြီးခဲ့သည့်ဇွန်လအတွင်းကမှ လုံခြုံရေးဆိုင်ရာစမ်းသပ်မှုများပြုလုပ်ခဲ့တာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အမျိုးသားသယ်ယူပို့ဆောင်မှု ဘေးအန္တရာယ်ကင်းရှင်းရေး ကော်မတီဥက္ကဋ္ဌ (Etyo Raharjok) ကမူ ပျံသန်းမှုဆိုင်ရာ အသံဖမ်းတိတ်ခွေအား ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း စုံစမ်းစစ်ဆေးမှုများလည်း စတင်နေပြီဖြစ်ကြောင်းပြောကြားခဲ့သည်။ ❖

## အီရတ်စစ်ပွဲအတွင်း အမေရိကန်နှင့်ညွန့်ပေါင်းစစ်သားအကျအဆုံး

[စီအဲန်င်အဲန်င်]

၂၀၀၅ ခုနှစ်၊ စက်တင်ဘာ (၅) ရက်နေ့ထိ ကျဆုံးသွားသော အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့ များမှအတည်ပြုပြီးစစ်သားဦးရေမှာ စုစုပေါင်း (၂,၀၈၁)ဦး ရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား(၁,၈၈၇)၊ ဗြိတိသျှစစ်သား (၉၅) ဦး၊ ဘူဂေးရီးယားစစ်သား (၁၃) ဦး၊ ဒိန်းမတ်စစ်သား (၁) ဦး၊ ဒတ်ချ်စစ်သား (၂) ဦး၊ အက်စ်တိုနီးယားစစ်သား (၂) ဦး၊ ဟန်ဂေရီစစ်သား (၁) ဦး၊ အီတလီစစ်သား (၂၆) ဦး၊ ဂါဇက်စစ်သား (၁) ဦး၊ လတ်ဗီယန်းစစ်သား (၁) ဦး၊ ပိုလန်စစ်သား (၁၇) ဦး၊ ဆာဗေးဒိုးစစ်သား (၁) ဦး၊ ဆလိုဗက်စစ်သား (၃) ဦး၊ စပိန်စစ်သား (၁၁) ဦး၊ ထိုင်းစစ်သား (၂) ဦးနှင့် ယူကရိန်းစစ်သား (၁၈) ဦးတို့ ဖြစ်ကြသည်။ ပင်တဂွန်သတင်းဌာနအရ စစ်ပွဲအတွင်းဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ (၁၄,၂၆၅) ဦး ရှိပြီးဖြစ်သည်။

# ချူးကလီးယားလက်နက် စွန့်လွှတ်မည်လား၊ ကုလသမဂ္ဂပိတ်ဆို့မှုကို ရင်ဆိုင်မည်လား၊ ပြင်သစ်သမတကြီးက အီရန်အား သတိပေး



ပြင်သစ်သမတကြီး ( Jacques Chairac)

ပြင်သစ်သမတကြီး (Jacques Chairac) က အီရန်အပေါ် ဖိအားပေးမှုကို ဩဂုတ်လ (၂၉) ရက်နေ့က မြှင့်တင်လိုက်ပြီး၊ အထိမခံ ရှေ့ပုဂံဖြစ်နေသည့် ချူးကလီးယားလုပ်ငန်းများကို ရပ်ဆိုင်းခဲ့လျှင် အပြန်အလှန်အား ဖြင့်ပေးကမ်းမည့် ဥရောပသမဂ္ဂ၏ မက်လုံးများ၊ ကမ်းလှမ်းချက်များကို စဉ်းစားရန် သတိပေးလိုက်သည်။

အကယ်၍ အီရန်က ဥရောပသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိခဲ့လျှင် သံသယဖြစ်နေသည့် ချူကလီးယားလက်နက်များ ထုတ်လုပ်မှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ စစ်ဆေးရလိမ့်မည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

ဩဂုတ်လ စောစောပိုင်းတွင် အီရန်အာဏာပိုင်တို့က၊ အီးယူ၏ကမ်းလှမ်းချက်ကို ပယ်ချခဲ့ပြီး၊ ချူးကလီးယားလုပ်ငန်းများကို ပြန်လည် စတင်လုပ်ဆောင်ခဲ့သည်။ သို့အတွက်ကြောင့် သုံးပွင့်ဆိုင် ထွိုင်ကာအဖွဲ့ဝင်များဖြစ်သည့် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမဏီတို့က အီရန်၏ ယူရေနီယမ်ကြွယ်ဝချမ်းသာလာစေရေးလုပ်ဆောင်ချက်များကို ထာဝရ ရပ်ဆိုင်းရန်၊ အီးယူကတောင်းဆိုထားသည်။ အီရန်နိုင်ငံကမူ လိုအပ်နေသော ချူးကလီးယားနည်းပညာသည် တိုးပွားလာနေသော လျှပ်စစ်စွမ်းအင်လိုအပ်မှုကို ကောင်းစွာကိုင်တွယ်ဖြေရှင်းနိုင်မည်ဟုသာ ပြောကြားနေသည်။ အီးယူနှင့် အမေရိကန်ပြည်ထောင်စုတို့ကမူ အီရန်၏ ချူးကလီးယားလက်နက်များလျှို့ဝှက်ထုတ်လုပ်ရန် ကြိုးပမ်းနေသည်ဟု သံသယရှိနေကြသည်။

ပြီးခဲ့သည် သောကြာနေ့တွင် အီရန်အစိုးရက နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ (Hamid Reza Asefi) က ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တလအတွင်း စီမံကိန်းတရပ် ရေးဆွဲတင်ပြမည်ဟု ထုတ်ဖော်ပြောကြားသည်။ အီးယူက လုံခြုံရေးကောင်စီတွင် အီရန်အား ဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်လာစေရေးအတွက် ပြင်ဆင်မှုကို တားဆီးကာကွယ်ရန် ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်ကြောင်း၊ အချိန်ဆွဲရန် ကြိုးပမ်းမှုဖြစ်ကြောင်း သံတမန်အသိုင်းအဝိုင်းက သုံးသပ်လျက်ရှိသည်။ ❖

# ဗင်နီဇွဲလား သမတက ယူအဲန်တွင် အမေရိကန်ကို ပြင်းထန်စွာ ဝေဖန်ရှုံ့ချမည်

ဗင်နီဇွဲလား သမတ ဟူဂိုချေဗက်ဇ်က ခရစ်ယာန်တရားဟောဆရာ ပက်ရိဘတ်ဆင်အား တရားဥပဒေအရ အရေးယူရန်နှင့် သူ၏မူရင်းနိုင်ငံသို့ ပြန်ပို့ရန် ဖြစ်ဖွယ်ရှိသည့်အလားအလာများကို ရှာဖွေနေသည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ပက်ရောဘတ်ဆင်သည် ဟူဂိုချေဗက်ဇ်အား လုပ်ကြံသတ်ဖြတ်ရန် ဝါရှင်တန်အားတောင်းဆိုခဲ့သည်။

သမတကြီး ဟူဂိုချေဗက်ဇ်က အကယ်၍ အမေရိကန်အစိုးရက မစ္စတာရောဘတ်ဆင်အားအရေးယူဖို့ပျက်ကွက်ခဲ့လျှင် တရားဥပဒေအရ ရွေးချယ်တင်မြှောက်ထားခြင်းခံရသည့် သမတတဦးကို လုပ်ကြံသတ်ဖြတ်ရန် တောင်းဆိုခဲ့သည့် အကြမ်းဖက်သမားတဦးအား အကာအကွယ်ပေးသည့်အဓိပ္ပါယ် သက်ရောက်ကြောင်းပြောကြားလိုက်ပြီး ကုလသမဂ္ဂနှင့် အမေရိကန်နိုင်ငံများအဖွဲ့ (OSA) သို့ သွားရောက်ပြီး အမေရိကန်အစိုးရအား ရှုံ့ချပစ်တင်မည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။



မစ္စတာ ဂျက်စီဂျက်ဆန်နှင့် ဗင်နီဇွဲလား လူထုအခြေပြုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ

မစ္စတာရောဘတ်ဆန်သည် သမတကြီး ဟူဂိုချေဗက်ဇ်အား၊ အီရတ်သမတ ဆက်ဒမ်ဟူစိန်နှင့် နှိုင်းယှဉ်ပြောဆိုခဲ့ပြီး၊ တနေ့နေ့တွင် ရေနံကြွယ်ဝသည့် ဗင်နီဇွဲလားနိုင်ငံအား တိုက်ခိုက်ရန်၊ အမေရိကန်အစိုးရအား တိုက်တွန်းခဲ့သည်။ သူ၏ သမတအားလုပ်ကြံသတ်ဖြတ်ရန် ပြောဆိုမှုအပေါ်နောက်ပိုင်းတွင် ဝန်ချတောင်းပန်ခဲ့သည်။

ထိုအတောအတွင်း ဗင်နီဇွဲလားသို့ အလည်အပတ်ရောက်ရှိနေသူ အမေရိကန်မြို့ပြအခွင့်အရေးခေါင်းဆောင် ( Jessc Jackson) က ရောဘတ်ဆန်၏ မှတ်ချက်ချပြောဆိုမှုသည် မနှစ်မြို့ဖွယ်ရာဖြစ်ပြီး ကျင့်ဝတ်သိက္ခာနှင့်လည်း မညီညွတ်သည့်အပြင် တရားဝင်မှုလည်းမရှိဟု မစ္စတာဟူဂိုချေဗက်ဇ်အား ထောက်ခံပြောကြားခဲ့သည်။ မစ္စတာ (Jessc Jaskson) က သမတဘုရှ်အား မစ္စတာရိုဘင်ဆင်၏ ထုတ်ဖော်ပြောဆိုမှုအပေါ် အလျင်အမြန်ကန့်ကွက်သည့် ထုတ်ပြန်ကြေညာချက်တစောင် ထုတ်ပြန်ရန် တိုက်တွန်းလိုက်သည်။ ❖

# နိုင်ငံတကာ

## ဇဝါဟီရီက လန်ဒန်ဗုံးခွဲမှုနှင့်စပ်လျဉ်း၍ တိုနီဘလဲအားပြန်လည်တုံ့ပြန်




အယ်ကိုင်ဒါ အကြမ်းဖက်အဖွဲ့၏ နံပါတ် (၂) ခေါင်းဆောင် အိုက်မန်အယ်ဇာဝါဟီရီ ဗွီဒီယိုတိတ်ခွေတွင် တွေ့ရပုံ

စက်တင်ဘာ (၆) ရက်နေ့ ၊ ၂၀၀၅။

အယ်ကိုင်ဒါ အကြမ်းဖက်အဖွဲ့၏ နံပါတ် (၂) ခေါင်းဆောင် အိုက်မန်အယ်ဇာဝါဟီရီက၊ ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲအား၊ ဗွီဒီယိုခွေဖြင့်ပေးပို့ထုတ်ပြန်သော ထုတ်ပြန်ကြေညာချက်တရပ်တွင် အပြင်းအထန်ပုတ်ခတ်ဝေဖန်ထားကြောင်း စက်တင်ဘာ(၃) ရက်နေ့ထုတ်သတင်းစာများတွင် ဖော်ပြထားသည်။ ဝန်ကြီးချုပ်က လန်ဒန်ဗုံးဖောက်ခွဲမှုနှင့် အီရတ်အပေါ်ကျူးကျော်မှု ဆက်စပ်မှုရှိနေသည်ဆိုသည်ကို ငြင်းပယ်ခဲ့ခြင်းအတွက် ဇဝါဟာရီက ရှုံ့ချပြောဆိုခဲ့ခြင်းဖြစ်သည်။

ယင်းဗွီဒီယိုတိတ်ခွေသည် (၅၂) ဦး သေဆုံးသည့် ဇွန်လ (၇) ရက်နေ့ လန်ဒန်မြို့ အသေခံဗုံးဖေါက်ခွဲမှုတွင်ပါဝင်သူ အသေခံဗုံးဖောက်ခွဲရေးသမားထံမှ သေလွန်ပြီးမှ ရရှိသည့် တိတ်ခွေဖြစ်သည်ဟုဆိုသည်။

ဩဂုတ်လစောစောပိုင်းတွင် မစ္စတာတိုနီဘလဲက၊ အီရတ်နှင့်အာဖဂန်နစ္စတန်သို့ ကျူးကျော်ခြင်းကြောင့် လန်ဒန်ဗုံးဖေါက်ခွဲမှုဖြစ်ပေါ်လာခြင်းဖြစ်သည်ဟူသော စဉ်းစားမှုကို မဖွယ်မရာကိစ္စတရပ်အဖြစ် ထုတ်ဖော်ပြောဆိုခဲ့သည်။

ယင်းတိတ်ခွေသည် အမေရိကန်ဦးဆောင်သော အီရတ်ကျူးကျော်ရေးစစ်ပွဲတွင် အင်္ဂလန်ကပါဝင်ခဲ့မှုကြောင့် တိုင်းပြည်သည်ပိုမို၍ အကြမ်းဖက်တိုက်ခိုက်မှုကို ခံရဖွယ်ရှိပြီး၊ မွတ်စလင်လူထုနှင့်လူမျိုးရေးအရ တကွဲတပြားဖြစ်စေသည်ဆိုသည်မှာ မှန်၊ မမှန်အငြင်းပွားနေမှုကို ပိုမို၍မီးထိုးပေးရာရောက်သည်။

"တိုနီဘလဲဟာ သူ့လူထုကို မြို့တော်ရုံးအလယ်ခေါင်လမ်းမများပေါ်မှာ၊ ပိုမိုပြီး ကြီးမားတဲ့ဒုက္ခများကို သယ်ဆောင်လာလိမ့်မယ်"ဟု အယ်လ်ကိုင်ဒါတပ်ဖွဲ့၏ ဒုတိယခေါင်းဆောင် အိုစမာဘင်လာဒင်၏ လက်ထောက်က ထုတ်ဖော်ပြောကြားသည်။ ❖

## နယူးအိုလန်ပြည်နယ်တွင် စစ်တပ်များချထားရပြီ ဟာရီကိန်းမုန်တိုင်းဒုက္ခသည်များ လုယက်ခံနေရ

ဟာရီကိန်းမုန်တိုင်းကြောင့် အားကိုးရာမဲ့ဖြစ်နေသော နယူးအိုလန်ပြည်နယ်သူပြည်နယ်သားများအား အကူအညီအပြည့်အဝပေးနိုင်ရန်ရည်ရွယ်၍ လုယက်သူများအားခြောက်လှန့်မောင်းထုတ်နိုင်ရန် ပစ်သတ်ခွင့်အမိန့်ရရှိထားသည့် အမေရိကန်တပ်ဖွဲ့များ သတ်မှတ်နေရာများသို့ ထွက်ခွာသွားကြကြောင်း စက်တင်ဘာ (၂) ရက်နေ့သတင်းများအရ သိရှိရသည်။

လူထောင်ပေါင်းများစွာသေဆုံးခဲ့သည့် သဘာဝဘေးရန် ကျရောက်အပြီး၊ ကြီးထွားလာသော မင်းမဲ့စရိုက် ခြိမ်းခြောက်မှုကြောင့် ယခုကဲ့သို့ (national brands) တပ်ဖွဲ့များစေလွှတ်ရခြင်းဖြစ်သည်။ ပြည်ထောင်စု အရေးပေါ်စီမံမှုအေဂျင်စီ၏ ဒါရိုက်တာ မိုက်ကယ်ဘရောင်းက ပြည်စောင့်တပ်ဖွဲ့ဝင် (၁၄၀၀၀) ကိုစေလွှတ်ပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။



ဟာရီကိန်းမုန်တိုင်းဒဏ်ကြောင့် သားပျောက်မိခင်တဦး ငိုကြွေးနေစဉ်

လူထောင်ပေါင်းများစွာတို့သည် အနံ့အသက်ဆိုးဝါးလှသောရေများအကြား၊ ပုတ်ပွနေသော အလောင်းကောင်များအကြားတွင်နေထိုင်နေကြရပြီး လှည့်လည်သွားလာနေစဉ်လုယက်သူများ၊ သေနတ်သမားများနှင့်ရင်ဆိုင်နေရသည်ဟု သတင်းများမှတဆင့်သိရှိရသည်။

အမေရိကန်သမတဘုရှ်သည် အဆိုးဝါးဆုံးဟု ယူဆထားသည့်တောင်ပိုင်းပြည်နယ် (၃) သို့သွားရောက်ရန် စီစဉ်ထားသည်။ သူ၏အစိုးရအား အမေရိကန်သမိုင်းတွင် အဆိုးဝါးဆုံး သဘာဝဘေးအန္တရာယ်ကျရောက်နေမှုကို ကိုင်တွယ်ဖြေရှင်းရာ၌ ညံ့ဖျင်းသည်ဟူသော ဝေဖန်မှုများ ပို၍များပြားလာသည်။ လူပေါင်း (၃၀၀,၀၀၀) ခန့် ပိတ်လှောင်ခံနေရသော ဒေသအတွင်းသို့ တပ်ဖွဲ့များစေလွှတ်ရေးနှင့် ကယ်ဆယ်ရေးထောက်ပံ့ရေးပစ္စည်းများပေးပို့ရာ၌ အစိုးရ၏ စီမံခန့်ခွဲမှုများသည် အလွန်နှေးကွေးလေးလံလှသည်ဟု ဒေသခံအရာရှိများနှင့် ကယ်ဆယ်ရေးအဖွဲ့များက ခါးခါးသီးသီးပြစ်တင်ဝေဖန်ခဲ့ကြသည်။ ❖

## တာလီဗန်တို့က ရွေးကောက်ပွဲ အမတ်လောင်းတဦးအား လုပ်ကြံသတ်ဖြတ်

တာလီဘန်သူပုန်တို့က ပါလီမန်ရွေးကောက်ပွဲ အမတ်လောင်းတဦးအား အာဖဂန်တောင်ပိုင်းပြည်နယ်တခုဖြစ်သည့် (Wruzgan) တွင် သတ်ဖြတ်ခဲ့ကြောင်း အစိုးရအရာရှိများက ဩဂုတ် (၂၉) ရက်နေ့က ထုတ်ဖော်ကြေညာသည်။

(Uruzgan) ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျန်မိုဟာမက်ခန့်က ပြည်နယ်မြို့တော် (Tirin Kot) ၏ တောင်ဘက် (၃၂) ကီလိုအကွာ၌ (Hadji Hatigullah ) ဆိုသူ ရွေးကောက်ပွဲအမတ်လောင်းတဦး၏ကားအား ထိုတာလီဗန်တို့က ခြုံခိုတိုက်ခိုက်ခဲ့သည်ဟု ပြောကြားခဲ့သည်။ ရွေးကောက်ပွဲမတိုင်ခင် တာလီဘန်တို့၏တိုက်ခိုက်မှု ပို၍တိုးမြင့်လာခဲ့သည်ဟုဆိုသည်။ ယခုအထိဆိုလျှင် အမတ်လောင်းငါးဦးနှင့် ရွေးကောက်ပွဲလုပ်သားငါးဦးတို့ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။

ထိုသို့လုပ်ကြံသတ်ဖြတ်မှုများရှိနေသော်လည်း အာဖဂန်ပြည်သူတို့ကမူ ငြိမ်းချမ်းရေးတည်ငြိမ်ရေးကို ရွေးကောက်ပွဲအပြီး အာဏာရလာကြသည့် မျိုးဆက်သစ်နိုင်ငံရေးသမားများက ဖော်ဆောင်နိုင်လိမ့်မည်ဟူသောယုံကြည်ချက်ဖြင့် နောက်လတွင် ကျင်းပမည့် ရွေးကောက်ပွဲအား အားတက်သရောပါဝင်ဆင်နွှဲကြမည်ဟု အကဲခတ်တချို့က သုံးသပ်ကြသည်။ ❖

## အီရတ်ပြည်ထဲရေးဝန်ကြီးဌာနအဆောက်အအုံ တိုက်ခိုက်ခံရ၊ ပုလိပ်နှစ်ဦးသေဆုံး၍ ငါးဦးဒဏ်ရာရ

စက်တင်ဘာလ (၅) ရက်နေ့က၊ ဘဂ္ဂဒက်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာနအဆောက်အဦးအားသူပုန်တို့က ရုတ်တရက်တိုက်ခိုက်ရာ ပုလိပ်အရာရှိနှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်ဟု တရားဝင်သတင်းများအရသိရှိရသည်။ အလားတူပင်ဗြိတိသျှ စစ်သားနှစ်ဦးလည်း အီရတ်တောင်ပိုင်း ခြုံခိုတိုက်ခိုက်မှုတခုတွင် ကျဆုံးခဲ့သည်ဟုဆိုသည်။



ကင်းလှည့်နေသော အမေရိကန်စစ်သားများ

နေထွက်ပြူစ (၁၅) မိနစ်အကြာ တိုက်ခိုက်မှုကြောင့် သူပုန်တို့၏ကျဆုံးမှုကို မသိရှိရပေ။ သူပုန်တို့က ဒုံးလက်နက်နှင့် အော်တိုမက်တစ်သေနတ်များဖြင့် ပစ်ခတ်ကြကြောင်း ဘဂ္ဂဒက်မြို့သူမြို့သားများ၏အဆိုအရ သိရှိရသည်။

တိုက်ပွဲအပြီးတွင် အမေရိကန်အပါချီနှင့် ဘလက်ဟော့အမျိုးအစား ရဟတ်ယာဉ်လေးစင်းက ဘဂ္ဂဒက်မြို့လည်ခေါင်တွင် ပျံသန်းနေကြသည်ဟု မျက်မြင်အချို့ကပြောကြားသည်။

အီရတ်စစ်ပွဲအတွင်း ကျဆုံးသွားသော ဗြိတိသျှစစ်သားအရေအတွက်မှာ စုစုပေါင်း (၉၅) ဦး ရှိသွားပြီဖြစ်သည်။ တိုက်ခိုက်မှုအတွင်း ကလေးငါးယောက်အပါအဝင် အရပ်သား စုစုပေါင်း(၈) ဦး သေဆုံးခဲ့သည်ဟုဆိုသည်။ ပြီးခဲ့သည့် စက်တင်ဘာ (၄) ရက်ကလည်း ဗလီတခုအတွင်းမှနေ၍ အမေရိကန်တပ်များကို တိုက်ပွဲဝင်သူ ရှစ်ဦးက သတ်ဖြတ်ခဲ့ကြောင်း အမေရိကန်သတင်းများအရ သိရှိရသည်။

အောက်တိုဘာ (၁၅) ရက်နေ့တွင် ကျင်းပမည့် ဆန္ဒခံယူပွဲဖြင့်အတည်ပြုရန် ပြင်ဆင်နေသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ဆွန်နီသူပုန်များကို ကျေနပ်စေလိမ့်မည်ဟု အမေရိကန်နှင့် အီရတ်အရာရှိများက မျှော်လင့်နေကြသည်။ သို့သော် ဆွန်နီတို့က ယင်းဖွဲ့စည်းပုံကိုပယ်ချထားပြီးဆန္ဒခံယူပွဲတွင် ပယ်ဖျက်ပစ်မည်ဟု ကြိမ်းဝါးထားသည်။ ❖

## သက်ဆိုင်သူတို့ကြား ယုံကြည်မှုမရသေးသမျှ နျူကလီယားလက်နက်ကို မစွန့်လွှတ်ဟု မြောက်ကိုရီးယားကပြော

သက်ဆိုင်ရာနိုင်ငံများအကြား ယုံကြည်မှု မတည်ဆောက်နိုင်သေးသမျှ နျူကလီးယားလက်နက်များ စွန့်လွှတ်ရေးကို လုပ်ဆောင်မည်မဟုတ်ဟု မြောက်ကိုရီးယားက ထုတ်ဖော်ပြောကြားကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး (Kantathi Suphamaykhom) က ဩဂုတ်လ (၂၈) ရက်နေ့က ပြောကြားခဲ့သည်။

ဒေသတွင်း အင်အားကြီးနိုင်ငံများက လုံခြုံရေးအာမခံချက်နှင့် စီးပွားရေးအထောက်အပံ့ပေးခြင်းဖြင့် မြောက်ကိုရီးယားအား ၎င်း၏ နျူးကလီးယားလက်နက်ထုတ်လုပ်ရေးအစီအစဉ်ကို စွန့်လွှတ်ရန် ဖြောင်းဖျနိုင်လိမ့်မည်မဟုတ်ဟု မျှော်လင့်နေကြသည်။ ယင်းမျှော်လင့်ချက်အရ ဂျပန်နှင့်တရုတ်တို့သည် အမေရိကန်၊ ရုရှားနှင့် ကိုရီးယားနှစ်နိုင်ငံတို့နှင့်အတူ ကြိုးပမ်းနေကြသည်။ ထိပ်တန်းတရုတ်ညှိနှိုင်းသူ (Wu Dawei) ပြုံယမ်းသို့သွားအပြီးတွင် ရပ်ဆိုင်းနေသောဆွေးနွေးပွဲများ မကြာခင်ပြန်လည်ကျင်းပနိုင်တော့မည်ဟူသောသတင်းများ ထွက်ပေါ်နေခဲ့သည်။ ပြီးခဲ့သည့် ခြောက်နိုင်ငံဆွေးနွေးပွဲတွင် နောက်ထပ်ဆွေးနွေးပွဲကျင်းပရန်ဟူသော သဘောတူညီချက်သာရရှိပြီး အောင်မြင်မှုအလားအလာမှာ မရေမရာဖြစ်နေခဲ့သည်။ ဂျပန်အစိုးရ အသိုင်းအဝိုင်းကမူ သည်းခံနိုင်မှုအတိုင်းအတာ တစထက်တစ နည်းပါးလာကြောင်း အမေရိကန်တို့လည်း ဂျပန်နည်းတူ ဖြစ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်




ဘာလိုလိုနှင့် ၂၀၀၆ ခုနှစ်ထဲကို ရောက်တော့မယ် ….။

၂၀၀၆ ခုနှစ်ဟာ ဗမာပြည်နိုင်ငံရေးမှာ အရေးပါတဲ့နှစ်တနှစ်ဖြစ်မယ့် အလားအလာတွေ တွေ့နေရတယ်။ နအဖဟာ သူ့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို မဖြစ်ဖြစ်တဲ့နည်းနဲ့ အတည်ပြုမှာပဲဆိုတာ ဘယ်သူမှအငြင်းမပွားဘူး။ သူတို့ဆီမှာ တစုံလုံးအပြည့်အစုံရေးပြီးဖြစ်လောက်တယ်ဆိုတာကိုလည်း လူတိုင်းနီးပါးလက်ခံကြတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံကို ဒီနှစ်အကုန်ပိုင်းမှာ အတည်ပြုမယ်လို့ ယူဆရတယ်။ ဒီလိုအတည်ပြုပြီးရင် လူထုဆန္ဒခံယူပွဲကျင်းပမယ်ဆိုတာကို စစ်အစိုးရကိုယ်တိုင်က သူတို့ရဲ့လမ်းပြမြေပုံမှာ အတိအလင်းကြေငြာထားတာ။ အဲဒီလူထုဆန္ဒခံယူပွဲမှာ ဘယ်လိုအဖြေထွက်မယ်ဆိုတာကတော့ အတိအကျပြောရခက်တဲ့ကိစ္စပဲ။

ဒါပေမယ့် ဘာပဲပြောပြော ဒီပွဲဟာ စစ်အုပ်စုနဲ့ ပြည်သူလူထုနဲ့ ၁၉၉၀ ရွေးကောက်ပွဲတုန်းကလို ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့တဲ့ပွဲဖြစ်နိုင်တယ်။ ပြည်သူလူထုနဲ့ အတိုက်အခံအင်အားစုတွေရဲ့ တာဝန်က အဲဒီလိုဖြစ်လာအောင်လုပ်ဖို့ပဲ။ ဒါကို ပစ်မှတ်ထားပြီး လှုပ်ရှားကြရမယ်။

လာမယ့် ၂၀၀၆ ခုနှစ်ဟာ ဒီလိုအလားအလာတွေရှိတာကို နအဖစစ်ဗိုလ်တွေ မသိတာမဟုတ်ဘူး။ သိတယ်။ သိလို့လည်း လန့်တယ်။ လန့်တော့ ပြင်တယ်။

သူတို့အနေနဲ့ သဘာဝကျစွာပဲ ၁၉၇၄ ခုနှစ်တုန်းက မဆလရဲ့ဖွဲ့စည်းပုံအတွက် လူထုဆန္ဒခံယူပွဲလိုပဲ ဒီတချီမှာလည်း သူတို့ခင်းတဲ့အတိုင်းကတဲ့ လုပ်ဇာတ်တခုဖြစ်စေချင်တယ်။ ဒါပေမဲ့အခြေအနေတွေက မတူဘူး။ ၁၉၈၈

ဒီလိုအခါမှာ ပြည်တွင်းကလူထုကို အားပေးရမယ်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိအောင်လုပ်ရမယ်။ တပါတည်းမှာ သတိပြုသင့်တာတွေကို သတိပြုဖို့လည်း သတိပေးရမယ်။ သူတို့ကို အထင်သေးစကားပြောတာ၊ နှိမ်တာ၊ အသားလွတ်မြှောက်ပင့်တာ၊ ခြောက်လှန့်တာတွေ မလုပ်သင့်ဘူး။ အခြေအနေတွေကို အရှိအတိုင်း အသိပေးနေရမယ်။

ခုနှစ် လူထုအုံကြွမှုကြီးရဲ့အရှိန်နဲ့ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲရလာဒ်တွေ ရှိနေတယ်။ ၁၉၇၄ ခုနှစ်တုန်းက ဒါတွေမရှိဘူး။ ဒါ့အပြင် ဟိုအခါတုန်းက စစ်အစိုးရမှာ မဆလပါတီရယ်လို့ ကေဒါတွေ အပြည့်အစုံရှိနေတယ်။ အခုစစ်အုပ်စုမှာ အဲဒီလို အမတေအင်အားမရှိဘူး။ ဒါကြောင့် သူတို့ဟာ ကြံ့ဖွတ်နဲ့အစားထိုးဖို့ လုပ်ကိုင်နေတယ်။

မဆလတုန်းက မဆလပါတီဝင်တွေ သာမက ရလကတွေအပြင် လမ်းစဉ်လူငယ်လို သူတို့ခိုင်းတာလုပ်ရတဲ့ လူတွေအတိအကျအစည်းအရုံးနဲ့ ရှိနေတယ်။ အခု အဲဒါမျိုးတွေ တခုမှမရှိဘူး။ နောက်ပြီး သူတို့ရဲ့အရေးပါလှတဲ့ ထောက်လှမ်းရေးယန္တရားကြီးဟာလည်း ဒီနေ့အခါမှာ ဖရိုဖရဲပဲ။ ဒါကြောင့် သူတို့ဟာ ကြံ့ဖွတ်နဲ့ မီးသတ်လိုဟာတွေကို အဲဒီအတွက် ကြိုတင်ပြီးရည်မှန်းချက်ရှိရှိ လေ့ကျင့်ပေးနေတယ်။ တခါ အမျိုးသမီးတွေကိုလည်း သူတို့လက်ကိုင်တုတ် အင်အားဖြစ်အောင်မွေးနေတယ်။ ဒါဟာ ဒေါ်အောင်ဆန်းစုကြည်ကို ချိုးဖို့လုပ်တာလို့လည်း ဆိုမယ်ဆိုဆိုနိုင်တယ်။ အခု နအဖက လေ့ကျင့်ပေးနေတာဟာ စစ်ရေးလေ့ကျင့်မှုပါ ပါဝင်နေတယ်။ အဓိပ္ပာယ်က အကြမ်းဖက်သင့်ဖက်မယ်ဆိုတာမျိုး လူမိုက်ဆန်ဆန်လူထုကို ကြိုပြီးခြိမ်းခြောက်နေတာ ဖြစ်တယ်။ နောက်တဖက်မှာလည်း နအဖဟာ မဆလလက်ထက်တုန်းကလို ရုပ်ရှင်နဲ့ဂီတလောကကအနုပညာသည်တွေကို အသုံးပြုဖို့စပြီး လှုပ်ရှားလာနေတယ်။

ဒါတွေက ဖော်ပြနေတာကတော့ နအဖဟာ ဒီဦးတည်ချက်ကို မပျောက်ဘူး။ ဒီရည်မှန်းချက်နဲ့ ခြေလှမ်းရှိရှိ အကုန်လုပ်နေတယ်။ ဗိုလ်ခင်ညွန့်တို့ကို ချေမှုန်းရတာနဲ့ အေစီယံဥက္ကဋ္ဌကိစ္စလို တခြားဘာကိစ္စတွေပေါ်နေနေ ဒီကိစ္စကို အာရုံမပျက် ဖိလုပ်တာပဲ။

သူတို့နဲ့ပြောင်းပြန် တချို့အတိုက်အခံတွေကျတော့ သူတို့လိုတိကျတဲ့ အစီအစဉ်၊ ရည်မှန်းချက်မရှိသလိုပဲ။ ဆန့်စင်ရာ ကျည်ပွေ့လိုက်နေကြတယ်။ တချို့ကလည်း စပွန်ဆာတွေချမှတ်ပေးတဲ့ လုပ်ငန်းတွေနောက်လိုက်ပါနေရတယ်။ ဒီကိစ္စကို လက်တွေ့လုပ်ငန်းအဖြစ် သတ်မှတ်ထားသင့်တယ်။ အချိန်အရပြောရရင် မစောရုံမက နောက်ကျတောင်နေပြီ။ ဒါမျိုးကို ပြင်ဆင်ရတာ ဘယ်လောက်ပင်ပမ်းပြီး အချိန်ယူရတယ်ဆိုတာကို လုပ်ဖူးသူတိုင်း သိတယ်။

ပြည်ပရောက် အတိုက်အခံအင်အားစုတွေဟာ ရရှိထားတဲ့ မီဒီယာသုံးခွင့်ကို အသုံးပြုပြီး ပြည်တွင်းကို ဒီကိစ္စထောက်ပြနေရမယ်။ အတွေးအခေါ်အရ ပြင်ဆင်ပေးနေတာ၊ လမ်းညွှန်နေတာ၊ တိုက်ပွဲနဲ့ အောင်ပွဲဟာ သူတို့လက်ထဲမှာ၊ သူတို့မျက်စိရှေ့မှာပဲ ရှိတယ်ဆိုတာကို ပြောပြနေရမယ်။ ဒီလိုမှမဟုတ်ဘဲ လက်တွေ့မကျတဲ့ မျှော်လင့်ချက်တွေနဲ့ လူထုကိုအာရုံပြားအောင်၊ အဝေးမျှော်အောင်လုပ်နေရင်တော့ မသိလိုက် မသိဖာသာ သမိုင်းတရားခံဖြစ်သွားလိမ့်မယ်။

ဒီနေရာမှာ ပြောစရာမလိုပေမယ့် ထပ်ပြောသင့်တယ်ထင်လို့ ထပ်ပြောရမယ်။ ဒီနေ့အခါမှာ အတိုက်အခံအင်အားစုတွေအကြား အချင်းချင်းဝေဖန် တိုက်ခိုက်နေကြတာတွေ ပိုပိုများလာသလားလို့။ ကျားရှေ့မှာ ယုန်နှစ်ကောင်သတ်ပြနေတာမျိုး မဖြစ်ဖို့လိုတယ်။ နောက်ပြီး စစ်မရောက်ခင် မြှားကုန်လို့လည်း မဖြစ်ဘူး။

နအဖဟာ အားကြီးတာအမှန်ပဲ။ ဒါပေမယ့်သူတို့ဟာ ကျန်းမာသန်စွမ်းလှတာ မဟုတ်ဘူး။ ပလာစတာတွေ၊ ကျောက်ပတ်တီးတွေနဲ့ စက္ကူကျားလို့ မြင်ရမယ်။ သူတို့ဟာ ဒီတလော အေစီယံကိစ္စမှာ နှာခေါင်းကျည်ပွေ့တွေ့ထားရတယ်။ သူတို့အနေနဲ့ လက်ညှိုးထိုးပြနိုင်တဲ့ အားတက်စရာ နိုင်ငံရေးအောင်ပွဲ မရှိတာကြာပြီ။ ပြည်တွင်းရော ပြည်ပမှာရောပေါ့။ ဒါကြောင့်လည်း အဖွဲ့အစည်းလေးခုကို မတရားသင်းကြေငြာတယ်ဆိုတာလို စတန့်တွေလုပ်နေရတာ။ ဒါ့အပြင် ဗိုလ်ခင်ညွန့်တို့ကို အရေးယူလိုက်ရတဲ့နောက်မှာ သူတို့တပ်ရဲ့အခြေအနေဟာ တယ်ပြီးမငြိမ်ဘူး။ အပြောင်းအလဲ၊ အပြောင်းအရွှေ့တွေ ဆက်တိုက်လုပ်နေရတယ်။ ကောလာဟလတွေ လွှတ်ထုတ်နေရတယ်။

ဒီနေရာမှာ ပြောစရာတခုရှိလာတယ်။ စစ်အစိုးရအဆက်ဆက်အနေနဲ့ ကောလာဟလထုတ်တဲ့ နည်းပရိယာယ်ကို လက်သုံးခားသဖွယ် တောက်လျှောက်အသုံးပြုခဲ့တယ်။ အခုနောက်ဆုံး ဗိုလ်သန်းရွှေကို ဗိုလ်မောင်အေးက အရေးယူတယ်ဆိုတဲ့ သတင်းအထိပဲ။ စစ်အစိုးရတွေအနေနဲ့ ဒီလိုကောလဟာလတွေကို မပြတ်ထုတ်လွှင့်နေရတာဟာ အားကြီးလို့မဟုတ်ဘူး။ အားမရှိလို့။ မခိုင်–ယိုင်လို့ ကျားကန်တာ။ ယတြာဆိုတာကလည်း ဒီသဘောပဲ။ သူတို့လောက် အယူသည်းတာ၊ ဗေဒင်ယတြာယုံတာ မရှိတော့ဘူး။ ယတြာဘာလို့လုပ်တာလဲ။ ရှင်းတယ်။ စိုးရိမ်လို့၊ လန့်လို့။ ကိုယ့်ကြမ္မာကိုယ် မယုံလို့ပဲ။

ဒီလိုအခါမှာ ပြည်တွင်းကလူထုကို အားပေးရမယ်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိအောင်လုပ်ရမယ်။ တပါတည်းမှာ သတိပြုသင့်တာတွေကို သတိပြုဖို့လည်း သတိပေးရမယ်။ သူတို့ကို အထင်သေးစကားပြောတာ၊ နှိမ်တာ၊ အသားလွတ်မြှောက်ပင့်တာ၊ ခြောက်လှန့်တာတွေ မလုပ်သင့်ဘူး။ အခြေအနေတွေကို အရှိအတိုင်း အသိပေးနေရမယ်။ သူတို့ကို ကိုယ်ကယုံကြည်အားထားကြောင်း၊ လေးစားကြောင်းလည်း အမြဲဖော်ပြနေရမယ်။

အောင်ပွဲအပေါ် ယုံကြည်မှုရှိရမယ်။ ဒါပေမယ့် ဒါဟာ အခြေအနေနဲ့ မကိုက်ညီတဲ့ စိတ်ကူးယဉ်မှု မဖြစ်စေရဘူး။ အောင်ပွဲခံဖို့ဟာ ရဲစွမ်းသတ္တိနဲ့ ဆက်နေတယ်။ ရဲစွမ်းသတ္တိမရှိပဲ အောင်ပွဲမခံနိုင်ဘူး။ ရဲစွမ်းသတ္တိဆိုတာ စွန့်လွှတ်ဝံ့တာကို ဆိုလိုတာ။ မစွန့်လွှတ်ရဲသူကို ရဲစွမ်းသတ္တိရှိသူလို့ မခေါ်ဆိုနိုင်ဘူး။

"ကမ္ဘာမကြေဘူး …. …. အာဇာနည်တွေနေတဲ့ တို့တိုင်းပြည်" စတဲ့သီချင်းတွေကို အားလုံးဆိုနေကြရဦးမယ်။

❖

# နအဖအုပ်စု ချူးကလီးယားပိုင်ဆိုင်ရန် ကြိုးပမ်းနေ ဒေသတွင်းလုံခြုံရေးခြိမ်းခြောက်ရန် ကြံစည်ခြင်းလော

မန္တလေးတိုင်း၊ ကျောက်ဆည်မြို့ လွန်ကျော်ရွာနှင့် တောင်တော်ရွာအနီး စက်ချတောင်ကုန်းများတွင် ၂၀၀၀ ခုနှစ်ကတည်းက မြောက်ကိုရီးယားပညာရှင်များ ဦးဆောင်ဆောက်လုပ်နေသော စစ်ဖက်ဆိုင်ရာ ထိပ်တန်းလျှို့ဝှက်စခန်းနှင့် ချူးကလီးယားတပ်ရင်းဆောက်လုပ်မှုများကို နအဖဥက္ကဋ္ဌ အမိန့်နှင့် ခေတ္တရပ်ဆိုင်းထားကြောင်း သိရသည်။ တောင်နံရံကိုဖောက်ပြီး ဆောက်လုပ်ထားသော ထိုချူးကလီးယားတပ်ရင်းများကို ရုရှားမှ ပညာတော်သင်ပြန်လာသော နအဖစစ်ဖက်အရာရှိများက တာဝန်ကြီးကြပ်၍၊ တောင်တော်ရွာကို ဗဟိုပြုပြီးလက်နက်ကြီးအမြောက်တပ်ရင်းများ၊ သံချပ်ကာတပ်ရင်းများ၊ ဆက်သွယ်ရေးတပ်ရင်းများလည်းထားရှိကြောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေ မကြာခဏသွားရောက်စစ်ဆေးပြီး နအဖဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့ကို အစီရင်ခံကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ရေနံ၊ သဘာဝဓာတ်ငွေ့စသော စွမ်းအင်အရင်းအမြစ်များရှိသော်လည်း ချူးကလီယားစွမ်းအင်ပိုင်ဆိုင်သော အီရန်နှင့်စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာမှုအပေါ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ဟောင်း မစ္စတာအာဆာဒါးက "ဒါဟာအလွန်ထူးဆန်းနေပါတယ်။ မြန်မာဟာချူးကလီးယားစွမ်းအင်မလိုပါဘူး။ မြန်မာဟာ စွမ်းအင်အလုံအလောက်ရှိပါတယ်။ ရေနံ ရှိပါတယ်။ ကုန်းတွင်းမှာရော၊ ကမ်းလွန်မှာပါ ရှိပါတယ်။ သဘာဝဓာတ်ငွေ့လည်း ရှိပါသေးတယ်။ ဒါဆိုလုံလောက်ပါပြီ။ ဒီကြားထဲက ချူးကလီးယားစွမ်းအင်ကို သဲသဲမဲမဲလိုချင်နေတယ်ဆိုရင်တော့ ဒါဟာ သံသယဖြစ်စရာကောင်းပါတယ်။ နအဖစစ်အစိုးရမှာ နိုင်ငံခြားက တိုက်ခိုက်လာမှာကို ကြောက်နေတဲ့ ရူးကြောင်ကြောင် စိတ်သဘောထားရှိနေတယ်။ ဒါကြောင့်လည်း အစိုးရအဖွဲ့ကို ပျဉ်းမနားကိုပြောင်းရွှေ့နေတာဟု" ပြောဆိုသည်။ နအဖသည် ဒေသတွင်း၌ စိုးရိမ်စရာဖြစ်နေကြောင်း၊ ထိုင်းအစိုးရဘက်ကလည်း နအဖ၏ချူးကလီးယားစွမ်းအင်စီမံချက်ကို မျက်ခြေမပြတ် စောင့်ကြည့်နေသင့်ကြောင်း သံတမန်ဟောင်းတဦးဖြစ်သည့် အာဆာဒါးက ဆက်လက်ပြောဆိုသည်။ နအဖ၏ ချူးကလီးယားစွမ်းအင်ဆာလောင်မှုကို ဒေသတွင်းနိုင်ငံများမှလည်း စိုးရိမ်မကင်းရှိနေကြောင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ နိုင်ငံခြားရေးရာဌာနမှ ကိုညိုအုန်းမြင့်က "သဘာဝဓာတ်ငွေ့နဲ့ ရေအားကနေပြီးတော့ ထုတ်လုပ်နိုင်တဲ့စွမ်းအင်ကို မထုတ်လုပ်ဘဲ အနုမြူ ဓာတ်ပေါင်းဖိုတခုရချင်တယ်ဆိုတဲ့ အဓိပ္ပါယ်ကတော့ သူတို့ရဲ့ မရိုးသားတဲ့အချက်တချက်ကို ကျနော်တို့ မြင်ရပါတယ်။ အာဏာရှင်က အာဏာကို ပြည်တွင်းထဲမှာတင် ခြိမ်းခြောက်ယုံတင်မကဘူး၊ ဒေသတွင်းမှာခြိမ်းခြောက်ဖို့အထိပါ သူတို့အကြံကြီးကြီးနဲ့ပေါ့ အဲဒီလိုမျိုးလုပ်လာတာကိုတော့ ကျနော်တို့ သတိထားရမှာဖြစ်ပါတယ်"ဟု ဒီဗွီဘီသို့ ပြောကြားသွားခဲ့သည်။

❖

# မွန်လက်နက်ကိုင်တော်လှန်ရေးကျင်းပ မွန်ပြည်သစ်ပါတီက လက်နက်ချလိမ့်မည်မဟုတ်ဟုပြောကြား

နအဖ စစ်အစိုးရက မည်မျှပင်ဖိအားပေးနေစေကာမူ မိမိတို့ လက်နက်ချလိမ့်မည်မဟုတ်ဟု မွန်ပြည်သစ်ပါတီက ယခုလ (၁၉) ရက်နေ့၌ ကျင်းပခဲ့သော မွန်လက်နက်ကိုင်တော်လှန်ရေးနှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြောကြားလိုက်သည်။ မွန်ပြည်သစ်ပါတီပြောခွင့်ရပုဂ္ဂိုလ် နိုင်သိန်းဝင်းက "နအဖ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားသည်မှာ (၁၀) နှစ်ကျော်ခဲ့ပြီဖြစ်သော်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသည့် ဦးတည်ချက်သည် ယနေ့အထိ ဘာမှဖြစ်မလာသေးပါ။ ဤကိစ္စကို ညီလာခံတွင်တင်ပြခဲ့သော်လည်း ပယ်ချခံခဲ့ရသည်။ မွန်တို့သည် နှစ် (၅၀) နီးပါး ကိုယ်ပိုင်အခွင့်အရေးများ လက်လွတ်ဆုံးရှုံးနေခြင်းကြောင့် မွန်ပြည်သစ်ပေါ်ထွက်ရေးအတွက် လူထုနည်းနှင့်သာမက လက်နက်ကိုင်ခြင်းဖြင့်ပါ ဆက်လက်တိုက်ပွဲဝင် ရုန်းကန်လှုပ်ရှားကြရမည်ဖြစ်သည်။ ယခုလောလောဆယ်တွင် အများလက်ခံနိုင်မည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မရှိသေးသကဲ့သို့ အရပ်သားအစိုးရလည်း မပေါ်ပေါက်သေးသဖြင့် မိမိတို့ လက်နက်အပ်ရေးကို စဉ်းစားမည်မဟုတ်ပါ။ မိမိတို့ပါတီသည် ပါတီနှင့် မွန်တပ်မတော်ရပ်တည်မှုကို မထိပါးသရွေ့ အပစ်အခတ်ရပ်စဲရေးလမ်းကြောင်းပေါ်တွင် ရှိနေဦးမည်"ဟု ပြောဆိုသည်။ တိုးတက်သော မွန်လူငယ်များအစည်းအရုံး အမ်ဝိုင်ပီအိုကလည်း ကြေညာချက်ထုတ်ပြန်ခဲ့ရာ မွန်ပြည်သစ်ပါတီအနေနှင့် နအဖစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသည်ဆိုသော်လည်း မည်သည့်တိုးတက်မှုမျှမရှိခဲ့ပဲ မွန်ဒေသများတွင် မွန်လူမျိုးများကို အဓမ္မကျင့်သတ်ဖြတ်ခြင်း၊ လယ်မြေသိမ်းခြင်း၊ မွန်စာသင်ကျောင်းများကို ပိတ်ပင်ခြင်း စသော လူ့အခွင့်အရေးချိုးဖောက်ခြင်းတို့ကိုသာ ပြုလုပ်နေခြင်းကြောင့် မွန်လူထုကြီး၏ အနာဂတ်ရပ်တည်ရေးကို ခြိမ်းခြောက်နေကြောင်းနှင့် မွန်ပြည်သစ်ပါတီနှင့် မွန်နိုင်ငံရေးပါတီများသည် ပြည်သူလူထုအတွက် ဦးဆောင်တိုက်ပွဲဝင်သွားရန်ဖော်ပြထားသည်။ မွန်ပြည်သစ်ပါတီသည် ၁၉၉၅ ခုနှစ်တွင် အာဏာသိမ်း စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူခဲ့သော်လည်း ယခုအချိန်ထိ မွန်အမျိုးသားထုတရပ်လုံးအတွက် တိုးတက်ဖွံ့ဖြိုးမှုကို ပြုလုပ်ပေးနိုင်ခဲ့ခြင်းမရှိပေ။ ❖

## မျက်နှာဖုံး ဂလိုဘယ်ဖန်သတင်းမှ …

ကို၊ ဒါတွေကို ပုတ်ထုတ်နေမယ်ဆိုလို့ရှိရင် ကျနော်တို့နိုင်ငံရဲ့ သွားနေတဲ့လမ်းကြောင်းကတော့ လုံးဝပျက်သုဉ်းရေးလမ်းကြောင်းပဲ။ လုံးဝပျက်သုဉ်းရေးလမ်းကြောင်းဟာ ကျနော်တို့ပြည်သူလူထုအတွက် အကျိုးမရှိသလို စစ်တပ်အတွက်လည်းအကျိုးမရှိဘူး။ ကျနော်တို့နိုင်ငံက တဖြည်းဖြည်းနဲ့ ဒီအတိုင်း သွားမယ်ဆိုရင် (Fail State) ခေါ်တဲ့ လုံးဝကို ယန္တရားပျက်သုဉ်းနေပြီးတော့ ချုံးချုံးကျသွားတဲ့နိုင်ငံတစ်ခုအနေနဲ့ဖြစ်လာမယ် အဲဒီလို (Fail State) ဖြစ်လာလို့ရှိရင် ဒါဟာ နိုင်ငံတကာကကြားဝင်မှုတွေက ပိုများလာမယ်။ အခုလိုမျိုး တခါးပိတ်လိုက်ယုံနဲ့ ကျနော်ထင်တယ်။ နအဖအတွက်က ငါတို့ကနိုင်ငံတကာနဲ့ပိတ်ပြီးတော့ သီးသီးသန့်သန့်လေး ငါတို့ဘာသာငါတို့ နေလိုက်လို့ရှိရင် ငါတို့အတွက် လုံခြုံမှုပိုရှိတယ်ဆိုတဲ့အတွေးအခေါ် ဟာ ကျနော်ထောက်ပြချင်တာ ရေရှည်မှာ မှားယွင်းတယ်။ ကျနော်တို့တိုင်းပြည်ပြဿနာ တင်မကဘဲ ဒေသဆိုင်ရာပြဿနာဖြစ်လာရင် နိုင်ငံတကာဝင်ရောက်မှုက ကြိမ်းသေပေါက်ရောက်လာမှာပဲ။ ဒါကြောင့်မို့ ကျနော်တို့မြင်တာကတော့ ဒီနေ့ဒီအချိန်ဟာ ကျနော်တို့ တိုင်းပြည်အတွက်အရေးကြီးတဲ့ လမ်းဆုံလမ်းခွကို ရောက်နေတယ်။ သက်ဆိုင်ရာ နအဖခေါင်းဆောင်ပိုင်းတွေအနေနဲ့ ကနေ့လုပ်နေတဲ့ပေါ်လစီကို ပြန်ပြီးတော့သုံးသပ်ဖို့လိုတယ်လို့ ကျနော်မြင်ပါတယ်”ဟု ဒီဗွီဘီနှင့် တွေ့ဆုံခန်းတွင် ပြောကြားသည်။

ဂလိုဘယ်ဖန်အဖွဲ့ကို အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကအလှူရှင်များထံမှ ရန်ပုံငွေများ ရှာဖွေစုဆောင်းပြီး ဆင်းရဲသောနိုင်ငံများတွင် အသေအပျောက်နှုန်းကျဆင်းစေရေး အကူအညီပေးရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ၂၀၀၂ ဇူလိုင်လတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဂလိုဘယ်ဖန်အဖွဲ့မှ နိုင်ငံတနိုင်ငံအား ထောက်ပံ့မှုရပ်ဆိုင်းခြင်းသည်ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။

မြန်မာနိုင်ငံ ဂလိုဘယ်ဖန်ရန်ပုံငွေကြီးကြပ်ညှိနှိုင်းရေးအဖွဲ့ (CCM) က ယခုကဲ့သို့ဆုံးဖြတ်ချက်ကို လွန်စွာစိတ်ပျက်ဝမ်းနည်းမိပါကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်ချက်သည် ပြည်သူများ၏ ကျန်းမာရေးအတွက် ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေကြောင်း၊ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ပေးပါရန် သဘောထားထုတ်ပြန်ကြေညာချက်ကို နအဖသတင်းစာများမှ ဖော်ပြခဲ့ကြသည်။ ❖

# ဆန်တီယာဂိုကြီးလို ဘယ်သူအရေးနိမ့်ဖူးသလဲ

**ညိုထက် (လမ်းသစ်ဦး)**

“အောင်မြင်မှုဟာ ဘယ်ခလုပ်ကိုနှိပ်နှိပ် မီးလင်းတယ်”ဟန်သစ်ထဲက ဖတ်ဖြစ်ခဲ့ဖူးတဲ့ ကဗျာလေးပါ။ ဟုတ်ခဲ့ပါတယ်။ အောင်မြင်မှုဟာ အမိန့်ရထန်းရည်ဆိုင်လို တရားဝင်သောက်စားပျော်ပါးခွင့် ရှိပါတယ်။ ဒါပေမယ့် ဟောဒီ သတ္တကမ္ဘာထဲ အောင်မြင်မှုကို လူဘယ်နှစ်ယောက်ကများ ကန်ထရိုက်ဆွဲထားနိုင်ခဲ့လို့လည်း။ တချိန်တခါကတော့ ဟောဒီလို တွေးခဲ့ဖူးတယ်။ လူနှစ်မျိုးနှစ်စားရှိတယ်လို့။ ကမ်းပါးလိုလူ၊ ရေစီးကြောင်းလိုလူ။ အဲဒီနှစ်မျိုးထဲမှာမှ ရေစီးကြောင်းလိုလူထက် ကမ်းပါးလိုလူက ပိုမိုလို့ အများသားကလား။ ကဲ …. တွေးကြည့်ရအောင်။

ကျနော်တို့ဟာ တိုက်စားနေတာလား။ တိုက်စားခံနေရတာလား။ သေချာသလောက်ရှိတဲ့ ကောက်ချက်ကတော့ များရာစုကြီးဟာ တိုက်စားခံနေရတာပါ။ ဘဝတွေ၊ အတွေးအခေါ်တွေ၊ အချိန်တွေ၊ အသက်တွေ တဝုန်းဝုန်းပြိုကျ။ တနည်းအားဖြင့် ကျနော်တို့ နှိပ်မိတဲ့ခလုပ်တိုင်းဟာ ဖျူး(စ်) (fuse) ပျက်နေခဲ့တာပေါ့။ ဆရာဖော်ဝေး ရေးခဲ့ဖူးသလို “ဘဝဟာ မီးလောင်ငုတ်၊ လဆုတ်ရက်တွေ ပွယောင်းရဲ့” အဲဒီလိုဒဿနဆန်ဆန် တွေးခေါ်ခဲ့ဖူးတဲ့ ဒဿနဆရာတယောက်ရှိခဲ့ဖူးတယ်။ နစ်ရှေး။ လူတွေဟာ (will to power) လို့ခေါ်တဲ့ တန်ခိုးဩဇာကြီးထွားလိုခြင်းဆိုတဲ့ စိတ်နဲ့ အသက်ရှင်နေကြသတဲ့။ ကိုယ်က တန်ခိုးဩဇာကြီးအောင်မလုပ်နိုင်ရင် တန်ခိုးဩဇာကြီးထွားကြသူတွေရဲ့ လက်အောက်ခံ ဘဝအဖြစ် ကျွမ်းထိုးမှောက်ခုံ ရောက်သွားစေလိမ့်မယ်လို့ ဟောခဲ့ပြောခဲ့တာပါ။

ကံလား၊ ကတ္တားလား။ အောင်မြင်ခြင်းနဲ့ ရှုံးနိမ့်ခြင်းဟာ ပါးလွှာတဲ့နံရံလေးပဲ ခြားပါတယ်။

“ဟုတ်တယ်
ကျုပ်တို့ လှေနိုင် နိုင်ခဲ့ပါတယ်
ရှုံးတော့လည်း ပြေးလိုက်ရ
နိုင်ပြန်တော့လည်း ပြေးလိုက်ရနဲ့
နိုင်တယ်ဆိုတာ
ပြေးနေရတာကိုပဲ ခေါ်လေသလားမသိ”

ဆရာမောင်သင်းခိုင်ရဲ့ ကဗျာတပိုင်းတစပါ။ ခံစားထိရှရပါတယ်။ အချက်အလက် (၈) ခုနဲ့ ဖွဲ့စည်းထားတဲ့ လောကဓံဆိုတာကို ခွဲခြမ်းစိတ်ဖြာကြည့်တော့လည်း အထက် (၄) ပါး၊ အောက် (၄) ပါးနဲ့ဖွဲ့ စည်းထားတာမဟုတ်လား။ ရှုံးတာလည်း လောကဓံ၊ နိုင်တာလည်း လောကဓံ။

မြန်မာစကားမှာတော့ “တူဖြစ်တုန်းနှံ၊ ပေဖြစ်တုန်းခံ”ဆိုတဲ့စကားရှိပါတယ်။ အများတကာ ဘယ်လိုတွေးကြမယ်ဆိုတာ ကျနော်မသိ။ ကျနော်ကတော့ နှံသမျှ ထုသမျှ သူ့ရင်ဘတ်ကြီးနဲ့ ရင်ဖွင့်တောင့်ခံနေတဲ့ ပေတုံးတွေကို ချစ်မိပါတယ်။ ပေစစ်စစ်ကြီး ဖြစ်ဖို့ဆိုတာ နည်းတဲ့ပါရမီမှ မဟုတ်ပဲလေ။ ခံနိုင်လေ အဓိပ္ပါယ်ရှိလာလေ။ ခံရလေ သွေးလေမှန်လေ။

ဒါကြောင့်ပဲလို့ထင်ရဲ့ ဒေါ်အောင်ဆန်းစုကြည်က “ခံရဲတာ သတ္တိ”လို့ ပြောတာ။ ဟုတ်ပါတယ်။ လူဆိုတာ အောင်မြင်မှုကို ရေမကူပဲ သောက်တက်ကြပေမယ့် အရေးနိမ့်လာတဲ့အခါ ရေခဲလေး၊ ဆိုဒါလေး ရောချင်ကြပါတယ်။ အရေးနိမ့်မှုတွေကို သောက်ဖော်စားဖက်တွေလို လည်ပင်းဖတ်ပေါင်းတတ်ဖို့ လိုပါတယ်။

အဲဒီလိုအချိန်မှာ လူအတော်များများဟာ “အကယ်၍”ဆိုတဲ့ စဉ်းစားချက်တွေ ရှိလာတက်ပါရော။ လူ့ဘဝမှာ အကယ်၍ ဆိုတဲ့ ဖြည့်စွက်မျှော်မှန်း စဉ်းစားနည်းဟာ အင်မတန်မှ တက္ကဗေဒ ဆန်လွန်းလှပါတယ်။ တကယ်တော့လည်း ရင်ဆိုင်နေရတဲ့ ပြဿနာတွေကိုသာ အာရုံပြုသင့်တာမဟုတ်လား။ ဒါ့ကြောင့်လည်း ဗုဒ္ဓက ပစ္စုပ္ပန်မှာတည့်တည့်နေလို့ ဟောကြားခဲ့တာပါ။ တမ်းတချက်တွေက စိတ်ကူးယဉ်ဆန်နေတယ်ဆိုရင် ပစ္စုပ္ပန်နဲ့အနာဂတ်ကို ရှေ့ရှုဦးတည် မျက်မှောက်ပြုရပါလိမ့်မယ်။

ရင်ဆိုင်နေရမယ့် ကိစ္စကို ရင်ဆိုင်လိုက်ခြင်းဟာ အကောင်းဆုံးပါပဲ။ ပြဿနာနဲ့တွေ့တဲ့အခါထွက်ပြေးရေးဝါဒကို ကျင့်သုံးလို့မရပါ။ ပြဿနာနဲ့တွေ့တဲ့အခါ ပိုမိုကြံ့ခိုင်ရပါမယ်။ မရှိတဲ့သူဟာ မရှိတဲ့အခြေအနေကိုပဲ အားကိုးရပါမယ်။ အကြပ်အတည်းကြားမှာ ကြံ့ကြံ့ခံပြီး ဖြစ်ပေါ်လာတဲ့ အခြေအနေတိုင်းကို စေ့စပ်သေချာစွာ တုန့်ပြန်တတ်ဖို့လိုပါတယ်။ အကြပ်အတည်းနဲ့တွေ့ရင် ခေါင်းအေးအေးထားရပါမယ်။ စေ့စပ်သေချာဖို့လိုပါတယ်။

တခါတရံမှာ ဘာကို ဘယ်လိုရှုံးလိုက်ရမှန်းမသိတာတွေကို တွေ့ဖူးမှာပါ။ ကျနော်တို့ဘဝတွေထဲကို လောကခံလေးမြှားတွေ၊ အနိဋ္ဌာရုံ မိုးကြိုး၊ မုန်တိုင်းတွေ တည့်တည့်မတ်မတ်ကြီး၊ နောက်ပြီး ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ဝါးလုံးထိုးပြေးဝင်လာတာတွေကို ရင်ဆိုင်ခဲ့ရဖူးမှာပါ။ နတ်နေကိုင်း အချိုးခံရတာတွေကိုလည်း ကြုံခဲ့ရဖူးမှာပါ။ ဒါပေမယ့် ဘဝဆိုတာ အတိမ်းအစောင်းတွေရှိသလို၊ အလှည့်အပြောင်းတွေလည်း ရှိတယ်။ ကိစ္စဆိုးကို ကိစ္စကောင်းအဖြစ် ဖန်တီးလို့ရပါတယ်။ ဖြစ်လာတော့လည်း လုပ်နိုင်တဲ့နည်းတွေက အများကြီးပါ။ အရှုံးပေးလိုက်သူသာလျှင် တကယ့်အရှုံးဖြစ်ပါတယ်။

လူနဲ့တိရိစ္ဆာန်ကြားက ကွာခြားချက်ဟာ သိပ်များများစားစားရှိလှတာ မဟုတ်ပါဘူး။ လူဆိုတာ အခြေအနေတွေရဲ့ လက်အောက်ခံမဟုတ်ပါဘူး။ ဖြစ်ပေါ်ပြောင်းလဲလာတဲ့ အခြေအနေတိုင်းမှာ ထောင်ထားခြားနားတက်တဲ့ လူ့ရဲ့သဘောသဘာဝကို တွေ့ရမှာဖြစ်ပါတယ်။ တိရိစ္ဆာန်တွေလို တိရိစ္ဆာန်တွေကို လိုက်လံသတ်ဖြတ် ရှာဖွေစားသောက်နေရတဲ့ အရိုင်းအစိုင်းခေတ်ကနေ ဒီကနေ့မြင့်တက်လာတဲ့ ယဉ်ကျေးမှု ကွန်ပြူတာ၊ အီလက်ထရောနစ်ခေတ်အထိ အဆင့်ဆင့်သော ဖြစ်ပေါ်တိုးတက်မှုတိုင်းမှာ တော်လှန်ပုန်ကန်တက်တဲ့ လူ့သဘာဝကို တွေ့ရမှာဖြစ်ပါတယ်။ ကျနော်တို့ရဲ့ ဘိုး၊ ဘေး၊ ဘီ၊ ဘင် အဆက်ဆက်သော လူသားမျိုးနွယ်စုကြီးဟာ ရှင်သန်ရေးအတွက် တိုက်ပွဲဝင်ရင်း တိုးတက်ရေးအတွက် ရုန်းကန်ခဲ့ကြပါတယ်။

ဒီဖော်ပြချက်က သဘာဝနယ်ပယ်ရော၊ လူမှုဆက်ဆံရေးနယ်ပယ်မှာပါ သက်ရောက်မှုရှိခဲ့တယ်။ လူသားအဆက်အနွယ်တွေက သဘာဝတရားကို တော်လှန်ပုန်ကန်ခဲ့ရာက နေပြီး တော်ဖလာတို့ ပြောကြဆိုကြသော လှိုင်း (၃) လှိုင်း ဖြစ်ပေါ်ပြောင်းလဲခဲ့ရတာဖြစ်ပါတယ်။ သဘာဝတရားကို လူတွေက တဖြေးဖြေးအနိုင်ရလာတဲ့အခါ ကုန်ထုတ်လုပ်တဲ့ ပုံသဏ္ဌာန်ပေါ်လာပါတယ်။ ကုန်လုပ်ကိရိယာတွေ ဆန်းသစ်လာပါတယ်။ ကုန်လုပ်ဆက်ဆံရေးသဏ္ဌာန်လည်း ပေါ်လာပါတယ်။ လူမှုဆက်ဆံရေးနယ်ပယ် (တနည်း) ကုန်လုပ်ဆက်ဆံရေးနယ်ကို တော်လှန်ပုန်ကန်ရာမှ ခေတ်ကြီး (၅) ခေတ်တိုးတက်လာရတာပါ။

ကျနော်တို့ဟာ အခြေအနေတွေရဲ့လက်အောက်ခံမဟုတ်ခဲ့ပါဘူး။ လက်ခုတ်ထဲကရေ မဟုတ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့သလိုပါပဲ။ ကျနော်တို့ဟာ လက်ခုတ်ထဲကဖန်ကွဲစတွေပါ။ ဟော့ဒီမြေကမ္ဘာမှာ သက်ရှိလောကဆိုပြီးဖြစ်တည်လာကတည်းက တိရိစ္ဆာန်အမျိုးနွယ်ပေါင်းများစွာ၊ လူသားအမျိုးနွယ်ပေါင်းများစွာ ပေါ်ပေါက်ခဲ့ရတာပါ။ မနည်းလှတဲ့ သတ္တမျိုးနွယ်ပေါင်းများစွာ ကျေပြုန်းခဲ့ရပါတယ်။ ဒါဟာတိုက်ပွဲဝင်စိတ် မလုံလောက်ခဲ့လို့ဆိုတဲ့အကြောင်းတကြောင်းလည်း ပါခဲ့ပါတယ်။ အရှုံးမပေးတဲ့လူဟာ မရှုံးပါဘူး။

> တခါတရံမှာ ဘာကို ဘယ်လို ရှုံးလိုက်ရမှန်းမသိတာတွေကို တွေ့ဖူးမှာပါ။ ကျနော်တို့ဘဝတွေထဲကို လောကခံလေးမြှားတွေ၊ အနိဋ္ဌာရုံ မိုးကြိုး၊ မုန်တိုင်းတွေ တည့်တည့်မတ်မတ်ကြီး၊ နောက်ပြီး ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ဝါးလုံးထိုးပြေးဝင်လာတာတွေကို ရင်ဆိုင်ခဲ့ရဖူးမှာပါ။

အခုခေါင်းစဉ်တပ်ထားတဲ့ ဆန်တီယာဂိုဆိုတာ ဝတ္ထုတပုဒ်ရဲ့ ဇာတ်ကောင်အမည်ပါ။ အားနက်ဟဲမင်းဝေးရေးခဲ့တဲ့ ကမ္ဘာကျော် ပင်လယ်ပြာနဲ့ တံငါအိုဝတ္ထုထဲက တံငါအိုကြီးပါ။ ဒီဝတ္ထုထဲက ဆန်တီယာဂိုကြီးဟာ အိုကြီးအိုမှာ အဖော်မပါပဲ သူစီးလာတဲ့လှေထက်ကြီးတဲ့ ငါးကြီးတကောင်ကို ခက်ခဲပင်ပန်းစွာ ဖမ်းခဲ့ပါတယ်။ အဲဒီငါးကြီးကို လှေပေါ်မတင်နိုင်တော့ ငါးမန်းတွေက ဝိုင်းဆွဲစားသောက်ခဲ့လို့ သူမိလာတဲ့ငါးဟာ အရိုးနဲ့ခေါင်းပဲ ကျန်ခဲ့ပါတယ်။ သူ့စကားနဲ့ပြောရရင်တော့ ပျစ်ပျစ်နှစ်နှစ်ကြီးကို အရေးနိမ့်ခဲ့တယ်ပေါ့။ ဒါပေမယ့် ဆန်တီယာဂိုကြီးက အရှုံးပေးခဲ့လားဆိုတော့ မဟုတ်ပါဘူး။ နောက်တပွဲအတွက် စိတ်ဓာတ်ရေးရာအရ ပြင်ဆင်ပါတယ်။

“ငါတို့မှာ ငါးထိုးမှိန်းတချောင်းကောင်းကောင်းရှိဖို့လိုတယ်ကွ။” ကျနော်တို့ရဲ့ဘဝ ကာလတခုခုမှာ တစုံတခုကိုဆုံးရှုံးခဲ့ဖူးကြမှာပါ။ ဒီလိုဖြစ်တဲ့အခါ ကျနော်တို့ ဘာလုပ်ကြမလဲ။ လူ၊ စိတ်ဓာတ်၊ လက်နက်။ လူရှိဖို့ကအရင်ပါ။ နောက်တော့ စိတ်ဓာတ်။ တိုက်ပွဲဝင် စိတ်ဓာတ်ရှိရင် လက်နက်ရှိလာပါလိမ့်မယ်။ တိုက်ပွဲမှန်သမျှ အညှာအတာကင်းပါတယ်။ ထိုးနှက်မှုတိုင်းဟာ ချေမှုန်းရေးအသွင်ဆန်ပါတယ်။ အရေးနိမ့်မှုနဲ့ ရင်ဆိုင်ရတဲ့အခါ ထွက်ပြေးရေးဝါဒကို မကျင့်သုံးနဲ့။ ဘယ်သူ ဆန်တီယာဂိုကြီးလို အရေးနိမ့်ခဲ့ဖူးလို့လည်း။ လုပ်ရမှာက နောက်ထပ် ငါးထိုးမှိန်းကောင်းကောင်းတလက် ရအောင်ရှာဖို့ပါပဲ။ ဟုတ်ပါတယ်။ ကျနော် ထပ်ပြောပါမယ်။ အရေးနိမ့်မှုကြုံတဲ့အခါ ငါးထိုးမှိန်းကောင်းကောင်းတလက် ရအောင်ရှာ။ ❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇီဝဇိုး
**တာဝန်ခံအယ်ဒီတာ**
နေသွင်
**သတင်းအယ်ဒီတာ**
**စောမင်းထိုက်ကျော်၊ ကျော်ဦးညို**
စာမျက်နှာဖွဲ့စည်းမှု
စေတဒီထူး၊ အောင်ထက်

မိုးမခ သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံ့တုမှု
ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

# ကမ္ဘာ့ကုလသမဂ္ဂ ဂလိုဘယ်ဖန်အဖွဲ့က မြန်မာပြည်အတွက်ကူညီနေမှုများကိုရပ်ဆိုင်း


ကမ္ဘာ့ကုလသမဂ္ဂ အဆောက်အဦး

ဂျိနီဗာအခြေစိုက်၊ ကမ္ဘာလုံးဆိုင်ရာ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့ (Global Fund to Fight AIDS, Tuberculosis and Malaria-GFATM) အဖွဲ့မှ ၎င်း၏ လူမှုဝန်ထမ်းအရာရှိများအပေါ် နအဖစစ်အစိုးရ၏ ချုပ်ချယ်ကန့်သတ်မှု များကြောင့်တီဘီ၊ အေအိုင်ဒီအက်စ်၊ ငှက်ဖျားရောဂါများတိုက်ဖျက်ရေးအတွက် ပေးအပ်ထားသော ဖန်ငွေများကိုဒီဇင်ဘာလ (၁) ရက်နေ့မှစ၍ ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ဩဂုတ် (၁၈) က ကြေညာလိုက်သည်။ အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ John-Liden က "ကျနော်တို့ အခုလိုရုပ်သိမ်းရတာ အင်မတန်ဝမ်းနည်းစရာပါပဲ။ ကျနော်တို့အလုပ်လုပ်ဖို့ ဘယ်လိုမှမဖြစ်နိုင်လို့ ဒီအကူအညီတွေ ရုပ်သိမ်းခဲ့ရတာပါ" ဟု ပြောသည်။ လီဒန်က အစိုးရသည် ရောဂါရှင်များအတွက် အရေးကြီးသော ဆေးဝါးသယ်ယူပို့ဆောင်ရေးများကိုပင် တင်းတင်းကျပ်ကျပ်ချုပ်ချယ်ကန့်သတ်မှုများကြောင့် သူတို့၏လုပ်ငန်းများကို အကောင်အထည်မဖော်နိုင်ဖြစ်ရသည်ဟု ဆိုသည်။ "ဒီလိုဆုံးဖြတ်ရတာ လွယ်ကူတဲ့ ဆုံးဖြတ်ချက်တခုတော့ မဟုတ်ပါဘူး။ ဒါပေမယ့် တခြားနည်းလမ်းရှိပါဘူး။ ဒီမှာကျနော်တို့ တခန်းရပ်တာပါပဲ။ လူတွေအတွက် အကျိုးရှိတဲ့နေရာတွေမှာ ငွေတွေကိုသုံးစွဲသလားဆိုတာ ကျနော်တို့ အာမခံချက်မပေးနိုင်တော့ပါဘူး" ဟု သူကဆိုသည်။ နအဖသည် ၎င်းတို့လေးစားလိုက်နာမည်ဟု စာဖြင့်ရေးသားထားခဲ့သော အာမခံချက်များကိုဖောက်ဖျက်ခဲ့ခြင်း၊ လူသားချင်း အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော ဝန်ထမ်းများ၏ သွားလာလှုပ်ရှားမှုများကို ကန့်သတ်ခြင်း၊ ဆေးဝါးတင်သွင်းမှုအပေါ်ကန့်သတ်ခြင်း စသည်တို့ကို တိုးတက်ပြုလုပ်လာသောကြောင့် ဂလိုဘယ်ဖန်အဖွဲ့မှ ၎င်း၏အကူအညီများကို ရုပ်သိမ်းခဲ့ရခြင်းဖြစ်သည်။ မြန်မာပြည်ရှိ လူဦးရေ (၅ ဒသမ ၈) သန်းအနက် (၃) သိန်းခန့်မှာ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားနေကြောင်း စစ်အစိုးရက ပြောဆိုသော်လည်း (Unaids) အဖွဲ့က မြန်မာပြည်တွင် အသက် (၁၅) နှစ်နှင့် (၄၉) နှစ်ကြား အိပ်ချ်အိုင်ဗီကူးစက်ခံရသူ (၆) သိန်းအထက်ရှိကြောင်း ခန့်မှန်းထားပြီး အရှေ့တောင်အာရှတွင် ထိုင်းနိုင်ငံပြီးလျှင် အဆိုးဆုံးဖြစ်သည်။

ဂလိုဘယ်ဖန်အဖွဲ့က အမေရိကန်ဒေါ်လာ (၉၈) သန်းကျော်ကို လာမည့် (၅) နှစ်အတွင်း အဆုတ်ရောဂါ၊ ငှက်ဖျားနှင့် အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးအတွက် သုံးစွဲရန်ကတိပြုထားခဲ့သည်။ ရန်ပုံငွေ (၉၈) သန်းကို အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်အတွက် (၅၄) သန်း၊ ငှက်ဖျားတိုက်ဖျက်ရေးအတွက် (၂၇) သန်း၊ တီဘီရောဂါတိုက်ဖျက်ရေးအတွက် (၁ ဒသမ ၇) သန်း အသုံးပြုရန် လျာထားသည်။ အေအိုင်ဒီအက်စ်ဝေဒနာရှင် (၅၀၀၀) ကို လာမည့် (၂) နှစ်တွင် ဆေးကုသရန်စီမံကိန်းရေးဆွဲထားသော်လည်း ကုသမှုတစုံတရာ မလုပ်ရသေးပေ။ ပြီးခဲ့သည့်ကာလများက ယူအန်အေဂျင်စီများမှ ကိုယ်စားလှယ်များ (အများစုမှာ လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် စပ်ဆိုင်သောအဖွဲ့များ) သည် ယေဘုယျအားဖြင့် စစ်အစိုးရနှင့် ဆက်ဆံရေးကောင်းမွန်ခဲ့သော်လည်း နောက်ပိုင်းတွင် စစ်အစိုးရသည် ဂလိုဘယ်ဖန်လှုပ်ရှားမှုများကို စီမံခန့်ခွဲနေသော ယူအန်ဖွံ့ဖြိုးရေးအစီအစဉ်နှင့် ပူးပေါင်းဆောင်ရွက်ရန်ကို တဖြည်းဖြည်းနှင့် မလိုလားဖြစ်လာခဲ့သည်။ ဂလိုဘယ်ဖန်မှ ပြန်ကြားရေးအရာရှိ ဂျွန်လီဒန်က "မြန်မာပြည်မှာ ဝေဒနာခံစားရနေသူတွေရှိပါတယ်။ အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်၊ တီဘီ၊ ငှက်ဖျားရောဂါခံစားနေရသူတွေအတွက် အကူအညီတွေလိုအပ်နေတယ်ဆိုတာ ကျနော်တို့သိပါတယ်။ ဒါပေမယ့် ကံမကောင်းစွာပဲ စစ်အစိုးရက ခွင့်မပြုခဲ့ပါဘူး။ ကျနော် ထပ်ပြောချင်ပါတယ်။ သူတို့ဘက်က ထိန်းချုပ်မှုတွေ လျှော့မပေးသ၍ ကျနော်တို့ရဲ့သဘောထားတွေကို ပြင်မှာမဟုတ်ပါဘူး" ဟု ပြောကြားသည်။ US campaign မှ ဦးအောင်ဒင်က "တကယ်တော့ တိုင်းပြည်ရဲ့ အဓိကအရင်းအမြစ်ပြဿနာက နိုင်ငံရေးပြဿနာပဲပေါ့။ ကျနော်တို့က ဘာနဲ့တူသလဲဆိုတော့ အဓိကနိုင်ငံရေးပြဿနာကြီးကို မဖြေရှင်းပဲ လူသားချင်းစာနာ ထောက်ထားတဲ့ အခွင့်အရေးတွေကိုပဲ နအဖရဲ့ ချုပ်ချယ်ကန့်သတ်မှုတွေကြားထဲကနေ ပေးဖို့ကြိုးစားနေတော့ တခါတခါကျတော့ ဘာနဲ့တူသလဲဆိုတော့ ကင်ဆာရောဂါသည်ကို အကိုက်အခဲပျောက်ဆေးပေးသလိုမျိုး ဖြစ်နေတယ်။ ခုချိန်မှာ တကယ့်အရေးကြီးတဲ့ကိစ္စက ပြဿနာအားလုံးရဲ့ အရင်းအမြစ်၊ ပြဿနာအားလုံးကို ဖန်တီးတာက နအဖစစ်အုပ်စုဖြစ်နေတယ်" ဟု ပြောဆိုသည်။

ကုလသမဂ္ဂဆိုင်ရာ ညွန့်ပေါင်းအစိုးရကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက "ကျနော်တို့ (၂) လမ်းပဲရှိပါတယ်။ ကျနော်တို့တိုင်းပြည် ရွေးချယ်ရမယ့်လမ်းကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်လည်း ခဏခဏ ပြောဖူးပါတယ်။ တွေ့ဆုံဆွေးနွေးရေးလား၊ အလုံးစုံပျက်သုဉ်းရေးလားဆိုတာ၊ ကျနော်တို့တိုင်းပြည် ကနေ့ရင်ဆိုင်နေရနေတဲ့အနေအထား၊ အရေးပေါ်အခြေအနေ၊ ဒါတွေဟာ တွေ့ဆုံဆွေးနွေးရေးနဲ့သွားသင့်တယ်။ အကောင်းဆုံးလမ်းက နိုင်ငံရေးအရ ကျနော်တို့အဖြေရှာကြမယ်။ အရေးပေါ်လူမှုရေးအခြေအနေတွေကို တကယ့်နိုင်ငံရေးအင်အားစုတွေအားလုံးပေါင်းစည်းပြီးတော့ လူထုရဲ့ပြဿနာတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းပေးမလဲ လူထုကို ဘယ်လိုမျိုးစောင့်ရှောက်မလဲ၊ ကူညီမလဲ၊ ဒါတွေကိုလုပ်သင့်တယ်၊ ဒါတွေကိုမလုပ်ဘဲနဲ့ ခုနပြောသလို ကိုယ့်ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေကိုလည်းပဲ ဖိနှိပ်မှုတွေဆက်ပြီးတော့ လုပ်နေ


အေအိုင်ဒီအက်စ်ရောဂါ ခံစားနေရသော မြန်မာကလေးငယ်တဦး

မယ်။ တဖက်မှာလည်းပဲ နိုင်ငံတကာက ကမ်းလာတဲ့ လက်တွေပေါ့နော်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကူညီချင်တဲ့လက်တွေ၊ လူမှုရေးအတွက် ကူညီချင်တဲ့လက်တွေ

စာမျက်နှာ (၁၅) ကော်လံ (၁) သို့...

# ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အကြီးအကဲ မြန်မာနိုင်ငံသို့လာရောက်

ဩဂုတ်လ (၁) ရက်နေ့က (WFP) ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ အကြီးအကဲ မစ္စတာဂျိမ်းမောရစ်သည် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများ (NGOs) များ၏လုပ်ငန်းများကို သွားရောက်လေ့လာခဲ့သည်။ (၄) ရက်ကြာ သူ၏ခရီးစဉ်အတွင်း နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးသာတို့နှင့် တွေ့ဆုံခဲ့သည်။ ထို့ပြင် အဲန်အယ်လ်ဒီပါတီမှ ပြောခွင့်ရပုဂ္ဂိုလ်ဦးလွင်၊ ဗဟိုကော်မတီဝင် ဦးညွန့်ဝေ၊( UWSA ) "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီမှ ဦးအောင်မြင့်၊ အပါအဝင် ကရင်ဒေသဖွံ့ဖြိုးရေးအဖွဲ့များနှင့်လည်း တွေ့ဆုံခဲ့သည်။ သူ၏ခရီးစဉ်အတွင်း ရှမ်းပြည်နယ်ရှိ ဘိန်းပပျောက်ရေးစီမံကိန်းဒေသများနှင့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မကွေးတိုင်းသို့လည်း သွားရောက်လေ့လာခဲ့သည်။



ကမ္ဘာ့စားနပ်ရိက္ခာအကြီးအကဲ ဂျိမ်းမောရစ်နှင့် မြန်မာကလေးငယ်များအား တွေ့ရစဉ်

ဩဂုတ်လ (၅) ရက် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မစ္စတာမောရစ်က "ကလေးငယ် (၃) ယောက်မှာ (၁) ယောက်နှုန်းက အချိန်အတော်ကြာက အာဟာရချို့တဲ့နေပြီး (၈) ရာခိုင်နှုန်းက ဆိုးဆိုးဝါးဝါး အာဟာရချို့တဲ့နေတယ်။ (၅) နှစ်အောက် ကလေးငယ် (၃) ယောက်မှာ (၁) ယောက်က ကိုယ်အလေးချိန်မပြည့်ဘူး။ ကျနော်တို့ အခုလေ့လာခဲ့တဲ့နေရာမှာ အာဟာရချို့တဲ့နေတဲ့ ခလေးငယ်တွေ (၆၀) ကနေ (၇၀) ရာခိုင်နှုန်းအထိရှိတယ်"ဟု သတင်းထောက်များအား ပြောကြားသည်။

ယခုလောက်များပြားသည့် ကလေးငယ်များအာဟာရပြတ်လပ်မှုဟာ တိုင်းပြည်၏အနာဂတ်ကို ဆိုးဆိုးဝါးဝါးခြိမ်းခြောက်နေကြောင်း၊ သဘာဝအရင်းအမြစ်သယံဇာတပေါများလှသည့်မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ဒုက္ခများကိုတွေ့နေရမှုသည် အစိုးရပေါ်လစီကြောင့်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် မဟုတ်ကြောင်း၊ မြန်မာပြည်တွင်ပင်ဝယ်ယူပြီး ပြည်တွင်းမှာပင် ဖြန့်ဖြူးသည့်ဆန်ကိုအစိုးရကို အခွန်ပေးနေရခြင်းမှာ မည်သို့မှ လက်ခံနိုင်စရာမရှိဘဲ ငတ်မွတ်နေကြသောကလေးငယ်များကို ကယ်တင်နိုင်ရန် ခက်ခဲကြပ်တည်းအောင်ပြုလုပ်ထားသော မူဝါဒများကိုပြုပြင်သင့်ကြောင်း မစ္စတာဂျိမ်းမောရစ်က ပြောသည်၊ (WFP) မှ အေအိုင်ဒီအက်စ်ရောဂါခံစားနေရသော မိသားစုများအား ဝေငှသည့် ပြည်တွင်းမှဆန်ကို နိုင်ငံခြားငွေဖြင့်ဝယ်ယူရပြီး စစ်အစိုးရက ထိုဆန်အတွက် ပို့ကုန်ခွန် ၁၀ ရာခိုင်နှုန်းကောက်ခံသည်။ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တနာရီကျော်ကြာတွေ့ဆုံစဉ် မစ္စတာမောရစ်ကမြန်မာပြည်တွင် ငတ်မွတ်ခေါင်းပါးမှုအခြေအနေသည် စိုးရိမ်ဖွယ်ရာကောင်းပြီး လက်သင့်ခံနိုင်ဖွယ်မရှိကြောင်းနှင့် ယင်းပြဿနာကို မဖြေရှင်းပါက တန်ဖိုးကြီးကြီးပေးရလိမ့်မည်ဟု မြန်မာစစ်ခေါင်းဆောင်များ သဘောပေါက်အောင်ကြိုးပမ်းခဲ့ပြီး ယခုကဲ့သို့ ဆိုးဆိုးဝါးဝါးအခြေအနေများ ပိုမိုကောင်းမွန်လာရန်မှာ စစ်အစိုးရအပေါ်တွင်သာမူတည်ကြောင်းပြောခဲ့သည်ဟု ဆိုသည်၊ (WFP) ၏ စီမံကိန်းများရှိသည့် ဒေသများမှာ "ဝ"နယ်ဘိန်းအစားထိုးသီးနှံစီမံကိန်း၊ မကွေးတိုင်းနှင့်ချင်းတောင်တန်းအကြားရှိ ဆင်းရဲမှုတိုက်ဖျက်ရေးစီမံကိန်း၊ ရခိုင်ပြည်နယ် မောင်းတောဒေသမှ ဒုက္ခသည်ကယ်ဆယ်ရေးစီမံကိန်းနှင့် ဧရာဝတီတိုင်း၊ လပွတ္တာဒေသမှ ဆူနာမီရေလှိုင်းဒဏ်သင့်ခံရသူများ ကယ်ဆယ်ရေးစီမံကိန်းများဖြစ်ပြီး လူဦးရေ (၇) သိန်းခွဲခန့်ကို ၎င်းတို့အဖွဲ့မှ အကူအညီပေးနေကြောင်း မစ္စတာမောရစ်က ပြောကြားခဲ့သည်။ မစ္စတာမောရစ်၏ (၄) ရက်ကြာ ခရီးစဉ်တွင် နိုင်ငံရေးကိစ္စများကိုပါ ဆွေးနွေးမည်ဟု အများက မျှော်လင့်သော်လည်း (WFP Project) တခုတည်းကိုသာ ဆွေးနွေးသွားခဲ့သည်။

(Altsean Burma) ကိုယ်စားလှယ် ဝက်ဘီစတိုဟက်က (WFP) မှ ပြဿနာကို အမှန် တကယ်ဖြေရှင်းလိုစိတ်ရှိသည်ဆိုပါက ယခုလို သတင်းစာရှင်းလင်းပွဲ ခေါ်ယူနေရုံဖြင့် မလုံလောက်ပဲ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တိုင်ကြားသင့်ကြောင်း သူမကဆိုသည်။

(WFP) သည် ၁၉၉၄ တွင် မြန်မာနိုင်ငံအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများကို အကူအညီပေးခြင်းဖြင့်စတင်ခဲ့ပြီး ၁၉၉၆ တွင် ကယ်ဆယ်ရေးလုပ်ငန်းများအပြင် (HIV/AIDS) ရောဂါရှင်များ သက်ကြီးရွယ်အိုဆင်းရဲသားများနှင့် မူလတန်းဆင့် ပညာသင်ကြားနေသည့် ကလေးငယ်များ ထောက်ပံ့ကူညီသည့် လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ခဲ့သည်။ ❖